ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ စနေနေ့ (4-5-2013) (၇၄၇၀)

ယနေ့ မာတိကာ

လူတိုင်း အသိကို သတိထားထိန်းသိမ်းကြပါစို့ — စာမျက်နှာ - ၂

ခပ်ယူသောက်သုံးနိုင်ပါစေ — စာမျက်နှာ - ၆

ရေနံရှာဖွေရေးကုမ္ပဏီများကြောင့် ဒေသခံများ ဒုက္ခရောက်နေ — စာမျက်နှာ - ၁၀

ယူရိုပါလီဂ်နောက်ဆုံးဗိုလ်လုပွဲ ချယ်လ်ဆီးနှင့်ဘင်ဖီကာ တွေ့ဆုံ — စာမျက်နှာ - ၁၃

ကမ္ဘာ့အဆင့်မီတက္ကသိုလ်များအဖြစ် တည်ဆောက် မြန်မာ့ပညာရေး မြင့်မားလာစေရေး ကြိုးပမ်းအားထုတ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီနှင့် တက္ကသိုလ်များဗဟိုကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ(၁/၂၀၁၃)အစည်းအဝေးနှင့် တက္ကသိုလ်များ ဗဟိုကောင်စီ(၁/၂၀၁၃) အစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမျိုးသားပညာရေးကော်မတီသည် မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ပညာရေးမူဝါဒများနှင့် ရည်မှန်းချက်များ ချမှတ်အဆုံးအဖြတ်ပေးမည့် တစ်ခုတည်းသော တာဝန်ခံအမြင့်ဆုံးအဖွဲ့အစည်းဖြစ်ကြောင်း၊ အမျိုးသားပညာရေးကော်မတီအနေဖြင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအတွက် တက္ကသိုလ်များဗဟိုကောင်စီနှင့် သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များအတွက် တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီတို့ကို ဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီများအနေဖြင့် မူဝါဒတစ်ခုအပေါ် အကောင်အထည်ဖော်နေကြရသည့် ပြည်ထောင်စုဝန်ကြီးဌာန ၁၃ ခု၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးရန်နှင့် တစ်ဦးတစ်ယောက်တည်း (သို့မဟုတ်) ဝန်ကြီးဌာနတစ်ခုတည်း ဆုံးဖြတ်သည့် ဗဟိုချုပ်ကိုင်မှုမျိုးမဟုတ်ဘဲ ဝန်ကြီးဌာနအချင်းချင်း အပြန်အလှန်ညှိနှိုင်းပေါင်းစပ်ပြီး တွေ့ကြုံရသည့် စိန်ခေါ်မှုအခက်အခဲများနှင့် အောင်မြင်မှုများကို အမြင်ချင်းဖလှယ်နိုင်ရန် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ဝန်ကြီးဌာန ကိုးခုမှ အမှာစာပေါင်း ၆၀ ကျော်ကို တင်သွင်းဆွေးနွေးကြ၍ ကြုံတွေ့ရမည့် စိန်ခေါ်မှုအခက်အခဲများကို **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမအထူးအစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်

ကြေညာချက်အမှတ်(၁/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်
(၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်
ပထမအထူးအစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်စွဲပါ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၃)ကို ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေကြေညာခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုချက်ရယူနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၃ နှင့် ပုဒ်မ ၂၁၂ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၆ နှင့် ပုဒ်မ ၅၂ တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမအထူးအစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် (၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက်)တနင်္လာနေ့ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
နာယက

မိုင်းပွန်မြို့မှ လွိုင်လင်မြို့အဝင် 'ဝ' တစ်လုံးတောင်အနီး လမ်းများကောင်းမွန်၍ မော်တော်ယာဉ်များ ဤသို့ မောင်းနှင်သွားလာနေကြစဉ်။

အာဆီယံလမ်းမ-၂ (AH2)၌ ပါဝင်သည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း

မြန်မာနိုင်ငံတွင် အာဆီယံအဝေးပြေးလမ်းမကြီးအဖြစ် သတ်မှတ်ထားသော လမ်းကြောင်း ခြောက်ခုရှိသည်။ ယင်း ခြောက်ခုကို ဦးစွာတင်ပြပါမည်။

(က) အာဆီယံလမ်းမ-၁ (AH1) မြဝတီမှစ၍ တမူးအထိ ၁၆၆၅ ကီလိုမီတာရှိသည်။ (ခ) အာဆီယံလမ်းမ-၂ (AH2) တာချီလိတ်မြို့မှ ကျိုင်းတုံ-တောင်ကြီး-မိတ္ထီလာမြို့အထိ ၈၀၇ ကီလိုမီတာ၊ ထိုမှတစ်ဆင့် တမူးမြို့အထိရှိသည်။ (ဂ)အာဆီယံလမ်းမ-၃ (AH3) ကျိုင်းတုံမှ-မိုင်းလား ၉၃ ကီလိုမီတာရှိသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ငွေအောင်(ကြေးမုံ)
နိုင်ထွန်း(TGI)

ကျောင်းမနေသေးသော ငါးနှစ်အရွယ်ကလေး သတင်းစာများ ကောင်းစွာဖတ်နေ

တောင်ငူ မေ ၃

စာသင်ကြားပေးခြင်း မရှိသေးသော ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးက သတင်းစာနှင့် အခြားသောစာများကို ကောင်းစွာဖတ်ပြနေ၍ မြင်တွေ့ရသူတိုင်း အံ့ဩလျက်ရှိကြောင်း သိရသည်။

မောင်စိုင်းနေတိုးသည် ယခုလက်ရှိ တောင်ကြီးမြို့တွင် နေထိုင်ပြီး ဧပြီ ၂၈ ရက် ညနေပိုင်းက တောင်ငူမြို့နယ် ကေတုမတီမြို့သစ်သို့ မိသားစုနှင့်အတူ အလည်ရောက်ရှိစဉ် အဆိုပါ ထူးထူးခြားခြားဖြစ်စဉ်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရခြင်းဖြစ်သည်။ "သူလေးနှစ်သားအရွယ်က တောင်ကြီးမှာ အပြင်ထွက်တော့ ဆိုင်းဘုတ်တစ်ခုကို ဖတ်တယ်၊ "ရောင်နီဦးအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး" ဆိုပြီး သူဖတ်တယ်၊ ကိုယ်ကသူပြောသံကြားတာနဲ့ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ◯**

ကြေးမုံ စာတည်းရှုထောင့် ၄-၅-၂၀၁၃၊ (စနေနေ့)

ဆက်လက်စည်းရုံးစွမ်းဆောင်

ဒီမိုကရေစီနိုင်ငံရေးစနစ်၏ အသက်ဝိညာဉ်သည် တရားဥပဒေစိုးမိုးရေးဖြစ်သည်။ တရားဥပဒေစိုးမိုးမှ တည်ငြိမ်အေးချမ်းမည်။ တည်ငြိမ်အေးချမ်းမှ လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်ဟု နိုင်ငံတော်သမ္မတကြီးက မိန့်ကြားထားသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ မြန်မာပြည်တစ်ခွင် များပြားလှသည်ကို မကြာသေးမီကကျင်းပသည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုပေးအပ်ချီးမြှင့်ပွဲတွင် တွေ့ရှိလိုက်ရပေသည်။

ထိုပုဂ္ဂိုလ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ကြသည့် စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ ဖြစ်ကြပေသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ထုတ်လုပ်သူ တောင်သူလယ်သမားအဆင့်မှ လုပ်ငန်းရှင်များအဆင့်အထိ စွမ်းဆောင်ရှင်များ၊ အသေးစား အလတ်စား စီးပွားရေးလုပ်ကိုင်သူများမှ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ၊ အခွန်ပေးဆောင်မှု တာဝန်အကျေဆုံးလုပ်ငန်းရှင်များ၊ အများပြည်သူအတွက် သက်စွန့်ကြိုးပမ်းစွမ်းဆောင်ကြသူများ၊ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ စသည်ဖြင့် အံ့မခန်းဖွယ်ရာ ထင်ရှားသည့် နိုင်ငံသားများကို တွေ့ရပေသည်။

ယင်းနေ့က ချီးမြှင့်ခဲ့သည့် ပုဂ္ဂိုလ်များအပြင် မချီးမြှင့်ရသေးသည့် ပုဂ္ဂိုလ်များလည်း အမြောက်အမြားရှိမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကြီးက ဤမျှများပြားလှသော နိုင်ငံနှင့်ပြည်သူအကျိုးအတွက် စွမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များ၏စွမ်းပကားကို ဂုဏ်ယူဝမ်းမြောက်ပြီး ကျေနပ်အားရမှုရှိလှသောကြောင့် ဆုချီးမြှင့်သည့်နေ့၏ နိဂုံးချုပ်မိန့်ခွန်းတွင် "ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြပါစို့"ဟု ပြောကြားခဲ့ပေသည်။

ယင်းနေ့အခမ်းအနား၌ ထူးခြားသည့်အစီအစဉ်တစ်ရပ်မှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသော ဘာသာပေါင်းစုံအဖွဲ့အစည်းအပါအဝင် ဘာသာရေးအတွက်သာမက လူမှုရေးအတွက်ပါ အားသွန်ခွန်စိုက် မနားမနေကြိုးပမ်းဆောင်ရွက်ကြသည့် ရဟန်းသံဃာများ၊ ဆင်းရဲနွမ်းပါးသူများနှင့်ကိုယ်လက်အင်္ဂါချို့တဲ့သူများကို စောင့်ရှောက် ကူညီပေးနေသည့် ရဟန်းသံဃာနှင့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများကိုလည်း ချီးမြှင့်ဂုဏ်ပြုခဲ့ပေသည်။

အသွင်မတူ အယူဝါဒကွဲသည့် လူအမျိုးမျိုးတို့နှင့်အတူလက်တွဲ၍ လူမှုဘဝများကိုငြိမ်းချမ်းစွာတည်ဆောက်ကြရာ၌ အဆိုပါ ဘာသာပေါင်းစုံအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ပေသည်။

ပြည်သူလူထုဗဟိုပြု မူဝါဒလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်းရှိနိုင်ငံသားအားလုံး အတူတကွ ညီညွတ်စွာဖြင့် လက်တွဲပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

အယူစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲဖြင့် ဆောင်ရွက်နေကြမည်ဆိုပါက နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ပြင်းပြင်း ဆောင်ရွက်နိုင်ခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းရေးကိုသာ အလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။

တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နိုင်မည်ဖြစ်၍ တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြပြီး ယခုစံပြအနေဖြင့် ဂုဏ်ပြုချီးမြှင့်ခံရသည့် နိုင်ငံ့စွမ်းဆောင်ရှင်များကမိမိတို့နယ်ပယ်အလိုက် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆက်လက်စည်းရုံးစွမ်းဆောင်သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

မြန်မာ-လက်ဘနွန် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးဆွေးနွေး

နေပြည်တော် မေ ၃

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား လက်ဘနွန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် မစ္စတာ အီလိုင်းဒီဘာဟီသည် ယမန်နေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနှင့်လက်ဘနွန် နှစ်နိုင်ငံကြား ဆက်ဆံရေးကိစ္စများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)



သင့်စီးပွားရေး တိုးတက်အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

လူတိုင်း အသိကို သတိထားထိန်းသိမ်းကြပါစို့

ရန်ကုန် မေ ၃

ကမ္ဘာလှည့်နိုင်ငံခြားသား ခရီးသွားများသည် မေ ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေကားဂိတ်တွင် လှည့်လည်ပြီး သတင်းမှတ်တမ်း ဓာတ်ပုံများကို မိနစ် ၂၀ ခန့်ကြာသည်အထိ ရိုက်ကူးသွားကြသည်။ ကားဂိတ်တွင်ရှိနေကြသော ဈေးသည်များ၊ ကလေးငယ်များ၊ ခရီးသွားများ၊ မော်တော်ယာဉ်များ၊ ကားပေါ် အတက်အဆင်းခရီးသည်များ၊ သတ်မှတ်ဝတ်စုံကို စနစ်တကျ ဝတ်ဆင်မထားကြသည့် မောင်း/ရောင်းများ၏ ဖြစ်ပျက်လေ့ရှိသော ပျော့ကွက်၊ ဟာကွက်များကို အမိအရ ရိုက်သွားကြသည်။**(ယာပုံ)**

ဆူးလေဇာတ်ခုံ မြင်ကွင်းအဖုံဖုံတို့သည် မိနစ်ပိုင်းအတွင်း သတင်းမီဒီယာများမှတစ်ဆင့် ကမ္ဘာအနှံ့အပြားသို့ ရောက်ရှိသွားနိုင်သည်ဖြစ်၍ မိဘပြည်သူများ စည်းကမ်းတကျရှိစေရန် လူတိုင်းအတွက် သတိထားစရာဖြစ်လာသည်။ ရန်ကုန်မြို့တော်၏ ကားမှတ်တိုင်များတွင် ဆူးလေကားမှတ်တိုင်သည် အထင်ကရမှတ်တိုင်တစ်ခုဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရန် အချိန်နှင့်တစ်ပြေးညီ သန့်ရှင်းသာယာလှပအောင် စီမံဆောင်ရွက်ပေးနေသော်လည်း ဈေးသည်များ၊ ခရီးသွားပြည်သူများ စည်းကမ်းလိုက်နာမှု အားနည်းနေခြင်းတို့ကြောင့် အရာမထင်ဖြစ်နေရသည်။

ခရီးသွား မိဘပြည်သူတချို့ ဆူးလေကားဂိတ်ကို ရန်ကုန်မြို့၏ ပြုပြင်ဖွယ်ရာ ကိစ္စရပ်များထဲက တစ်ခုအဖြစ် အလေးထားရန် ပြောဆိုသံများကို ကြားသိနေရသည်။

(၇၀၁)

ဖုန်းခေါ်သူဘက်မှ ကြားရမည့် သီချင်းသံဝန်ဆောင်မှု ၁၅၀၀ တန်ဖုန်းများ၌ အသုံးပြုနိုင်

ရန်ကုန် မေ ၃

ဖုန်းခေါ်ဆိုသူဘက်မှ စောင့်ဆိုင်းနေစဉ်အတွင်းတွင် ကြားရမည့် သီချင်းသံဝန်ဆောင်မှုကို ကျပ် ၁၅၀၀ တန် CDMA-800 MHz 3G ဖုန်းများ၌ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုဝန်ဆောင်မှုတွင် မြန်မာသီချင်း၊ အင်္ဂလိပ်သီချင်း၊ တိုင်းရင်းသားသီချင်းများသုံးစွဲနိုင်ပြီး ထိုတေးသီချင်းများ သုံးစွဲနိုင်ရန် မိုဘိုင်းဖုန်းအသုံးပြုသူဘက်မှ လစဉ်ဝန်ဆောင်ခ ငွေကျပ် ၂၀၀၀ ကုန်ကျမည်ဖြစ်ပြီး တေးသီချင်းတစ်ပုဒ်လျှင် ငွေကျပ် ၃၀၀ ကုန်ကျမည်ဟု သိရသည်။ ထိုဝန်ဆောင်မှုကို www.myhello music.com.mm တွင် ဖော်ပြထားပြီး Call Center ဖုန်း ၁၂၁၂ သို့ ခေါ်ဆိုမေးမြန်းနိုင်ကြောင်း သိရသည်။

ထက်ခိုင် (စမ်းချောင်း)

ပြည်တွင်းရေးရာ

☆ ကမ္ဘာ့အဆင့်မီတက္ကသိုလ်များမှ

ကျော်လွှားသွားရန် နည်းလမ်းရှာဖွေရမည့်အပြင် ပညာရေးကဏ္ဍအဆင့်မြင့်တင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် နည်းလမ်းများကို တက်ရောက်လာကြသူများ၏ အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး ဆွေးနွေးအကြံပြုအမြင်ချင်းဖလှယ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပညာရေးအဆင့်အတန်းကို အာဆီယံနှင့် ကမ္ဘာ့အဆင့်မီအောင် လက်တွေ့မြင့်တင်ပေးရန် တာဝန်အရှိဆုံးပုဂ္ဂိုလ်များကလည်း ယခုအစည်းအဝေးကြီးတွင် အကျိုးရှိရှိအသုံးချ ဆွေးနွေးညှိနှိုင်းတိုင်ပင်ရန်လိုကြောင်း။

မြန်မာပညာရေးအဆင့်အတန်းမြှင့်တင်နိုင်ရေးအတွက် အဆင့်မြင့်ပညာနှင့် အခြေခံပညာကဏ္ဍနှစ်ရပ်စလုံးတွင် ပြုပြင်ပြောင်းလဲရေးရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာကဏ္ဍတွင် အခမဲ့မသင်မနေရ မူလတန်းပညာရေး၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများထောက်ပံ့ပေးရေး၊ အခြေခံပညာစာသင်နှစ် တစ်နှစ်တိုးမြှင့်သင်ကြားရေးနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများ ပိုမိုဖွင့်လှစ်နိုင်ရေးတို့ကို တိုးမြှင့်အားပေးသွားကြရန်နှင့် အခြေခံတိုင်းရင်းသားစာပေများကိုလည်း ကျောင်းချိန်ပြင်ပသင်ကြားရေးမှစ၍ တစ်ဆင့်ပြီးတစ်ဆင့် ကျောင်းချိန်အတွင်း သင်ကြားနိုင်ရေးရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတွင် အာဆီယံနှင့် ကမ္ဘာ့အဆင့်မီပညာရေးစနစ်ဖော်ဆောင်နိုင်ရန်အတွက် ဘွဲ့ကြို၊ ဘွဲ့လွန်ပညာသင်နှစ် တစ်နှစ်တိုးမြှင့်သင်ကြားရေး၊ ကိုယ်ပိုင်တက္ကသိုလ်ဥပဒေပြဋ္ဌာန်းပြီး ပုဂ္ဂလိကတက္ကသိုလ် အခန်းကဏ္ဍအားပေးနိုင်ရေး၊ လွတ်လပ်သော စီမံခန့်ခွဲမှုဖော်ဆောင်ပြီး တက္ကသိုလ်ရုပ်ပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်ရေး၊ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးစနစ်ပြင်ဆင်ရေး၊ အင်္ဂလိပ်ဘာသာရပ် တိုးမြှင့်သင်ကြားရေးနှင့် စက်မှုသက်မွေးပညာကဏ္ဍတိုးမြှင့်အားပေးရေးစသည့် ရှေ့လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၏ တက္ကသိုလ်များသည် ကမ္ဘာ့အဆင့်မီ တက္ကသိုလ်များအဖြစ် တည်ဆောက်ကာ မြန်မာ့ပညာရေးကဏ္ဍမြင့်မားလာစေရေးအတွက် ကြိုးပမ်းအားထုတ်သွားကြရန်လိုအပ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်များပညာရေးအဖွဲ့များကောင်စီနှင့် တက္ကသိုလ်များဗဟိုကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အခြေခံပညာအဆင့်ဘက်စုံထူးချွန်စီမံကိန်းကို ပြန်လည်စတင်နိုင်ခဲ့သည့်အပြင် လာမည့်ပညာသင်နှစ်တွင် အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်ဘက်စုံထူးချွန်စီမံကိန်းကို စတင်တော့မည်ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်ထိ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများကို လုပ်အားပေးတက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၉၈၅ ဦးနှင့် ဒေသခံလုပ်အားပေးဆရာများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစပြီး အဆင့်မြင့်ပညာကဏ္ဍရှိ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များ၏ ပထမနှစ်သင်တန်း အထူးပြုဘာသာရပ်တစ်ခုစီ၌ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အထူးချွန်ဆုံးကျောင်းသား ၁၅ ဦးရွေးချယ်ပြီး ပါရဂူဘွဲ့ရသည်အထိ ဘာသာရပ်အလိုက် အထူးလေ့ကျင့်ပြုစုပျိုးထောင်ပေးမည့်အစီအစဉ်ကို ယခုကျင်းပသည့်အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးအတည်ပြုသွားမည်ဖြစ်ကြောင်းဖြင့် လုပ်ငန်းပိုင်းဆိုင်ရာဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ(၁/၂၀၁၃)အစည်းအဝေးကို ဆက်လက်ကျင်းပရာ ကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ကောင်စီဝင်များ တက်ရောက်ကြပြီး ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ တက္ကသိုလ်များဗဟိုကောင်စီ(၁/၂၀၁၃)အစည်းအဝေးကို မေ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယနေ့ကျင်းပသည့်အခမ်းအနားသို့ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကော်မတီနှင့် ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီ (၁/၂၀၁၃) အစည်းအဝေးနှင့် တက္ကသိုလ်များ ဗဟိုကောင်စီ(၁/၂၀၁၃)အစည်းအဝေးသို့ တက်ရောက်သူများကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော်လွှတ်တော်ရုံးသို့ လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် မေ ၃

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမအထူးအစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ မေ ၂၀ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရုံးအမှတ်(၂၀) လွှတ်တော်ရုံးသို့ မေ ၁၈ ရက်ထက်မစော ၁၉ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့်ကိုယ်စားလှယ် အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန် ပန်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

○ ကျောင်းမနေသေးသောမှ

ရွတ်တယ်အောက်မေ့နေတာ၊ အိမ်ရောက်တော့ အထဲကိုပြေးဝင်သွားတယ်၊ "ကပ်ထားတဲ့မြေပုံကို ထောက်ပြီး ဒါက ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ် ဆိုပြီး ထောက်ပြတော့ အံ့သြသွားတာပေါ့၊ စာဆိုတစ်လုံးမှ သင်ပေးထားတာ မဟုတ်သေးဘူး" ဟု ဖခင်ဖြစ်သူ ဗိုလ်မှူး မျိုးဇော်ဦးက ပြောပြသည်။ ထိုအချိန်တွင် မောင်စိုင်းနေတိုးက နေ့စဉ်ထုတ် သတင်းစာမျက်နှာဖုံးတွင် ပါသည့်စာသားများအား အမှားအယွင်းမရှိ ဖတ်ပြနေသဖြင့် **(အပေါ်ပုံ)** လာရောက်ကြည့်ရှုသူအားလုံး အံ့သြလျက်ရှိကြောင်း တွေ့ခဲ့ရသည်။

(၅၇၈)

ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

"ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"
"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား"

၁။ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာလာရှာ၍ ငါးရစ်တက်ကြပါသည်။

၂။ ထိုငါးရစ်ငါးကြီးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကြကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံးငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

၃။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၂/၉၂ ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

၄။ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများလွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၄-၅-၂၀၁၃ (စနေနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၅	"ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနား ရခိုင်ပြည်နယ် ထိန်းသိမ်းစောင့်ရှောက်ရေး ဝေယျာဝစ္စအဖွဲ့"
၁၁း၃၅	ချစ်စရာ့အရွယ်ကစားကြမယ်
၁း၀၀	ဖျော်/မည်းရုပ်ရှင် "နှမငယ်ထွေး ငယ်ပါသေး" (လင်းထင်၊ ဆွေဇင်ထိုက်၊ အေးအေးသင်း) (ဒါရိုက်တာ-ရှုမဝမောင်ဆွေမြင့်)
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ဂီတတံခါးလေးဖွင့်ပါဦး





ဝန်ကြီးချုပ်ဟောင်းဘူတို လုပ်ကြံခံရမှုတွင် အစိုးရရှေ့နေအဖြစ်ဆောင်ရွက်သူ ပစ်သတ်ခံရ

အစ္စလမ္မာဘတ် မေ ၃

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနေဇီယာဘူတို လုပ်ကြံသတ်ဖြတ်ခံရမှုတွင် အစိုးရရှေ့နေတစ်ဦးအဖြစ် လိုက်ပါဆောင်ရွက်နေသူတစ်ဦးကို သေနတ်သမားများက တိုက်ခိုက်ခဲ့ရာ ၎င်းမှာသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က မေ ၃ ရက်တွင် ပြောကြားသည်။

ဘနေဇီယာဘူတို၏အမှုတွင် လိုက်ပါဆောင်ရွက်နေသူ ချောင်ဒရီဇူလ်ဖီကာသည် မေ ၃ ရက်က မြို့တော် အစ္စလမ္မာဘတ်ရှိ တရားရုံးသို့ မော်တော်ကားဖြင့်သွားနေစဉ် သေနတ်ဖြင့်ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၂၀၀၇ ခုနှစ်က ဝန်ကြီးချုပ်ဟောင်း ဘနေဇီယာဘူတို လုပ်ကြံသတ်ဖြတ်ခံရမှုနှင့် ၂၀၀၈ ခုနှစ် မွမ်ဘိုင်းမြို့၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပတ်သက်၍ တရားဥပဒေကြောင်းအရ စစ်ဆေးမှုများပြုလုပ်ရာတွင် အစိုးရရှေ့နေအဖြစ် ဆောင်ရွက်သူ ချောင်ဒရီသည် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။

ချောင်ဒရီသည် ကားမောင်းနေချိန်အတွင်း သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ၎င်း၏ကားကို ထိန်းချုပ်နိုင်ခြင်းမရှိတော့ဘဲ အနီးအပါးမှ ဖြတ်သန်းသွားလာသူ အမျိုးသမီးကို ဝင်ရောက်တိုက်မိခဲ့ကြောင်း၊ သေနတ်ဒဏ်ရာများရရှိခဲ့သူ ချောင်ဒရီအား ဆေးရုံသို့ တင်ပို့ပေးခဲ့သော်လည်း သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေနတ်သမားများသည် ချောင်ဒရီအား ပစ်ခတ်ခဲ့ပြီးနောက် မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ထွက်ပြေးလွတ်မြောက်သွားခဲ့ကြသည်။ **အေအက်ဖ်ပီ။**

သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် အစိုးရရှေ့နေ ချောင်ဒရီမောင်းနှင်ခဲ့သော မော်တော်ကားကို ရဲတပ်ဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးနေစဉ်။

မိုင်းရှာကိရိယာအတုရောင်းသော ဗြိတိန်နိုင်ငံသား ထောင် ၁၀နှစ်ကျ

လန်ဒန် မေ ၃

ဗြိတိန်နိုင်ငံသား နာမည်ကျော်လူလိမ် မက်ကောမစ်ကို မိုင်းရှာကိရိယာအတုများရောင်းချမှုအတွက် ထောင် ၁၀နှစ်ကျခံစေရန် အမိန့်ချမှတ်ကြောင်း ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက်(၅၆)နှစ်ရှိပြီဖြစ်သော မက်ကောမစ်သည် လွန်ခဲ့သည့်လ၌ လိမ်လည်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံက မိုင်းရှာကိရိယာများကို ပေါင် ၂၆ ဒသမ ၂သန်းအကုန်အကျခံကာ ဝယ်ယူခဲ့သည်။

အီရတ်တပ်ဖွဲ့ဝင်များသည် ၎င်းကိရိယာများဖြင့် စစ်ဆေးရေးစခန်းများ၌ ဗုံးရှာသည့်အခါ ဗုံးများရှိနေသည်ကို အချက်မပြသဖြင့် အန္တရာယ်ကင်းသည်ဟု ယုံကြည်ရသောကြောင့် အီရတ်နိုင်ငံသားအများအပြား သေဆုံးခဲ့ရသည်ဟု အစိုးရရှေ့နေများက ပြောသည်။ **ဘီဘီစီ။**

ကေဆောင်စက်မှုဇုန်မှ ထွက်ခွာနိုင်ရန် တောင်ကိုရီးယားကုမ္ပဏီဝန်ထမ်းများ ပြင်ဆင်လျက်ရှိကြစဉ်။

ကေဆောင်စက်မှုဇုန် ပိတ်ထားမှုကြောင့် ထိခိုက်သော တောင်ကိုရီးယားကုမ္ပဏီများကို ကူညီမည်

ဆိုးလ် မေ ၃

တောင်မြောက်ကိုရီးယားနယ်စပ်ဒေသရှိ ကေဆောင်စက်မှုဇုန်ကို ပိတ်ထားမှုကြောင့် ထိခိုက်နစ်နာခဲ့ရသော မိမိတို့၏ကုမ္ပဏီများအတွက် ချေးငွေဝမ်ဘီလီယံ ၇၀၀ (ဒေါ်လာ ၆၃၆ဒသမ ၅သန်း)အထိထုတ်ချေးပေးရန် အစီအစဉ်တစ်ရပ် ရေးဆွဲထားကြောင်း တောင်ကိုရီးယားအစိုးရတာဝန်ရှိသူများက မေ ၃ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံရှိ ဘဏ်များ၊ အာမခံလုပ်ငန်းကုမ္ပဏီများ၊ ငွေစုဘဏ်များ၊ အကြွေးဝယ်ခွင့်ကတ်ပြားဝန်ဆောင်မှုကုမ္ပဏီများနှင့် အခြားသောဘဏ္ဍာရေးအဖွဲ့အစည်းများ စုပေါင်း၍ ကာလတိုအရေးပေါ်ချေးငွေရန်ပုံငွေတစ်ရပ်ကို ထူထောင်လိုက်ကြောင်း ယွန်ဟပ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ကိုရီးယားနှစ်နိုင်ငံ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ပြယုဂ်အဖြစ် ထူထောင်ခဲ့သော ကေဆောင်စက်မှုဇုန်၌ လုပ်ကိုင်ခဲ့ကြသော တောင်ကိုရီးယားကုမ္ပဏီ ၁၂၃ခုအနက် မည်သည့်ကုမ္ပဏီကမဆို ငွေကြေးပြတ်လပ်သည့်ပြဿနာနှင့် ရင်ဆိုင်ရပါက အဆိုပါရန်ပုံငွေမှ ငွေချေးယူနိုင်မည်ဖြစ်သည်။

ကေဆောင်စက်မှုဇုန်၏ လုပ်ငန်းများကို မြောက်ကိုရီးယားနိုင်ငံက ဧပြီလဆန်းမှစ၍ ရပ်ဆိုင်းထားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် စစ်ရေးအရခြိမ်းခြောက်မှုများကို ပြုလုပ်ခဲ့ပြီးနောက် အဆိုပါစက်မှုဇုန်မှ အလုပ်သမား ၅၃၀၀၀ ကို ပြန်လည်ခေါ်ယူခဲ့ပြီး တောင်ကိုရီးယားကိုယ်စားလှယ်များကိုလည်း စက်မှုဇုန်အတွင်းသို့ ဝင်ရောက်ခွင့် ပိတ်ပင်ခဲ့သည်။ **ယွန်ဟပ်။**

ဆီးရီးယားသူပုန်များကို လက်နက်ထောက်ပံ့ရန် အမေရိကန် စဉ်းစားလျက်ရှိ

ဝါရှင်တန် မေ ၃

အမေရိကန် ကာကွယ်ရေးဝန်ကြီး ချော့ဗ်ဟာဂီးလ်က ၎င်း၏အစိုးရသည် ဆီးရီးယားသူပုန်များကို လက်နက်ထောက်ပံ့ရေးကိစ္စအား ဆက်လက်ငြင်းပယ်တော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟု သောကြာနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက သူပုန်တပ်ဖွဲ့များကို လက်နက်ထောက်ပံ့ရန် စဉ်းစားလျက်ရှိကြောင်း ထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ယခုကဲ့သို့ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ယမန်နှစ်က အလားတူအဆိုပြုချက်ကို ငြင်းပယ်ခဲ့သည့် သမ္မတဘားရက်အိုဘားမားက အမေရိကန်ပြည်ထောင်စုသည် ရွေးချယ်နိုင်သောနည်းလမ်းများကို စိစစ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ဆီးရီးယားနိုင်ငံ ဘာနီယာမြို့အနီး၌ ဆီးရီးယားအစိုးရတပ်ဖွဲ့များက သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ကြောင်း စွပ်စွဲချက်များ ပေါ်ထွက်လျက်ရှိသည်။ **ဘီဘီစီ။**

ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

ညစ်ညမ်းပုံနှင့် မဂ္ဂဇင်းဆောင်းပါးများဖော်ပြသည့် တရုတ်ဝက်ဘ်ဆိုက် ၉၁ ခု ပိတ်ပင်ခံရ

တရုတ်နိုင်ငံ၏ ပြည်နယ် ၁၇ ခုအတွင်း ထုတ်လွှင့်တင်ပြထားသည့် ဝက်ဘ်ဆိုက် ၉၁ ခုတွင် ညစ်ညမ်းပုံများပါဝင်သော မဂ္ဂဇင်းဆောင်းပါးများနှင့် ကာတွန်းရုပ်ပုံများ ထုတ်ဖော်တင်ဆက်နေသည်ကို စစ်ဆေးတွေ့ရှိရပြီးနောက် အဆိုပါဝက်ဘ်ဆိုက် ၉၁ ခုအား ယင်းသို့ဆက်လက်ဖော်ပြခြင်းမပြုရန် တားမြစ်ပိတ်ပင်ခဲ့ရကြောင်း တရုတ်နိုင်ငံ၌ လိင်ပိုင်းဆိုင်ရာနှိုးဆွမှုကို အားပေးသော ရုပ်ပုံများနှင့် အငြင်းပွားဖွယ်အရေးအသားများ ဆန့်ကျင်ရေးရုံးက မေ ၃ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါရုံးသည် မိုဘိုင်းဖုန်းကွန်ရက်၊ အွန်လိုင်းမီဒီယာပလေယာများနှင့် ဂိမ်းကြော်ငြာများတွင် ညစ်ညမ်းရုပ်ပုံများ အသုံးပြုခြင်းကို ယခုနှစ်မတ်လမှစ၍ တားမြစ်ပိတ်ပင်မှုလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

စစ်ရေးစွမ်းပကားမြှင့်တင်ရေးဆိုင်ရာ သဘောတူစာချုပ် နယူးဇီလန်နှင့် တွန်ဂါချုပ်ဆို

နယူးဇီလန်နိုင်ငံနှင့် တောင်ပစိဖိတ်ကျွန်းစုနိုင်ငံ တွန်ဂါတို့သည် စစ်ရေးစွမ်းပကားမြှင့်တင်ရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို မေ ၂ ရက်က ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် နယူးဇီလန်စစ်သည်များမှာ တွန်ဂါနိုင်ငံအတွင်းသို့ ယာယီလွတ်လပ်သွားလာနေထိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ တွန်ဂါဝန်ကြီးချုပ် လော့ဒ်တူဗာကာနို နှင့် နယူးဇီလန်ကာကွယ်ရေးဝန်ကြီး ဂျိုနသန်ကိုးလ်မန်းတို့သည် ယင်းသဘောတူစာချုပ်ကို တွန်ဂါနိုင်ငံ၌ ချုပ်ဆိုခဲ့ကြခြင်း ဖြစ်ပြီး ရည်ရွယ်ချက်မှာ တွန်ဂါကာကွယ်ရေးတပ်မတော် (TDS) နှင့် နယူးဇီလန်ကာကွယ်ရေး အင်အားစုတပ်ဖွဲ့ (NZDF)တို့အကြား စစ်ဘက်ဆိုင်ရာ ယုံကြည်မှုတစ်ရပ် တည်ဆောက်ရန်ဖြစ်ကြောင်း သိရသည်။

အမေရိကန်၌ မင်္ဂလာပွဲတက်ကုန်ကျစရိတ် ဒေါ်လာ ၅၃၉ ထိမြင့်တက်လာ

အမေရိကန်နိုင်ငံတစ်ဝန်း၌ မင်္ဂလာပွဲတစ်ပွဲတက်ရောက်ရန်အတွက် အသုံးပြုရသည့် ကုန်ကျစရိတ်မှာ ယခင်ကာလများထက် ပိုမိုမြင့်တက်လာလျက်ရှိပြီး နောက်ဆုံးလေ့လာခဲ့သော လေ့လာတွေ့ရှိချက်တစ်ခုအရ အမေရိကန်ဒေါ်လာ ၅၃၉ ဒေါ်လာ အထိမြင့်တက်လာကြောင်း သိရသည်။ ယခုနှစ်အတွင်း မင်္ဂလာပွဲတစ်ပွဲတက်ရောက်သည့် ကုန်ကျစရိတ်မှာ ယခင်နှစ်ကထက် ၅၉ ရာခိုင်နှုန်း ပိုမိုကုန်ကျလာပြီး မင်္ဂလာခန်းမသို့ သွားရသည့်စရိတ်၊ ဝတ်ဆင်ရန် အဝတ်အစားနှင့် လက်ဖွဲ့ပစ္စည်းဝယ်ယူရမှုစရိတ်တို့ အဓိကအားဖြင့် မြင့်တက်လာခဲ့ကြောင်း၊ ယမန်နှစ်က မင်္ဂလာပွဲတစ်ပွဲ တက်ရောက်ရန် သုံးစွဲခဲ့ရသည့် ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ ၃၂၉ ဒေါ်လာခန့်သာဖြစ်ကြောင်း အဆိုပါလေ့လာချက်အသစ်၏ အဆိုအရ သိရသည်။

စီးကရက်ထုပ်ပိုးမှုဆိုင်ရာ စည်းမျဉ်းဥပဒေ ဗြိတိန်ဝန်ကြီးချုပ် ထုတ်ပြန်မည်

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ၎င်းအနေဖြင့် စီးကရက်ထုတ်လုပ်သည့်ကုမ္ပဏီများအား စီးကရက်ဘူးများ၏ ထုပ်ပိုးမှုပုံစံတစ်သမတ်တည်း လုပ်ဆောင်ရန် တွန်းအားပေးမည့် စည်းမျဉ်းဥပဒေတစ်ရပ်ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် ဆယ်ကျော်သက်များ ဆေးလိပ်သောက်သုံးလာစေရန် လှုံ့ဆော်နေမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ သို့သော် ယင်းသို့ပြုလုပ်ပါက ထုပ်ပိုးမှုဝန်ဆောင်ပေးနေသည့်စက်ရုံများအတွက် ထိခိုက်နစ်နာမှုဖြစ်ပေါ်စေနိုင်ပြီး အစိုးရနေဖြင့် ယင်းစက်ရုံများမှ ရရှိနေသည့် အခွန်ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံဆုံးရှုံးနိုင်ကြောင်း ကျွမ်းကျင်သူအချို့က သုံးသပ်နေကြသည်။

ဟိန်းထက်လင်း - စုစည်းရေးသားသည်

မိုးမကျမီ ဒုက္ခသည်များအားလုံး အမိုးအကာအောက်ရောက်ရန်လိုအပ်

နေပြည်တော် မေ ၃

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီအကြို လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂ ရက်ညနေ ၄ နာရီခွဲတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ကွင်းဆင်းဆောင်ရွက်ရေး၊ ပြန်လည်နေရာချထားရေးကိစ္စများအား ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း လုပ်ငန်းကော်မတီများကို အထောက်အကူပြုနိုင်ရန် ပြည်နယ်အဆင့် ကော်မတီများအားထပ်ဆင့်ဖွဲ့စည်းတာဝန်ပေးအပ်ထားပါကြောင်း၊ အရေးကြီးဆုံးမှာ ဒုက္ခသည်များအားလုံး မိုးမကျမီ အမိုးအကာအောက်ရောက်ရန် လိုအပ်ပါကြောင်း၊ စစ်တွေမြို့တွင် စခန်းတွဲတဲတန်းလျားများအား ကုမ္ပဏီများကို တာဝန်ပေး၍ ဆောက်လုပ်နေဆဲဖြစ်ပါကြောင်း၊ ကျန်မြို့နယ်များအတွက်လည်း ဆောင်ရွက်သွားရန် ပြင်ဆင်ထားပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်များကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများနှင့် အခြားဆောင်ရွက်ရမည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိုးမကျမီ တဲတန်းလျားများ ဆောက်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှု ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒုက္ခသည်များ မိုးမကျမီ လုံခြုံသည့်အမိုးအကာအောက် ရောက်ရှိရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ နိုင်ငံတကာအမြင်နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာစေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ လုပ်ငန်းတာဝန်များကို ကော်မတီဝင်များမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်ပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှေကယာယီကျောင်းများနှင့် အမြဲတမ်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ ဆရာ၊ ကျောင်းသားအချိုးနှင့်အညီ ဆရာ ဆရာမများ ခန့်ထားနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးဇူးပါကြေးမုံသတင်းစာနှင့် ပြုပြင်ပြောင်းလဲပေးခဲ့သော စည်ပင်သာယာ

လားရှိုး မေ ၃

ဧပြီ ၂၈ ရက်တွင် နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာဖြစ်သည့် ကြေးမုံသတင်းစာတွင် ဖော်ပြပေးခဲ့သည့် လားရှိုးမြို့ မြို့မဈေးအနီး ယာဉ်ကြောပိတ်ဆို့နေမှုနှင့် လမ်းဘေးဈေးသည်များ သတ်မှတ်ထားသောဆိုင်နေရာထက် ပိုမိုနေရာယူရောင်းချနေမှုများသတင်းကို အပြုသဘောဖြင့်ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းဖော်ပြပြီးသည့် နောက်ရက်မှစတင်ကာ အဓိကတာဝန်ရှိအဖွဲ့အစည်းများဖြစ်သော မြို့နယ်စည်ပင်သာယာရေးနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဆိုင်ကယ်ရပ်နားစရာနေရာများကို ပြန်လည်ပြုပြင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ လမ်းဘေးဈေးသည်များအား စနစ်တကျ ပြန်လည်နေရာချထားပေးခြင်းတို့ကို လုပ်ဆောင်ခဲ့ရာ ယခင်နှင့်မတူညီသော မြင်ကွင်းကို ကွင်းကွင်းကွက်ကွက် တွေ့မြင်ခဲ့ရပါသည်။ ယခင်စည်းကမ်းမဲ့စွာရပ်တန့်ခဲ့သော မော်တော်ဆိုင်ကယ်များသည်လည်း သေချာစည်းစနစ်တကျ ရပ်တန့်ထားသည်ကို လည်းကောင်း၊ လမ်းပလက်ဖောင်းပေါ်သာမက လမ်းမပေါ်ထိရောက်အောင် ရောင်းချနေသော သစ်သီးဆိုင်တန်းများသည်လည်း သတ်မှတ်ထားသောဆိုင်နေရာတွင်သာ ရောင်းချနေကြသည့်အတွက် ယာဉ်ကြောများရှင်းလင်းကျယ်ပြန့်သွားခြင်းတို့ကို အပြုသဘောအနေဖြင့် ချက်ချင်းလက်ငင်းတွေ့မြင်ခဲ့ရပါသည်။

ထို့ကြောင့် မိဘပြည်သူများ လိုလားသော အခြေအနေတစ်ရပ်ကို ရေးသားထုတ်ဖော်ခွင့်ပြုခဲ့သော “ကြေးမုံ”သတင်းစာကို အများကြီးကျေးဇူးတင်သလို ပြုပြင်ရန်လိုအပ်နေသည့် အခြေအနေတစ်ရပ်ကို အချိန်မဆိုင်းဘဲ ချက်ချင်းပြုပြင်ပေးသည့် စည်ပင်သာယာကိုလည်း ကျေးဇူးတင်ပါကြောင်းကို ပြုပြင်ပြောင်းလဲမှုအသစ် ဓာတ်ပုံမြင်ကွင်းနှင့် ပြန်လည်တင်ပြလိုက်ရပါသည်။

(ချယ်ရီလှိုင်)

ခွေးရူးကိုက်၍ မိသားစု သုံးဦး တစ်နေ့တည်းသေဆုံး

မြင်းမူ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ဂရုကျေးရွာ၌ ခွေးရူးကိုက်ခံရသောကြောင့် လူကြီးနှစ်ဦးနှင့် ကလေးတစ်ဦးသေဆုံးသွားကြောင်း သတင်းရရှိသည်။

သေဆုံးသူများမှာ ဂရုကျေးရွာနေ ဦးချစ်ရွှေ (၇၂)နှစ်၊ ဦးချစ်ရွှေ၏ဇနီး ဒေါ်ခင်ရွှေ (၇၃)နှစ်၊ မြစ်တော်စပ်သူ မောင်ပြည့်ဖြိုးဝေ(ခ)ပြေတီဦး (၄)နှစ်တို့ဖြစ်ကြသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းကြည့်ရာ မောင်ပြည့်ဖြိုးဝေ (ခ)ပြေတီဦးအား ဧပြီ ၂၅ ရက်တွင် လည်းကောင်း၊ ဦးချစ်ရွှေနှင့် ဒေါ်ခင်ရွှေတို့အား ဧပြီ ၂၆ ရက်တွင် လည်းကောင်း နေအိမ်၌မွေးထားသည့် ခွေးရူးရောဂါဖြစ်နေသော ခွေးကကိုက်ခဲ့ကြောင်း သိရသည်။

မောင်ပြည့်ဖြိုးဝေ(ခ) ပြေတီဦးသည် ဧပြီ ၂၉ ရက် ညနေ ၄ နာရီတွင် လည်းကောင်း၊ ဒေါ်ခင်ရွှေသည် ည ၈ နာရီတွင် လည်းကောင်း၊ ဦးချစ်ရွှေသည် ည ၉ နာရီတွင် လည်းကောင်း ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသွားကြသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မြင်းမူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တောချောင်းဦးရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အဆိုပါခွေးရူးကိုက်မိသည့် အခြားခွေးများကို သုတ်သင်ရှင်းလင်းပြီး ခွေးရူးရောဂါ ဆက်လက်မပြန့်ပွားအောင် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

(မကွေးလှမြင့်)

တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ
မှူး ယစ် ကင်း စင် ကျန်း မာ မှ

ခပ်ယူသောက်သုံးနိုင်ပါစေ

လှလေးစိန်
(ရွှေလုံမြေ)

နံနက်ခင်းနေခြည်အောက် ပန်းဆိုးတန်းလမ်းမကြီးမှာ လူအများစု သွားလာလှုပ်ရှားနေကြပြီ။ ကျွန်မလည်း ကျန်းမာရေးအတွက် လမ်းလျှောက်ရင်း ပန်းဆိုးတန်းဒလဆိပ်ကမ်း၌ လေကောင်းလေသန့်ရှူရန် ဆိပ်ကမ်း လက်မှတ်ရောင်းသည့်ရုံသို့ ရောက်ရှိခဲ့သည်။

ဘော်. . . ဘော်. . . လှိုင်မြစ်ရဲ့ သင်းပျံ့တဲ့လေကို တစ်ဝကြီးရှူရှိုက်ရင်း ဟိုမှာဘက်ကမ်းဒလဘက်ဆိပ်ကမ်းသို့ လှမ်းမျှော်ကြည့်ရင်း မြစ်လေသင်းသင်း လေးကို အားပါတရရှူရှိုက်လုပ်နေမိသည်။ ဘော်. . . ဘော် လူပေါင်းများစွာ ကို ခေါက်တုံ့ခေါက်ပြန် ပြေးဆွဲနေတဲ့ သင်္ဘောကြီးကိုကြည့်ရင်း "အော်. . . လူအများမှာ ဘဝဝမ်းတစ်ထွာအတွက် ရှာဖွေစားသောက်ဖို့ နေ့စဉ်မမောတမ်း လှုပ်ရှားသွားလာနေကြသည်မှာ စုန်ချည်ဆန်ချည်ပါတကား။

လူပေါင်းများစွာ ဘဝအကြောင်းများစွာဖြင့် မမောတမ်းလှုပ်ရှားပြေးလွှား နေကြသည်။ သူတို့ဘယ်အချိန်မှာရပ်တန့်သွားမည်နည်း။ ကျွန်မကိုယ်တိုင်ပင် ရှောင်လွှဲလို့မရနိုင်တဲ့ သေခြင်းတရားဆိုတဲ့ သေမင်းရဲ့လက်တွင်းကို အနှေးနဲ့ အမြန်သွားကြရမည် မဟုတ်ပါလား။ လူတို့ရှင်သန်ရပ်တည်နေကြစဉ်အတွင်း လှုပ်ရှားရုန်းကန်နေကြရသည်။ လူပေါင်းများစွာ သင်္ဘောပေါ်မှ ဆင်းလာကြ သည်။ အရောင်အသွေးစုံလင်စွာ အဖြူအစိမ်းနဲ့ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ ဝတ်စုံမျိုးစုံနဲ့ ရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ အလုပ်သမားများ၊ လက်လုပ်လက်စားဈေးသည်များ၊ ဒလဘက်ကမ်းမှ ပန်းဆိုးတန်းဆိပ်ကမ်းကိုလာ၊ ပန်းဆိုးတန်းဆိပ်ကမ်းကနေ ဒလဘက်ကိုသွား၊ အဲဒီကမှတစ်ဆင့် မိမိတို့လိုရာခရီးကို အဆင့်ဆင့်ခရီးဆက်နေကြရသည်။ ရန်ကုန်ဆိပ်ကမ်း ရောက်ပြန်တော့လည်း ခရီးကမဆုံး၊ လိုရာခရီးရောက်ဖို့ အတွက် လိုင်းကားများကို တိုးဝှေ့စီးကြရဦးမည်။ ကားလမ်းတွေကပိတ်၊ မိမိ လိုရာဌာနရောက်တော့ နောက်ကျလို့ လူကြီးအဆူခံနေရတဲ့ ဝန်ထမ်းများရဲ့ ဘဝ၊ လူနေမှုဘဝအမော တွေမပြေနိုင်ကြပါလားလို့ ကျွန်မတွေးမိသည်။ ဒီလိုနဲ့ပဲ ကျွန်မတို့ရဲ့ဘဝ သံသရာလည်နေကြပါလားလို့ တွေးရင်းလက်မှတ်ရုံ ထဲမှာ လူတွေရုတ်ရုတ်သဲသဲနဲ့ ဟိုတစ်စု ဒီတစ်စုတွေ့လို့သွားပြီး စပ်စုကြည့်မိ လိုက်သည်။ ရုံးဝတ်စုံများနဲ့ ရုံးဝန်ထမ်းများကိုတွေ့လိုက်ရသည်။ ဘာလုပ် တာပါလိမ့်လို့ သိချင် ဇောနဲ့ရှေ့ကို တိုးကြည့်မိသည်။

စာအုပ်စင်ပေါ်မှာ သုတ၊ ရသစာအုပ်တွေ၊ သတင်းစာ၊ ဂျာနယ်စုံကို တွေ့ရသည်။ ဟိုလူယူဖတ်၊ ဒီလူယူဖတ်လုပ်နေသည်။ စာအုပ်စင်မှာရေးထားတဲ့ စာကိုဖတ်ကြည့်မိသည်။ "ပြည်သူ့ဝန်ဆောင်မှု" "စာပေရေချမ်းစင်" ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဟူ၍ ဖြစ်သည်။ စာအုပ်စင်ရဲ့ အောက်ပိုင်းမှာ "ပြည်သူများအသိပညာတိုးပွားရေးအတွက် အခမဲ့ဖတ်ရှု နိုင်ပါသည်။ ကျေးဇူးပြု၍ ဖတ်ရှုပြီးပါက ပြန်လည်ထားရှိပေးပါရန်၊ စာအုပ်များ လှူဒါန်းလိုပါကလည်း ထားရှိလှူဒါန်းနိုင်ပါသည်ဟု ရေးသားထားသည်ကို တွေ့ရှိရသည်။

ဤစာပေရေချမ်းစင်ဆိုတဲ့စာအုပ်စင်ကို မြင်လိုက်ရတော့ လွန်ခဲ့သော ၁၅ နှစ်ကျော်က ကျေးလက်ဒေသတွေကို ညအိပ်သွားပြီး စာအုပ်တွေကို စက်ဘီးနဲ့တစ်မျိုး၊ ဆိုင်ကယ်နဲ့တစ်မျိုး တစ်ရွာဝင်တစ်ရွာထွက်လိုက်ငှားတဲ့ ကျွန်မတို့ အစ်ကိုဝမ်းကွဲကို သတိရမိတယ်။ မြို့ပေါ်မှာပါ ခုလိုစာပေရေချမ်း စင်ကိုတွေ့လိုက်ရတော့ ကျွန်မရင်ထဲမှာ ကြည်နူးမိတယ်။ ဒီလိုလုပ်ပေးခြင်း အားဖြင့် ပြည်သူတွေကို အသိပညာတွေ အများကြီးပေးနိုင်ပြီး ပြည်သူတွေလည်း လိုလိုလားလားနဲ့ စာဖတ်ကြမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲလို့ စဉ်းစား နေရင်း ခရီးသည်များနားနေဆောင်အတွင်းသို့ ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြား သားတွေ အုပ်စုလိုက်ဝင်လာပြီး "စာပေရေချမ်းစင်"ကို စိတ်ဝင်စားစွာ ဓာတ်ပုံ ရိုက်ကြသည်။

စကားပြန်က ဝန်ထမ်းတစ်ဦးကိုမေးသည်။ "အစ်မကြီးခင်ဗျာ၊ သူတို့က "စာပေရေချမ်းစင်"ဆိုတဲ့ အကြောင်းကို စိတ်ဝင်စားပါတယ် သိချင်လို့ရှင်းပြ ပေးပါလို့ မေးနေပါတယ်ခင်ဗျာ" ဝန်ထမ်းတစ်ဦးက "ဒါ. . . ကျွန်မတို့ပြန်ကြား ရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့ဝန်ဆောင်မှုအဖြစ် စာကြည့် တိုက်တွင် အကြောင်းအမျိုးမျိုးကြောင့် စာလာမဖတ်နိုင်တဲ့ ပြည်သူတွေအတွက် ရတဲ့အချိန်လေးမှာ စာဖတ်လို့ရအောင် ခုလိုလူစည်ကားတဲ့ သင်္ဘောဆိပ်၊ လေဆိပ်၊ မီးရထားဘူတာ နားနေဆောင်တွေမှာ အချိန်နဲ့ တစ်ပြေးညီဖတ်လို့ရမယ့် နေ့စဉ်ထုတ် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ထားရှိပေးထားတဲ့အပြင် သုတ၊ ရသ၊ ဝတ္ထုစာအုပ်များကိုလည်း အခမဲ့ဖတ်ရှုနိုင်အောင် စီစဉ်ပေးခြင်း ဖြစ်ပါတယ် မောင်လေး"။ စကားပြန်က နိုင်ငံခြားသားတွေကိုပြန်ရှင်းပြတော့ သူတို့အားလုံး သဘောပေါက်ပြီး စာအုပ်စင်ပေါ်ကစာအုပ်တွေကို စိတ်ဝင် စားစွာ ကြည့်နေကြသည်ကို ကျွန်မတွေ့လိုက်ရ၍ ရင်တွင်း ပီတိဖြစ်မိသည်။ သူတို့ဘယ်နိုင်ငံကလာသည် ကျွန်မမသိပါ။သို့သော် မြန်မာနိုင်ငံရဲ့ လုပ်ဆောင် ချက်ကို သူတို့နားလည် သိရှိသဘောပေါက်သွားသည်။

သူတို့နိုင်ငံပြန်ရောက်လျှင် မြန်မာနိုင်ငံမှာ "စာပေရေချမ်းစင်"ဆိုတာ စာအုပ်၊ စာစောင်တွေကို အခမဲ့ဖတ်လို့ရပြီး လူစည်ကားတဲ့ လေဆိပ်၊ သင်္ဘော ဆိပ်၊ ဘူတာတို့မှာ ရှိတယ်ဆိုတဲ့အကြောင်းကိုတော့ ပြန်ပြောမိကြလိမ့်မည်။ ကမ္ဘာမှာ မြန်မာဟော့လို့ သိလာရသည်မှာ လွန်စွာမှ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ဂုဏ်ယူစရာဖြစ်သည်။ ထိုနည်းတူ နေ့စဉ်ဝမ်းတစ်ထွာအတွက် လှုပ်ရှားသွား လာနေရသော ပြည်သူများ ခဏတာအပန်းဖြေအနားယူရင်း ရေချမ်းစင်က အေးမြသောရေကို သောက်ရင်းအမောဖြေသလို "စာပေရေချမ်းစင်"ကပေး သော အသိအမြင်များ၊ ဗဟုသုတများကို ခဏတာအနားယူရင်း ဖတ်ရှုလေ့လာ ကြမယ်ဆိုရင် စဉ်းစားဆင်ခြင်တုံတရားအားကောင်းပြီး အမှားအမှန်ကို ဝေဖန် ပိုင်းခြားနိုင်စွမ်းရှိ၍ အမှားကိုရှောင်၍ အမှန်ကိုဆောင်နိုင်ကြပြီး လူလိမ္မာများ ဖြစ်လာပေမည်။

စာဖတ်သူများသည် မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခေတ် နောက်မကျန်ခဲ့ဘဲ ကမ္ဘာနှင့်အမီ ရင်ပေါင်တန်းလိုက်နိုင်ပြီး တိုးတက်ဖြစ်ပေါ်မှုများ ကို အချိန်နဲ့တစ်ပြေးညီသိရှိရသည်။ ခေတ်အမြင် ခေတ်အသိ ဗဟုသုတများကို တိုးပွားစေသည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး၊ ဇာတိသွေးဇာတိမာန် ထက်မြက် ရေး၊ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ရေး၊ လူ့ကျင့်ဝတ်နှင့်အညီ ကျင့်ကြံ နေထိုင်ရေးတို့အတွက် စာပေများကညွှန်းဆိုလမ်းပြနိုင်သည်။ သို့ဖြစ်ပေရာ "စာအုပ် စာပေ လူ့မိတ်ဆွေ"၊ "အလိမ္မာစာမှာရှိ"ဟူသော စကားများသည် စာဖတ်ခြင်း၏ တန်ဖိုးကို ဖော်ညွှန်းပြဆိုလျက်ရှိသည်။ သို့ဖြစ်၍ ပြည်သူများ အားလုံးသည် အသိအမြင်ဗဟုသုတကြွယ်ဝစေရန် စာကောင်းပေမွန်များကို လေ့လာဖတ်ရှုသင့်ကြသည်။ ဤလုပ်ငန်းစဉ် အရှည်တည်တံ့တိုးတက် အောင်မြင်အောင် ဆောင်ရွက်ဖို့လိုပေသည်။ ဌာနဆိုင်ရာဝန်ထမ်းများက တက်ညီလက်ညီစည်းစည်းလုံးလုံးနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လိုသည်။ ပြည်သူတွေကြားမှာ နေထိုင်ရှင်သန်နေကြတဲ့ ပြည်သူ့ဝန်ထမ်းတွေဖြစ်တာနဲ့အညီ တက်ညီလက်ညီ ဦးထမ်းပဲ့ထမ်း စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ဆောင် ရွက်ကြဖို့လိုသည်။

အများပြည်သူ ဗဟုသုတတိုးပွားစေဖို့အတွက် မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးများနှင့် ပြည်နယ်အနှံ့ရှိ မြို့ကြီးများတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်များကို မည်သူမဆို အယုတ်၊ အလတ်၊ အမြတ်မရွေး အခမဲ့ ဖတ်ရှုနိုင်သည့် "ပြည်သူ့ဝန်ဆောင်မှု" "စာပေရေချမ်းစင်" များကို လေဆိပ်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်နှင့် လူစည်ကားရာနေရာ များတွင် ထားရှိပေးလျက်ရှိသည်မှာ လွန်စွာမှဝမ်းမြောက်ဖွယ်ဖြစ်သည်။ ဝမ်းတစ်ထွာအတွက် လှုပ်ရှားသွားလာနေတဲ့ ပြည်သူတွေခရီးတစ်ထောက် အနားမှာ ငွေကုန်သက်သာ အမောဖြေစိတ်အာဟာရကိုရစေသည့် "စာပေ ရေချမ်းစင်" သည် ပြည်သူတွေကို မိနစ်အနည်းငယ်အတွင်း ဗဟုသုတများစွာကို ပေးနိုင်ပါစေ၊ ပြည်သူတွေကလည်း "စာပေရေချမ်းစင်"က ပေးသည့် စာ အာဟာရကို အပြည့်အဝခပ်ယူ သောက်သုံးနိုင်ကြပါစေလို့ ဆုတောင်းဂုဏ် ပြုရေးသားလိုက်ပါသည်။ ။

တို တို ထွာ ထွာ ဖတ် စ ရာ

ဓမ္မာစရိယနှင့် ပထမပြန်ဖြေဆို

၂၀၁၃ ခုနှစ် ဓမ္မာစရိယနှင့်ပထမပြန်စာမေးပွဲကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ စာဖြေဌာနတွင် မေ ၂ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ ဓမ္မာစရိယစာမေးပွဲတွင် ဖြေဆိုမည့် ဘာသာရပ်မှာ ပါရာဇိကဏ်ပါဠိအဋ္ဌကထာဖြစ်ပြီး စာဖြေသံဃာတော် ၂၇ ပါး စာရင်းရရှိထားကြောင်းနှင့် စာဖြေ ဌာနကို လေယာဉ်ကွင်းလမ်းရှိ သာသနာ့ဗိမာန်၌ ကျင်းပလျက်ရှိကြောင်း မြို့နယ်သာသနာရေးရုံးဦးစီးဌာနမှ စုံစမ်းသိရ သည်။ (၅၁၃)

လယ်ယာစီမံခန့်ခွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေး

ကျိုက်ထိုမြို့နယ် လယ်ယာစီမံခန့်ခွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၂၆ ရက်က ကျိုက်ထိုမြို့နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အစိုးရ အဖွဲ့စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးမျိုးညွန့်က အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က လယ်ယာမြေဥပဒေဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက် လာသော လယ်ယာမြေဥယျာဉ်ခြံပိုင်ရှင်များ၏ မေးမြန်းချက်များကို ပြည်နယ်/ ခရိုင်အဆင့်တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်

မောင်တောမြို့နယ် သရီရဓာတ်စေတီတော် အနေကဇာတင်

မောင်တောမြို့သရေကုန်ဘောင်ကျေးရွာတွင် တည်ထားကိုးကွယ်လျက် ရှိသော သရီရဓာတ်စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ နှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို မေ ၁ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီ တွင် သရီရဓာတ်စေတီရင်ပြင်၌ ကျင်းပကြောင်း သိရသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ မြို့နယ် သာသနာ့နုဂ္ဂဟအသင်း၊ စေတနာရှင်၊ အလှူရှင်များ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုးလွင်(မောင်တော)**

တပ်မတော်သားများ သောက်သုံးရေပေးဝေ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆည်ကြီးကျေးရွာနှင့် ညောင်အိုင်ကျေးရွာတို့တွင် သောက်သုံးရေရှားပါးမှုကြောင့် ရေအခက်အခဲ ဖြစ်ပေါ်လျက်ရှိရာ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်အတွက် နယ်မြေခံ လေ့ကျင့်ရေးတပ် (ရွှေမြင်တင်)မှ အဆိုပါကျေးရွာများသို့ ဧပြီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ရေကားနှစ်စီး၊ ရေဂါလန် ၆၄၀၀ ကို ပေးဝေခဲ့သည်ဟု သိရပြီး နောက်ရက်များတွင်လည်း သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ဆက်လက်ပေးဝေသွားမည်ဟု သိရသည်။ (၆၅၄)

နယ်မြေခံတပ်မတော်သားများက သောက်သုံးရေများ လှူဒါန်း

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အုန်းတော (၂)ရပ်ကွက် အပိုင်း (၃)၊ အပိုင်း (၄)၊ အပိုင်း(၅)တို့တွင် အိမ်ခြေ ၇၉၆ လုံး လူဦးရေ ၃၃၆၇ ဦးတို့မှာ သောက်သုံးရေအခက်အခဲများ ကြုံတွေ့ခံစားနေရသဖြင့် မေလဆန်းမှ ဇွန်လကုန်ထိ ရပ်ကွက်ရေသယ်ယာဉ်ဖြင့် ယင်း(၁၀)ရပ်ကွက်မှ ရေသယ်ယာဉ်များဖြင့် တစ်ရက်လျှင် ရေဂါလန် ၁၀၀၀၀ ကိုအလှူရှင် စေတနာရှင်များ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက် နံနက်ပိုင်းက နယ်မြေခံတပ်မတော်သားများက ရေသယ်ယာဉ်များဖြင့် ပြည်သူများအား တစ်အိမ်ထောင်လျှင် လေးပုံးနှုန်းဖြင့် ဖြန့်ဝေလှူဒါန်းခဲ့ကြသည်။

"ယခုလို ကျွန်တော်တို့ရပ်ကွက်မှ ပြည်သူများအား မေတ္တာ၊ စေတနာ ထား၍ သောက်သုံးရေများလှူဒါန်းပေးခဲ့ကြတဲ့ နယ်မြေခံ တပ်မတော် သား များ၊ (၁၀)ရပ်ကွက်မှ စေတနာရှင် အလှူရှင်များကို ကျေးဇူးအထူး တင်ရှိပါ ကြောင်း" ရပ်ကွက်ပြည်သူများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ပြောကြားခဲ့ သည်။ (၅၈၀)

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ၌ (တန်ဖိုးမြင့်ထုတ်ကုန်အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု)ကို လက်ခံရရှိသော ကော်မတီဝင် ဦးကျော်ဝင်း(National Wood Industry Co.Ltd)အတွက် ဒဂုံအရှေ့စက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များမှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးနေဝင်းဆွေ(ဥက္ကဋ္ဌ) (N.W.S Company Limited)
ဦးမြင့်သန်း(အတွင်းရေးမှူး)(Johnny Brothers Co., Ltd)
ဦးစိုးသိန်း(စာရင်းစစ်) (ရွှေဒိုင်းတစ်သျှူးစက်ရုံ)
ဦးဇော်ဦး(ကော်မတီဝင်) (Summit Plastic)
ဦးနေဦး(ကော်မတီဝင်)(Top Choice ဗလာစာအုပ်)
ဦးလှမြင့်(ဘဏ္ဍာရေးမှူး) (ကေသီပန်တိုင်းရင်းဆေးဝါး)

ပြည်တွင်းရေးရာ

ယူနက်စကိုမှ ကြီးမှူးကျင်းပသော ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကျင်းပ

ရန်ကုန်　　မေ　၃

ယူနက်စကိုမှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ သတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီတို့မှ အဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပမှ သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လွတ်လပ်သော မီဒီယာနှင့် ဒီမိုကရေစီတို့သည် ထာဝစဉ်ယှဉ်တွဲနေမှု၊ ဒီမိုကရေစီကိုတိုးမြှင့်ရန် မီဒီယာသည် မရှိမဖြစ်လိုအပ်မှု၊ ယခုအခါ မီဒီယာသည် အစိုးရအား ဝေဖန်ထောက်ပြသူအဖြစ်၊ လူတစ်ဦးချင်း၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သူအဖြစ်၊ လူပုဂ္ဂိုလ်ထက် လူ့အဖွဲ့အစည်း၏အရေးကို ပိုမိုအာရုံစိုက်တတ်လာစေရန်အတွက် ပြည်သူလူထုကို အသိပညာပေးသူအဖြစ်နှင့် ပြည်သူလူထုနှင့်အစိုးရတို့အကြား ပေါင်းကူးအဖြစ်ဆောင်ရွက်နေမှု၊ ပြောင်းလဲလာသောနိုင်ငံရေး ရေမြေအနေအထားအရ အစိုးရသည် မီဒီယာဦးတည်ချက်များကို ဦးဆောင်အကောင်အထည်ဖော်သူမဟုတ်တော့ဘဲ အကောင်အထည်ဖော်ရာတွင် အဆင်ပြေစေရန်အတွက် ဝိုင်းဝန်းကူညီသူအဖြစ်သာ ဆောင်ရွက်နေမှု၊ ယင်းသို့ဆောင်ရွက်ခြင်းအားဖြင့် လွတ်လပ်ခွင့်နှင့်စည်းကမ်းလိုက်နာ စောင့်စည်းမှုတို့ကို တစ်ပြိုင်တည်းကျင့်သုံးသည့် လူမှုတာဝန်သိသော မီဒီယာပတ်ဝန်းကျင်မျိုး တိုးတက်ဖြစ်ပေါ်လာစေမှု၊ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်သော လွတ်လပ်သည့် မီဒီယာသည် ဒီမိုကရေစီအဖွဲ့အစည်းများရှိ အပြန်အလှန်ထိန်းကျောင်းရေးလုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်မှု၊ စာနယ်ဇင်းသမားများနှင့် မီဒီယာဝန်ထမ်းများအတွက် လွတ်လပ်၍ လုံခြုံသောပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင်၊ ဒီမိုကရေစီတည်ထောင်ရာတွင်၊ နိုင်ငံရေးရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ဆောင်ရာတွင်၊ အစိုးရအတွက်သာမက မီဒီယာလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူအားလုံးအတွက် အလွန်ပင်အရေးကြီးမှု၊ မီဒီယာသမားများအနေဖြင့် ပြည်သူလူထုကို တိကျမှန်ကန်ပြီး ဓမ္မဓိဋ္ဌာန်ကျသော သတင်းများပေးနိုင်ရန် အလွန်ကြီးမားသော တာဝန်တစ်ရပ်လည်းရှိနေမှု၊ ဤနည်းဖြင့်သာ မီဒီယာသမားများအတွက် ကျွမ်းကျင်မှုအဆင့်အတန်းနှင့် တာဝန်ခံနိုင်မှု အသိစိတ်ဓာတ်တို့ တိုးတက်လာနိုင်မှု၊ မီဒီယာသည် ခိုင်မာ၍အင်အားရှိရန် လိုအပ်သကဲ့သို့ လေးနက်တည်ကြည်ရန်၊ အဆိပ်အတောက်ကင်းစင်ရန်၊ ဩဇာကင်းရန်နှင့် အကောင်းဆုံး ရလဒ်များကို ဖော်ဆောင်ပေးနိုင်ရန်တို့လည်း လိုအပ်မှုတို့ကို မှာကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၏ နုနယ်ငယ်ရွယ်သေးသော ဒီမိုကရေစီသည် မခိုင်မာလှသေးကြောင်း၊ ပြဿနာများစွာကိုလည်း ကိုင်တွယ်ဖြေရှင်းနေရသေးကြောင်း၊ သို့ဖြစ်ရာ လူမှုတာဝန်သိသော မီဒီယာပုံစံကို လက်ခံအသုံးပြုခြင်းသည် မိမိတို့နှင့်အမှန်တကယ် ကိုက်ညီမှု ရှိ၊ မရှိ မသေချာသေးသည့် စိတ်ကြိုက်လွတ်လပ်စွာလုပ်နိုင်ခွင့်ပုံစံကို လက်ခံအသုံးပြုခြင်းထက် မိမိတို့နိုင်ငံအတွက် ပိုမိုအပြောင်းအမြင်ကြီးမားရာကျမည်ဟု မိမိယူဆပါကြောင်း၊ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုး၊ စံနှုန်းများနှင့်ကိုက်ညီပြီး ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထားသည့် လူမှုတာဝန်သိသော မီဒီယာပုံစံမျိုးဖြစ်ပေါ်လာစေရန်အတွက် အစိုးရအဖွဲ့အစည်းအသီးသီးကလည်း မီဒီယာအသင်းအဖွဲ့များ၊ စာနယ်ဇင်းကောင်စီနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြပါရန် မိမိအနေဖြင့် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် UNESCO/Guillermo Cano World Press (2012) ဆုချီးမြှင့်ခံခဲ့ရသူ ဦးဝင်းတင်က စာနယ်ဇင်းလွတ်လပ်ခွင့်သည် တိုင်းပြည်တစ်ပြည်အတွက် အလွန်အရေးကြီးသကဲ့သို့ အခွင့်အရေးတစ်ခုလည်း ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူ့အကြားတွင် သတင်းစာကရပ်တည်၍ လုပ်ငန်းများ ဆောင်ရွက်ရကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့အစည်းမှလည်း ထိန်းရင်းညှိရင်းလုပ်ကိုင်ရမှာဖြစ်သလို စာနယ်ဇင်းများမှလည်း စောင့်ထိန်းခြင်းတရားကို လိုက်နာလုပ်ဆောင်မှုဖြင့် လူ့ဘောင်အဖွဲ့အစည်းနှင့် ပြည်သူများအတွက် အကျိုးရှိမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ UNESCO ဌာနေကိုယ်စားလှယ် Mr. Sardar Umar Alan က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် UNESCO ညွှန်ကြားရေးမှူးချုပ် Ms.Irina Bokova တို့၏ ပူးတွဲကြေညာချက်ကို ဖတ်ကြားရာတွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁၉)တွင် ဖော်ပြထားသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းများ၊ လွတ်လပ်သောအဖွဲ့အစည်းများနှင့် တစ်ဦးချင်းစီ၏ လုပ်ပိုင်ခွင့်များအတွက် လိုအပ်သောအခြေခံအခွင့်အရေးဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့၏ ဆောင်ပုဒ်ဖြစ်သည့်“လုံခြုံစိတ်ချစွာပြောဆိုရန်၊ မီဒီယာကဏ္ဍအားလုံးတွင် ယုံကြည်စိတ်ချစွာဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရန်” ရည်ရွယ်ချက်သည် နိုင်ငံတကာသတင်းစာဆရာများအား လုံခြုံစိတ်ချစွာ ကာကွယ်ပေးနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဆောင်ရွက်မှုပင်ဖြစ်ကြောင်း ပါရှိသည်။

ယင်းနောက် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ အတွင်းရေးမှူး ဦးကျော်မင်းဆွေက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် လူ့အဖွဲ့အစည်း၏ လိုအပ်သော အခြေခံအခွင့်အရေးဖြစ်ကြောင်း၊ လွတ်လပ်စွာ သတင်းထုတ်ပြန်ခြင်း၊ လွတ်လပ်စွာပြောဆိုခြင်း၊ လွတ်လပ်စွာ ရေးသားခြင်းတို့သည် နိုင်ငံသားတိုင်း ဖတ်ရှုနိုင်ခြင်းအခွင့်အရေးနှင့် တိုက်ရိုက်အချိုးကျပါကြောင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် ငြိမ်းချမ်းချောမွေ့စွာပြောင်းလဲနိုင်ရေးအတွက် သတင်းစာဆရာများအား လေးစားခြင်း၊ ယုံကြည်အားထားခြင်း၊ ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာခြင်း၊ တာဝန်ခံခြင်း၊ တာဝန်ရှိခြင်းတို့နှင့် ပြည့်စုံသော စတုတ္ထမဏ္ဍိုင်ပေါ်ပေါက်လာရေးကို ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးကိုကိုက UNESCOနှင့် အခြားသော နိုင်ငံတကာမီဒီယာ အဖွဲ့အစည်းများက ဒီမိုကရေစီ ဖော်ဆောင်နေမှုအပေါ် မြန်မာနိုင်ငံ၏ အတွေးအခေါ်နှင့် အမြော်အမြင်များ မျှဝေပေးခဲ့ခြင်းကြောင့် မိမိတို့ နိုင်ငံအနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းတွင် စတင်ပါဝင်နိုင်တော့မည်ဖြစ်ကြောင်း၊ မိမိတို့၏ မီဒီယာဖွံ့ဖြိုးမှုလုပ်ဖော်ကိုင်ဖက်များအနေဖြင့် အစိုးရအဖွဲ့ကိုသာမက ပုဂ္ဂလိကကဏ္ဍနှင့် လူ့အဖွဲ့အစည်းတို့ကိုလည်း ဆက်လက်ကူညီပံ့ပိုးပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် UNESCOမှမီဒီယာဖွံ့ဖြိုးရေးကျွမ်းကျင်သူ Romon R. Tuazou က မြန်မာသတင်းမီဒီယာနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**(အပေါ်ဝဲပုံ)**ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ခြောက်နိုင်ငံ နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပမည်

နေပြည်တော်　　မေ　၃

မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ခြောက်နိုင်ငံ နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်သည်။

မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ခြောက်နိုင်ငံ နားလည်မှုစာချွန်လွှာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို ရန်ကုန်မြို့ Chatrium ဟိုတယ်၌ မေ ၆ ရက်မှ ၇ ရက်အထိ လည်းကောင်း၊ ဝန်ကြီးအဆင့် အစည်းအဝေးကို နေပြည်တော် သင်္ဂဟဟိုတယ်၌ မေ ၉ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအစည်းအဝေးများသို့ နားလည်မှုစာချွန်လွှာအဖွဲ့ဝင် ခြောက်နိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)တို့မှ ဝန်ကြီးအဆင့်ကိုယ်စားလှယ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဖွံ့ဖြိုးရေးလမ်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော်　　မေ　၃

နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအပ်နှံ ကန်ထရိုက်စနစ်ဖြင့် Soe & Sons ကုမ္ပဏီမှဆောင်ရွက်လျက်ရှိသော မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလ ကျေးလက်ကတ္တရာလမ်း (၆/၄) မိုင်နှင့် ကျောက်ချောလမ်း (၆/၄)မိုင် စုစုပေါင်း (၁၃/၀)မိုင် လမ်းခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ ဒေသခံကျေးလက်ပြည်သူများ အချိန်တိုအတွင်း ပိုမိုချောမွေ့လွယ်ကူစွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

လက်ဘနွန်နိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး ဆွေးနွေး

နေပြည်တော်　မေ　၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် လက်ဘနွန်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် **Mr. Elie Debahy** အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်ကျော်၊ ဦးသန်းထွန်း၊ ဦးဝင်းသန်းနှင့် ဒေါက်တာပွင့်ဆန်းတို့ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍတို့၌ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ အုပ်ချုပ်ရေးကဏ္ဍတွင် လက်ရှိပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၌ လက်ဘနွန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

✻ အာဆီယံလမ်းမမှ

(ယ) အာဆီယံလမ်းမ-၁၄(AH4) မန္တလေးမြို့မှ မူဆယ်မြို့အထိ ၄၅၃ ကီလိုမီတာရှိသည်။ (င) အာဆီယံလမ်း-၁၁၁ (AH111) လွိုင်လင်မြို့မှ သီပေါမြို့အထိ ၂၃၉ ကီလိုမီတာရှိသည်။ (စ) အာဆီယံလမ်းမ-၁၁၂ (AH112) သထုံမြို့မှ ကော့သောင်းမြို့အထိ ၁၁၄၅ ကီလိုမီတာရှိသည်။

ယခုတင်ပြလိုသည်မှာ ကျွန်တော်သည် ရှမ်းပြည်နယ်သို့ နှစ်တိုင်းလိုလို တစ်ခေါက်တော့ရောက်ဖြစ်ခဲ့သည်။ ရှမ်းပြည်နယ်၏ အေးချမ်းသာယာမှုကို နှစ်သက်၍ရောက်ရှိခိုက် အနားယူရသည်မှာ စိတ်နှလုံးအေးချမ်းလှသည်။ ယခုတစ်ခေါက်မှာ

ယာဉ်မောင်း ကိုဝင်းဦး ရှင်းပြစဉ်။

တော့ ခင်မင်ခဲ့ဖူးသော ဦးစိုင်းနော်ခမ်း (ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး) ထံ သွားရောက်နှုတ်ဆက်စကားပြောကြားတော့ ဝန်ကြီးက "ရှမ်းပြည်နယ်ကလမ်းတွေ အခုနှစ်ဘတ်ဂျက်ငွေပိုရလို့ လမ်းတွေကို ပြင်လိုက်တာ တော်တော်ကောင်းသွားပြီ သတင်းစာဆရာတွေ သိရဲ့လား"လို့ စကားစဆိုပါတယ်။ ကျွန်တော်က "သိတာပေါ့ ကျွန်တော်ဆို လွန်ခဲ့တဲ့ (၅)နှစ်လောက်တုန်းက တောင်ကြီးကနေ ကျိုင်းတုံသွားတာ လမ်းမှာ နှစ်ညအိပ်ပြီး နောက်နေ့ ၁၁ နာရီလောက်မှ ကျိုင်းတုံရောက်တာ လမ်းအကြောင်း ကောင်းကောင်းသိတာပေါ့" ဆိုတော့ ဝန်ကြီးက "ဟာ ခင်ဗျား နောက်နေ ပြန်ပြီ၊ အခုအဲဒီလိုမဟုတ်တော့ဘူး၊ မနက်ဖြန် နမ့်စန်မြို့လောက်အထိ ခင်ဗျားကိုယ်တိုင် သွားကြည့်ပြီး လမ်းမှာ ကားဆရာတွေကို အခုတောင်ကြီးနဲ့ ကျိုင်းတုံ ဘယ်လောက်ကြာသလဲ၊ ကားခ ဘယ်လောက်လဲ မေးကြည့်ပါ"လို့ ပြောတော့ ဘေးမှာထိုင်နေတဲ့ တောင်ကြီးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ကိုကျော်သီဟက "သွားမယ်ဆို ကျွန်တော်စီစဉ်ပေးပါမယ်" ဆိုတာနဲ့ ကျွန်တော်လည်း သဘောတူလက်ခံကာ နောက်နေ့ (၂၈-၄-၂၀၁၃) ရက် နံနက် ၇ နာရီ လောက်စထွက်ကြမယ်လို့ ညှိနှိုင်းကြပြီး ဝန်ကြီးကို နှုတ်ဆက်စကားပြောကာ ပြန်ထွက်ခဲ့ပါတယ်။

ယင်းနောက် ကျွန်တော်သည် ကိုကျော်သီဟကို "မနက်စောစောလာသာခေါ်ပါ ကျွန်တော်စောစောထပြီး အသင့်စောင့်နေပါမယ်"လို့ ခရိုင်အင်ဂျင်နီယာမှူးကို နှုတ်ဆက်ကာ တစ်ဦးတည်း မြို့တွင်းသို့ လမ်းလျှောက်ငေးမောကြည့်ရင်း တည်းခိုဆောင်သို့ ပြန်ခဲ့ပါသည်။

အဆောင်ရောက် ရေချိုးပြီး အနားယူနေစဉ် ဖုန်းသံကြား၍ ကောက်ကိုင်ရာ တစ်ဖက်မှ ကိုကျော်သီဟ၏ နှုတ်ဆက်စကားစတင်ကြားရပြီး မနက်ဖြန် သူလိုက်ဖို့ အစီအစဉ် ပျက်သွားကြောင်း၊ ရုံးချုပ်မှ လုပ်ငန်းခွင်စစ်ဆေးရေးအဖွဲ့ ရောက်လာမည်ဖြစ်၍ မလိုက်နိုင်တော့ကြောင်း ပြောကြားပြီး ကျွန်တော့်အား သူ့ရုံး၌ ဒီနေ့ည တွေ့ကြမည်ဖြစ်ကြောင်းပြောကြားကာ ဖုန်းချသွားသည်။

ကျွန်တော်လည်း အဝတ်အစားလဲပြီး တည်းခိုဆောင်နှင့် ဒါးလွယ်ခုတ်တွင်ရှိသော ဆောက်လုပ်ရေးရုံးသို့ လမ်းလျှောက်ထွက်ခဲ့ပါတယ်။

ကိုကျော်သီဟနဲ့ တွေ့တော့ မနက်ဖြန် သွားရောက်လေ့လာမည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်းတွင် လမ်းအဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောက်ရွက်ခဲ့သည်ကို ရှင်းလင်းပြောကြားသည်။

ယင်းလမ်းသည် မိတ္ထီလာမြို့မှ မိုင်တိုင်အမှတ် (၀/၀)မှ တာချီလိတ်မြို့အထိ မိုင်တိုင်အမှတ် (၄၉၉/၆) အထိ ၄၉၉ မိုင် ခြောက်ဖာလုံ ရှည်လျားသော ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး အာဆီယံအဝေးပြေးလမ်း (AH2) ပေါ်တွင် ကျရောက်နေသည့် အပိုင်းလည်းဖြစ်ကြောင်း၊ ထိုလမ်းသည် ရှမ်းပြည်နယ်နှင့် ပြည်မဆက်သွယ်ရန်အပြင် ဒေသတွင်း နယ်စပ်ကုန်သွယ်ရေးအတွက်ပါ အဓိကကျသော လမ်းမကြီးဖြစ်ကြောင်း၊ မိတ္ထီလာမြို့မှ တောင်ကြီးမြို့အထိ ၁၁၆ မိုင်အား တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီ၊ တောင်ကြီးမြို့မှ နမ့်စန်မြို့အထိ ၇၃ မိုင်အား နေမင်းရောင် လမ်းဆောက်လုပ်ရေးကုမ္ပဏီတို့က ဘီအိုတီစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း ဦးစွာရှင်းပြသည်။

ဆက်လက်၍ ရှင်းပြရာတွင် မိုင်တိုင်အမှတ်(၁၈၉/၀)မှ (၂၂၁/၀)အထိ ၃၂ မိုင်ကို လမ်းအထူးအဖွဲ့(၁၃)ကလည်း လည်းကောင်း၊ မိုင်တိုင်အမှတ်(၂၂၁/၀)မှ (၂၅၅/၀)အထိ (၃၄)မိုင်ကို လွိုင်လင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်တိုင်အမှတ် (၂၅၅/၀)မှ (၂၈၃/၄) တာကော်တံတားအထိ ၂၈ မိုင် လေးဖာလုံကို လေယာဉ်ကွင်းအထူးအဖွဲ့ (၁)တို့က လည်းကောင်း ခွဲဝေဆောင်ရွက်ခဲ့ကြကြောင်း၊ ယင်းလမ်းခရီးပြုပြင်ထိန်းသိမ်းရာတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ကိုးမိုင်ကို ဆောင်ရွက်ခဲ့ကြောင်း၊ တာကော်တံတားမိုင်တိုင် (၂၈၃/၄)မှ ကျိုင်းတုံမြို့ မိုင်တိုင်အမှတ်(၃၉၇/၄)အထိ ၁၁၄ မိုင်ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး မိုင်တိုင် (၂၈၃/၄) မှ (၃၃၂/၄)အထိ ၄၉ မိုင်ကို လေယာဉ်ကွင်းအထူးအဖွဲ့(၄)ကလည်းကောင်း၊ မိုင်တိုင်(၃၃၂/၄) မှ (၃၈၅/၄)အထိ ၅၃ မိုင်ကို အထူးစီမံကိန်းကြီး အဖွဲ့ခွဲ(၃)မှလည်းကောင်း၊ မိုင်တိုင် (၃၈၅/၄) မှ (၃၉၇/၄)အထိ ၁၂ မိုင်ကို ကျိုင်းတုံခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လည်းကောင်း အသီးသီးတာဝန်ယူဆောင်ရွက်ခဲ့ကြောင်းကို အသေးစိတ်ရှင်းပြသည်။

တစ်ဖန် မိုင်တိုင်အမှတ်(၃၉၇/၄) ကျိုင်းတုံမှ (၄၉၉/၆)တာချီလိတ်အထိ ၁၀၂ မိုင် နှစ်ဖာလုံကို သော်တာဝင်း လမ်းဆောက်လုပ်ရေးကုမ္ပဏီက ဘီအိုတီစနစ်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါလမ်းအပိုင်းတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နမ့်စန်မှ ကျိုင်းတုံအထိ ၂၀၈ မိုင် လေး ဖာလုံတွင် ကတ္တရာလမ်းခင်းခြင်း ၉၃ မိုင် သုံးဖာလုံ၊ ကတ္တရာလမ်းပြင်ဆင်ခြင်း ၄၅ မိုင် လေးဖာလုံ၊ လမ်းချဲ့ခြင်း ၁၀၉၀၉၆ ကျင်း၊ ကျောက်စီမြေကာနံရံနှင့် ရေမြောင်း ၂၄၂၉၈ ပေ၊ အခိုင်အမာ သံကူကွန်ကရစ်တံတားနှင့် ရေပြွန် ၁၂၇ စင်းတို့အား ဆောင်ရွက်နိုင်ခဲ့၍ ခရီးလမ်း ပိုမိုအဆင်ပြေချောမွေ့လာခဲ့ပါကြောင်းကို ရှင်းပြသည်။

နမ့်စန်မြို့အဝင်လမ်းတစ်နေရာတွင် လမ်းများပြေပြစ်ကောင်းမွန်၍ သွားလာမှုအဆင်ပြေလျက်ရှိစဉ်။

ကိုကျော်သီဟ ရုံးမှပြန်တော့ ည ၈ နာရီ တည်းခိုဆောင်ရောက်မှ ထမင်းကြော် မှာစားပြီး အနားယူစဉ်းစားရင်း အိမ်ပျော်သွားခဲ့ပါတော့သည်။ အိပ်ရာနိုးတော့ နံနက် ၆ နာရီ အသင့်အနေအထားဖြစ်အောင် စီစဉ်ပြီး ကင်မရာအိတ်ဆွဲကာ ဧည့်ကြိုခုံမှ ထိုင်စောင့်နေတုန်း ကားရောက်လာ၍ နံနက် ၇ နာရီ ၅ မိနစ်

ဦးစိုင်းနော်ခမ်း (ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး)

ခန့်တွင် စတင်ခရီးထွက်ခွာခဲ့ပါသည်။

နံနက်စောစောဖြစ်၍ တောင်ကြီးမြို့သည် အေးချမ်းမှုကို ခံစားရတုန်း။ မပူဘဲ၊ အနွေးထည်ပါးပါးလေး တစ်ထည်ဝတ်ထားမှ အဆင်ပြေသည်။ ကားသည် တဖြည်းဖြည်းနှင့် တောင်ကြီးမှ ထွက်ခွာလာပြီး ဟိုပုံးဘက်သို့ ရောက်ရှိလာသည် ဟိုပုံးအထွက် မုန်ဦးတစ်ခုတွေ့လို့ ကြည့်လိုက်တော့ ဟိုပုံးကိုရင်လေးကျောင်း မုန်ဦးဖြစ်နေတော့ ကျွန်တော့်အား လိုက်ပါပို့ဆောင်သူ ဦးစိန်ဝင်းနှင့် စကားစမြည်ပြောရင်း ကိုရင်လေးအကြောင်း မေးမြန်းကြည့်ကာ ဝင်ရောက်ဖူးမြော်ချင်စိတ်ပေါက်လာသည်။ လမ်းတွေက ကျယ်လည်းကျယ်၊ ကားနှစ်စီး အေးအေးလူလူရှောင်သွားတာကို တွေ့ရပြန်တယ်၊ တစ်ဖန်လမ်းခွ နှစ်ခုတွေ့လို့ကြည့်လိုက်တော့ ဘုရားဖူးကားတွေလည်း ရပ်ထားပြီး လူတွေလည်း တစ်ဖက်လမ်းမှ ဆင်းသွားတာတွေ့လို့ ကြည့်လိုက်တော့ ထမ်ဆမ်းဂူ၊ လမ်းတွေ၊ တောင်တွေ ကွေ့ပတ်ပြီး ဆက်မောင်းလာတာ ထိပ်ဆုံးရောက်တော့ တကယ်သာယာလှပတဲ့ နေရာတစ်ခုပဲ၊ ဒါနဲ့ကားကို ရပ်ခိုင်းပြီး တောင်ထိပ်မှ ဓာတ်ပုံမှတ်တမ်းတင်ရင်း ကိုစိန်ဝင်း ဒီနေရာက ဘာခေါ်လဲလို့ မေးကြည့်တော့ "ဝ"တစ်လုံးတောင်ဟုခေါ်ကြောင်း သိရတယ်။ ဓာတ်ပုံရိုက်လို့ပြီးမှ ဆက်ထွက်လာခဲ့ရာ လွိုင်လင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးမှ ခရိုင်အင်ဂျင်နီယာမှူး ဦးသူရဇော်နှင့် တွေ့ပြီး နမ့်စန်ဘက်သို့ ဆက်ထွက်လာခဲ့သည်။ လမ်းတစ်လျှောက် သာယာမှု၊ သွားရေးလာရေး အဆင်ပြေမှုကို လက်တွေ့ခံစားရသည်။ နမ့်စန်မြို့အထွက် ရောက်တော့ ခရီးသည်တင် အငှားယာဉ်တစ်စီးကို တားပြီး မေးမြန်းကြည့်ရာ ယာဉ်မောင်းမှာ ကိုဝင်းဦး နမ့်စန်မြို့ နေသူဖြစ်ကြောင်း သိရသည်။ ယာဉ်မောင်းက ဆက်လက်ရှင်းပြရာတွင် "ကျွန်တော် ဒီလမ်းကြောင်းမှာ ယာဉ်မောင်းလာတာ ငါးနှစ်ရှိပြီး တောင်ကြီး-တာချီလိတ် လိုင်းဆွဲခဲ့ပါတယ်။ အရင်တုန်းက လမ်း၌ နှစ်ညအိပ်ပြီးမှ ကျိုင်းတုံရောက်တာ၊ ကားခကျပ် ၄၅၀၀၀ ပါ၊ အခုတော့ အဲဒီလို မဟုတ်တော့ပါဘူး၊ နံနက် ၅ နာရီ ထွက်ရင် ကျိုင်းတုံကို ည ၇ နာရီ လောက်နဲ့ ရောက်ပါပြီ၊ လမ်းမှာ အေးချမ်းပြီး လမ်းတွေကလည်း ကောင်းတော့ အချိန်မကုန်တော့ဘူးပေါ့။ အခုဆို တောင်ကြီးကနေ နံနက် ၅ နာရီ ထွက်ရင် တာချီလိတ်ကို ည ၈ နာရီလောက်ဆို ရောက်ပြီလေ၊ ကားခလည်း အခုဆို ကျပ် ၃၅၀၀၀ ဆိုတော့ ဈေးသက်သာလာတယ်၊ အချိန်ကုန်လည်း သက်သာလာတော့ အရင်ကထက် ကျွန်တော်တို့စီးပွားပိုဖြစ်လာတယ်။ အခုလိုလမ်းတွေ ကောင်းအောင် ပြုပြင်ပေးလို့ နိုင်ငံတော်နဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ကြောင်း"ကို ရှင်းလင်းပြောကြားသွားသည်။

❖ ကလောမှ

ထို့အတူ ကျောက်မဲမြို့ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ မော်မာအုပ်စု ထန်းတပင်ကျေးရွာတွင် အိမ်ခြေ ၄၅ လုံး၊ ခဲတုံကျေးရွာတွင် အိမ်ခြေ ၁၅ လုံး၊ မော်မာကျေးရွာတွင် နေအိမ် ၃၅ လုံး၊ မန်လွယ်ကျေးရွာတွင် နေအိမ် အလုံး ၆၀၊ ပါကန်ကျေးရွာတွင် နေအိမ် ရှစ်လုံး၊ ဟဲကွီကျေးရွာအုပ်စု နပါဟန်ခိတ်ရွာ(တောင်)တွင် စာသင်ကျောင်း တစ်လုံးနှင့် နေအိမ် ခြောက်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံရေးပါတီ တည်ထောင်လိုသူမ…
ပြည်ထောင်စုရွေးကောက်ပွဲကော်မ…
နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှေ…

နေပြည်တော်　မေ　၃

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထေ…
ကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြေ…
လျက်ရှိရာ ဇန်နဝါရီ ၇ ရက်တွင် ဒေါက်တာကျော်ဇေ…
ပုဂ္ဂိုလ် ၁၇ ဦးတို့က **ပြည်ထောင်စုအမျိုးသားများဖွံ့ဖြ…**
(UNION NATIONALS DEVELOPMEN…
တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့…
ယင်းလျှောက်ထားချက်နှင့် ပတ်သက်ပြီး ပါတီ…
ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေ…
၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်…
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရ…
မေတ္တာရပ်ခံညှိနှိုင်းထားသည်။

နိုင်ငံခြားမှ သုံးစွဲ၍မရသော…
ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်…

ရန်ကုန်　မေ　၃

နိုင်ငံတော်မှ ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံစေပြီး မော်တော်ယာဉ်အသစ်များ (သို့မဟုတ်) ကောင်းမွန်သောကားများ တင်သွင်းစေလိုသောရည်ရွယ်ချက်ဖြင့် ၂၀၁၁ နှစ် စက်တင်ဘာ ၁၁ ရက်တွင် နိုင်ငံပိုင်သတင်းစာများမှ မှတ်ပုံတင်သက်တမ်း နှစ် ၄၀၊ နှစ် ၃၀ နှင့် နှစ် ၂၀ ရှိ ကားများကို အပ်နှံပြီးပါက ၁၉၉၅ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ မော်တော်ယာဉ်တစ်စီး ဝယ်ယူခွင့်ပြုကြောင်း ကြေညာ၍ စတင်ခွင့်ပြုခဲ့ပါသည်။

နိုင်ငံတော်၏ စီမံချက်ဖြင့် အိုမင်းဟောင်းနွမ်းနေသော မော်တော်ယာဉ်များ အစားထိုးလဲလှယ်ရေးလုပ်ငန်းစီမံချက်ကို အကောက်ခွန်ဦးစီးဌာနမှ ၂၅-၁၀-၂၀၁၁

ရက်တွင် စတ…
ယခုနှစ် ဇန်နဝ…
စီမံချက် မေ…
၁၂၆၇၃၃ စီး …
မော်တော်ယာ…
ပျက်စီးကားမျ…

လားရှိုးမြို့တွင် ဘရိတ်ပေါက်သော ၁၂ …

လားရှိုး　မေ　၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ဘရိတ်ပေါက်သော ၁၂ ဘီး ကုန်တင်ယာဉ်မှ အခြားမော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်သုံးစီးအား တိုက်မိကာ လူနေခြံဝင်းထဲသို့ ထိုးကျသွားသည့် ဖြစ်စဉ်တစ်ခု မေ ၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကိုသိန်းရွှေ နမ့်ဆန်မြို့နေသူသည် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်းတန်ချိန် ၁၇ တန်ခန့်အား မန္တလေးမှ လားရှိုးသို့ ပို့ရန်အတွက် ၁၂ ဘီးယာဉ် ၃ခ/--- ကို မန္တလေးမှ လားရှိုးလမ်းမကြီးအတိုင်း မောင်းနှင်လာရာ လားရှိုးမြို့အတွင်း ဖြတ်သန်းသွားသော ပြည်ထောင်စုလမ်းမကြီး ရပ်ကွက် (၁) နယ်မြေ (၅)နေရာ အရောက်၌ ကားဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးယာဘက်ရှိ ကွန်ကရစ်ဓာတ်တိုင်ကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကွန်ကရစ်ဓာတ်တိုင်
ကို တိုက်မိ…
ရပ်တန့်သွားခြ…
တစ်ဖက်ယာဉ်…
သွားကာ …
ပြည်ထောင်စု…
မောင်းနှင်လာ…
ယာဉ်၏ နောက…
အဆိုပါ
နောက်ဘက်…
ဆိုက်ကယ်အ…
သွားပြီး တစ်…
တွင် ရပ်တန့်…
နှစ်စီးကိုပါ …
အဆုံးတွင်ရှိ…
တိမ်းမှောက်သွ…
ထိုသို့ ဆင့်…
စဉ်တွင် ၁…
ကိုသိန်းရွှေနှင့်…
လာသော …
လားရှိုးမြို့နေ…
ပြီး ၁၂ ဘီးယာ…
(၂၄)နှစ်
ဆိုင်ကယ်နော…
လာသော …
လားရှိုးမြို့နေ…



နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၃

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဇန်နဝါရီ ၇ ရက်တွင် ဒေါက်တာကျော်ဇေယျာဝင်း အပါအဝင် ပုဂ္ဂိုလ် ၁၇ ဦးတို့က **ပြည်ထောင်စုအမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (UNION NATIONALS DEVELOPMENT PARTY)** ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့် ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။

(သတင်းစဉ်)

❐ ကျောဖုံးမှ

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက မိမိတို့တိုင်းဒေသကြီးအတွင်း မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ကြီးအုံကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ နှစ်ရုံရှိကြောင်း၊ မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံမှ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်နှင့် ကြီးအုံကြီးဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ထွက်ရှိပြီး ၎င်းဓာတ်အားများသည် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးသည်လည်း တစ်နှစ်လျှင် ပျမ်းမျှ မိုးရွာရက် ၆၀ ရက်ခန့်ရှိပြီး မိုးရေချိန် လက်မ ၃၀ ခန့် ရရှိကြောင်း၊ နေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် သင့်တော်သော ဒေသဖြစ်သည်နှင့်အညီ ယခု စီမံကိန်းကြီး ပြီးစီးပါက နိုင်ငံတော်အတွက်သာမက မကွေးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူလူထုအတွက်ပါ များစွာ အကျိုးရှိမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ Green Earth Power Co., Ltd.၏ Chairman, Mr. Paul Yaung က စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်နှင့် ထိုင်းနိုင်ငံ Green Earth Power Co., Ltd. Managing Director Mr. Supasit Skontanarak တို့က နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ **(ဓာတ်ပုံ)**

မင်းဘူးဒေသ၌ဆောင်ရွက်မည့် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းသည် မင်းဘူးမြို့မှ ၁၄ မိုင်ခန့်အကွာ မင်းဘူး-အမ်း ရထားလမ်းဘေးတွင် တည်ရှိပြီး စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက လျှပ်စစ်ဓာတ်အား ၅၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားမှ သုံးစွဲ၍မရသော တိုက်ကြေကားများတင်သွင်းပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ကြောင်း အသိပေးကြေညာ

ရန်ကုန် မေ ၃

နိုင်ငံတော်မှ ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံစေပြီး မော်တော်ယာဉ်အသစ်များ (သို့မဟုတ်) ကောင်းမွန်သောကားများ တင်သွင်းစေလိုသောရည်ရွယ်ချက်ဖြင့် ၂၀၁၁ နှစ် စက်တင်ဘာ ၁၁ ရက်တွင် နိုင်ငံပိုင်သတင်းစာများမှ မှတ်ပုံတင်သက်တမ်း နှစ် ၄၀၊ နှစ် ၃၀ နှင့် နှစ် ၂၀ ရှိ ကားများကို အပ်နှံပြီးပါက ၁၉၉၅ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ မော်တော်ယာဉ်တစ်စီး ဝယ်ယူခွင့်ပြုကြောင်း ကြေညာ၍ စတင်ခွင့်ပြုခဲ့ပါသည်။

နိုင်ငံတော်၏ စီမံချက်ဖြင့် အိုမင်းဟောင်းနွမ်းနေသော မော်တော်ယာဉ်များ အစားထိုးလဲလှယ်ရေးလုပ်ငန်းစီမံချက်ကို အကောက်ခွန်ဦးစီးဌာနမှ ၂၅-၁၀-၂၀၁၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ချိန်မှ ယခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ စီမံချက် မော်တော်ယာဉ်စီးရေ ၁၂၆၇၃၃ စီး တင်သွင်းခဲ့ပြီး အဆိုပါ မော်တော်ယာဉ်များတွင် တိုက်ကြေပျက်စီးကားများ တင်သွင်းထားခြင်း မရှိကြောင်း တွေ့ရှိရသည်။

သို့ရာတွင် ယင်းရက်နောက်ပိုင်းမှစ၍ တင်သွင်းမှုများရှိလာခဲ့ပြီး တိုက်ကြေပျက်စီးကားများ၏ အနေအထားအရ သုံးစွဲသူများအတွက် လုံခြုံမှုစိတ်မချရသော အန္တရာယ်ဖြစ်စေနိုင်သည့် ယာဉ်များဖြစ်သောကြောင့် ထိုကားများကို တင်သွင်းခွင့်ပြုမည်ဆိုပါက ကြံ့ခိုင်မှုမရှိနိုင်တော့ဘဲ အသုံးပြုရာတွင် အန္တရာယ်ရှိစေနိုင်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပြည်ပမှ တင်သွင်းလာသည့် တိုက်ကြေကားများသည် သုံးစွဲသူ ပြည်သူအတွက် ထိခိုက်နစ်နာစေနိုင်ခြင်း၊ အသက်အန္တရာယ်ဖြစ်စေနိုင်ခြင်းတို့ကြောင့် လည်းကောင်း၊ ကုန်သွယ်မှုမူဝါဒအရ လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း တင်သွင်းခွင့်မပြုသည့် ယာဉ်များဖြစ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း၊ နောင်တွင်လည်း အလားတူတိုက်ကြေကားများ တင်သွင်းလာပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည် ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနက အသိပေးကြေညာထားသည်။

(ကြေးမုံ)

လားရှိုးမြို့တွင် ဘရိတ်ပေါက်သော ၁၂ ဘီးယာဉ်တိုက်မှုကြောင့် လူနှစ်ဦးသေဆုံးကာ နှစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိ

လားရှိုး မေ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ဘရိတ်ပေါက်သော ၁၂ ဘီး ကုန်တင်ယာဉ်မှ အခြားမော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်သုံးစီးအား တိုက်မိကာ လူနေခြံဝင်းထဲသို့ ထိုးကျသွားသည့် ဖြစ်စဉ်တစ်ခု မေ ၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကိုသိန်းရွှေ နမ့်ဆန်မြို့နေသူသည် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်းတန်ချိန် ၁၇ တန်ခန့်အား မန္တလေးမှ လားရှိုးသို့ ပို့ရန်အတွက် ၁၂ ဘီးယာဉ် ၃ခ/--- ကို မန္တလေးမှ လားရှိုးလမ်းမကြီး အတိုင်း မောင်းနှင်လာရာ လားရှိုးမြို့အတွင်း ဖြတ်သန်းသွားသော ပြည်ထောင်စုလမ်းမကြီး ရပ်ကွက် (၁) နယ်မြေ (၅)နေရာ အရောက်၌ ကားဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးယာဘက်ရှိ ကွန်ကရစ်ဓာတ်တိုင်ကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကွန်ကရစ်ဓာတ်တိုင်ကို တိုက်မိသော်လည်း ကားမှာ ရပ်တန့်သွားခြင်းမရှိဘဲ အရှိန်ဖြင့် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားကာ သိန်းနီလမ်းမဘက်မှ ပြည်ထောင်စုလမ်းမကြီးဘက်သို့ မောင်းနှင်လာသော ခြောက်ဘီးယာဉ်၏ နောက်ဘက်ကို တိုက်မိရာ အဆိုပါ ခြောက်ဘီးယာဉ်၏ နောက်ဘက်တွင် ပါလာသော ဆိုက်ကယ်အား ဒယဉ့်တိုက်ဆွဲချသွားပြီး တစ်ဆက်တည်းလမ်းဘေးတွင် ရပ်တန့်ထားသည့် ဆိုင်ကယ်နှစ်စီးကိုပါ ဆက်တိုက်မိ၍ လမ်းအဆုံးတွင်ရှိသော လူနေအိမ်ခြံဝင်း၌ တိမ်းမှောက်သွားခဲ့သည်။

ထိုသို့ ဆင့်ကဲယာဉ်တိုက်မှုဖြစ်စဉ်တွင် ၁၂ ဘီးယာဉ်မောင်း ကိုသိန်းရွှေနှင့် ဆိုင်ကယ် မောင်းနှင်လာသော သက်နိုင်ဦး (၃၁)နှစ် လားရှိုးမြို့နေသူနှစ်ဦးမှာ သေဆုံးခဲ့ပြီး ၁၂ ဘီးယာဉ်ပေါ်ပါ မခင်မေသင်း (၂၄)နှစ် နမ့်ဆန်မြို့နေသူနှင့် ဆိုင်ကယ်နောက်တွင် လိုက်ပါစီးနင်းလာသော မနီနီလွင် (၂၉)နှစ် လားရှိုးမြို့နေသူနှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိသဖြင့် လားရှိုး ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူလျက်ရှိသည်။

အဆိုပါ ယာဉ်နောက်လိုက်ဖြစ်သော မောင်အောင်နိုင်း ကယားပြည်နယ်နေသူအား တွေ့ဆုံမေးမြန်းစုံစမ်းခဲ့ရာ "ကျွန်တော်တို့ကားဟာ ဆောက်လုပ်ရေးသုံး သံချောင်း ၁၇ တန်ခန့်ကို မန္တလေးကနေ လားရှိုးမြို့ရှိ ဆိုင်တစ်ဆိုင်ကို ပို့ဖို့လာခဲ့တာပါ။ ကျောက်မဲကနေ ခရီးဆက်ပြီး လားရှိုးမြို့ကိုရောက်ပါတယ်။ မြို့အဝင် အဝိုင်းပတ်ကို ကျော်လာရာ ကားကစပြီးဘရိတ်ပေါက်သလိုဖြစ်လာတယ်လို့ ဒရိုင်ဘာက ပြောပါတယ်။ အဲဒီနောက် ကားဘရိတ်က လုံးဝအသုံးပြုလို့မရတော့လို့ ကျွန်တော့်ဒရိုင်ဘာက ခုန်ဆင်းဖို့ပြောပါတယ်။ ကျွန်တော်လည်း အခုယာဉ်တိုက်မှုဖြစ်ပွားရာနေရာ မရောက်ခင် တော်တော်ဝေးဝေးမှာ ကားပေါ်က ခုန်ချလိုက်ပါတယ်။ အခုလိုဖြစ်သွားတာကို စိတ်မကောင်းပါဘူး" လို့ ၎င်းတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကို ပြောပြခဲ့သည်။

(ချယ်ရီလှိုင်)

ကျေးလက်ဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော သားဖွားဆရာမများ

ဒေါက်တာသိဂီမြင့်
ဒုတိယညွှန်ကြားရေးမှူး (မိခင်နှင့်ကလေး)

"အနီရောင်နတ်သမီးလေးများ (Red Angels)" ဟု တင်စားခေါ်ဝေါ်ခံရသော သားဖွားဆရာမလေးများအတွက် နှစ်စဉ် မေလ ၅ ရက်နေ့သည် အမှတ်တရနေ့ဖြစ်ပါသည်။ ယခုနှစ်ဆောင်ပုဒ်မှာ **"ကမ္ဘာက ထာဝရ လိုအပ်ကြ တို့သားဖွားဆရာမ"** ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် မိခင်ပေါင်း ၂၈၇၀၀၀ နှင့် တစ်နှစ်အောက်ကလေး သုံးသန်းကျော်ခန့်သည် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ် သေဆုံးနေကြပါသည်။ အကယ်၍သာ လုံလောက်သော သားဖွားဆရာမများ ရှိခဲ့လျှင် ယင်းသေဆုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်သည်။ အရည်အသွေးပြည့်ဝသော သားဖွားဆရာမ လုံလောက်စွာနှင့် ပစ္စည်းကိရိယာပြည့်စုံစွာရှိပါက မိခင်သေဆုံးမှု၏ ၆၀ ရာခိုင်နှုန်းကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် မိခင်၊ ကလေးကျန်းမာရေး စောင့်ရှောက်မှုအားလုံး လက်လှမ်းမီနိုင်ဖို့ အမှန်တကယ် သားဖွားဆရာမ ၃၅၀၀၀၀ လိုအပ်ပါသည်။

ထို့ကြောင့် မိခင်နှင့် မွေးကင်းစကလေးသေနှုန်း လျော့ကျရန် သားဖွားဆရာမများ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း အားလုံးအသိပင်ဖြစ်ပါသည်။ နေရာအမျိုးမျိုး၊ ဒေသအမျိုးမျိုး၊ အလွှာအမျိုးမျိုးရှိ မိခင်များ၏ ပြဿနာကို သားဖွားဆရာမများ အမှန်တကယ် ကိုင်တွယ်ဖြေရှင်းနေကြသည်ကို လူတိုင်းနားလည်ကြပါသည်။

မြန်မာနိုင်ငံတွင် ၇၀ ရာခိုင်နှုန်းသော ကျေးလက်ဒေသရှိ လူဦးရေ၏ ကျန်းမာရေးစောင့်ရှောက်မှုကို သားဖွားဆရာမများမှ အဓိကတာဝန်ယူဆောင်ရွက်နေကြပါသည်။ ၂၀၁၁ ခုနှစ်အထိ သားဖွားဆရာမပေါင်း ၂၀၀၄၄ ဦးကို မွေးထုတ်ပေးခဲ့ပြီး ၉၉၃၂ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ သားဖွားဆရာမများသည် သားဖွားခြင်းလုပ်ငန်းများဖြစ်သော ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားခြင်း၊ မီးတွင်းစောင့်ရှောက်ခြင်း၊ သားဆက်ခြားခြင်းများကို အဓိကထားဆောင်ရွက်သည့်အပြင် မွေးကင်းစကလေးစောင့်ရှောက်ခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ အာဟာရလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးပညာ၊ ကူးစက်ရောဂါ နှိမ်နင်းရေး၊ ဆေးကုသမှုလုပ်ငန်း၊ စာရင်းဇယားကောက်ယူခြင်းနှင့် လူနာညွှန်းပို့ခြင်းများစသည့် များပြားလှစွာသော လုပ်ငန်းများကို ဝန်နှင့်အားမမျှစွာ ထမ်းဆောင်နေကြရပါသည်။ သားဖွားဆရာမတစ်ဦးလျှင် ပျမ်းမျှလူဦးရေ ၄၀၀၀ ခန့်ကို ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပြီး ရွာပေါင်း ခုနစ်ရွာခန့် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် သားဖွားဆရာမများ လိုအပ်သလောက်မရမီ အရန်သားဖွားဆရာမများကို ဆက်လက်မွေးထုတ်ပေးလျက်ရှိဆဲ ဖြစ်ပါသည်။ သို့သော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်အရ အရန်သားဖွားဆရာမများသည် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းအဆင့်တွင် မပါဝင်သေးတာကို သတိထားရမှာ ဖြစ်ပါသည်။

ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းအင်အားကို ၁၀ ရာခိုင်နှုန်း တိုးမြှင့်သည်နှင့်အမျှ မိခင်သေနှုန်း ငါးရာခိုင်နှုန်း လျော့ကျစေသည်။ မလေးရှား၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့တွင် သားဖွားဆရာမ ဝန်ထမ်းအင်အားကို မြှင့်တင်ခြင်းဖြင့် ၁၀ နှစ်အတွင်း မိခင်သေဆုံးမှုနှုန်း ထက်ဝက်ခန့် လျော့ကျခဲ့ပါသည်။ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းဆိုသည်မှာ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး အန္တရာယ်လက္ခဏာ ပေါ်ပေါက်ပါက ချက်ချင်းသိရှိပြုစုကုသပြီး လိုအပ်ပါက ညွှန်းပို့နိုင်သူများကို (ဥပမာ-ဆရာဝန်၊ သူနာပြု၊ လက်ထောက်ကျန်းမာရေးမှူး၊ ကျန်းမာရေးဆရာမ၊ သားဖွားဆရာမ) ဆိုလိုပါသည်။

ထို့ကြောင့် ကျေးလက်ဒေသများတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစ ကလေးတိုင်းအား ကျွမ်းကျင်သော ဝန်ထမ်းဖြစ်သည့် သားဖွားဆရာမများနှင့် စောင့်ရှောက်မှုခံယူရန် အဓိက အရေးအကြီးဆုံးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနမှ သားဖွားဆရာမများအပါအဝင် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သားများအား ထူးချွန်ဝန်ထမ်းများအဖြစ် ရွေးချယ်၍ လေ့လာရေးခရီး စေလွှတ်ခြင်းဖြင့် ဝန်ထမ်းစွမ်းဆောင်ရည် မြင့်မားစေရန် ဆောင်ရွက်လျက်ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ **"၂၀၁၅ ခုနှစ်တွင် ထောင်စုနှစ်ပန်းတိုင်ပြည့်မီရေး၊ မိခင်နှင့်ကလေးသေဆုံးမှု ကျဆင်းရေးအတွက်"** သားဖွားဆရာမများ၏ ဆောင်ရွက်မှုများအား ဤဆောင်းပါးဖြင့် ရေးသားဂုဏ်ပြုလိုက်ရပါသည်။ ။

✻ မင်းလှမြို့နယ်မှ

ရေနံမတောင်ရွာမှ မီးဘေးဒုက္ခသည် ၁၂၄ ဦး စုစုပေါင်း မီးဘေးဒုက္ခသည် ၃၇၉ ဦးရှိသည်။ အဆိုပါမီးလောင်မှုကြောင့် မင်းလှမြို့နယ် မီးသတ်စခန်းမှ ဒု-ဦးစီးမှူး ဦးရဲညွန့်ဦးဆောင်၍ မီးသတ်ယာဉ်သုံးစီး၊ အမြှုပ်ဆေးရည် ၁၀ ဂါလန်၊ မင်းလှမြို့နယ်မှ ပုဂ္ဂလိက ရေသယ်ယာဉ် ခြောက်စီး၊ မင်းဘူး မီးသတ်မှ မီးသတ်ယာဉ်နှစ်စီး၊ မကွေး မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ပဒါန်းကျေးရွာမှ ပုဂ္ဂလိက ရေသယ်ယာဉ်တစ်စီး စုစုပေါင်းမီးသတ်ယာဉ် ခုနစ်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ် ခုနစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၄ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးတို့ သွားရောက်ငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။ **ကိုကိုအောင်(သရက်)**

မော်ကျွန်းဈေးဆိုင်ခံတံတား၌ ခရီးသည်တင်သဘော်များ ဆိုက်ကပ်ခွင့်ပြု

ရန်ကုန်　　မေ　　၃

တည်ဆောက်ပြီးစီးသော်လည်း မော်ကျွန်းမြို့သို့အဝင် ကြားသဘော်(လူစီး-ကုန်တင်ရေယာဉ်)များကို ဆိုက်ကပ်ခွင့်မပေးသေးသည့်မဟာဗန္ဓုလ (၁)လမ်းထိပ်ရှိ မော်ကျွန်းဈေးဆိုင်ခံတံတားတွင် မေ ၁ ရက်မှစ၍ ရန်ကုန်မြို့မှ ဝင်ရောက်လာသော ခရီးသည်တင်ရေယာဉ်ကြားသဘော်များကို ဆိုက်ကပ်ခွင့်ပြုသဖြင့် ခရီးသည်များ မြို့ပေါ်သို့ လွယ်ကူစွာတက်နိုင်ပြီဟု ဒေသခံများက ဆိုသည်။

အဆိုပါတံတားအသုံးပြုခွင့်မပေးသေးသဖြင့် အဝင်သဘော်နှစ်စင်းမှာ အထွက်သဘော်နှစ်စင်းဘေးတွင် စုပြုံကပ်နေရကြောင်း၊ သဘော်တစ်စင်းနှင့်တစ်စင်း အနိမ့်အမြင့်မညီ၍ သဘော်အတက်တွင် ခရီးသည်များအထူးသဖြင့် သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ အမျိုးသမီးများသတိထားသွားလာနေကြရကြောင်း ဧပြီလ နောက်ဆုံးပတ်အတွင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြပြီးနောက် များမကြာမီ ရန်ကုန်လှည်းတန်းခုံးကျော်တံတားကဲ့သို့ ဖွင့်ပွဲမပြုလုပ်ရသေးသော်လည်း အများပြည်သူအသုံးပြုခွင့်ပေးလာခြင်းဖြစ်ရာ ရေလမ်းခရီးဖြင့် သွားလာသော မြို့သူ မြို့သားများ အဆင်ပြေစွာသွားလာနိုင်ပြီဟု ဆိုသည်။

ရှပ်ပြေးနှစ်ထပ်ရေယာဉ်လိုင်းနှစ်လိုင်းအနက် တစ်လိုင်းတွင် ပြေးဆွဲနေသော ရှပ်ပြေးရေယာဉ်ကြီးများ သစ်သားကုန်းပေါင်တစ်ပြားခင်းသော ယာယီတံတားအသုံးပြုနေခြင်းအစား ယခုအခါ အဝင်တွင် ပြည်တွင်းရေကြောင်းဆိပ်ခံတံတားတွင်ဆိုက်ကပ်ပြီး အထွက်တွင် ယခင်နှစ်တွင် ဆိုက်ကပ်သော တံတားတွင် ပြန်လည်ဆိုက်ကပ်ပေးသဖြင့် အဆိုပါ ရှပ်ပြေးနှစ်ထပ်ရေယာဉ်လိုင်းတွင် စီးနင်းသောခရီးသွားများလည်း အဆင်ပြေလာသည်ဟု မော်ကျွန်းမြို့သားတစ်ဦးက ဆိုသည်။

နိုင်ငံပိုင်သတင်းစာများ ယခုအခါ အသွင်ပြောင်းထုတ်ဝေလာရာ အများပြည်သူအကျိုးအတွက် ထင်သာမြင်သာပြုပြင်စရာများပါ ပွင့်လင်းမြင်သာစွာ ဖော်ပြလာမှုကြောင့် တည်ဆောက်ပြီးစီးသော်လည်း အသုံးပြုဆိုက်ကပ်ခွင့်မပြုသေးသော မော်ကျွန်းဈေးဆိပ်ခံဗောတံတားအား ဖွင့်ပွဲမပြုလုပ်ရသေးသော်လည်း အသုံးပြုခွင့်ရလာခြင်းအတွက် နိုင်ငံပိုင်သတင်းစာများအပေါ် ပြည်သူများ အလေးထားဖတ်ရှုခြင်း၊ ရေးသားတင်ပြခြင်းများ ပြုလုပ်လာသည်ကို မော်ကျွန်းမြို့သူ မြို့သားများ ကြုံတွေ့လာရသည်ဟု ဆိုသည်။

(မောင်စေအောင်)

ပွင့်လင်းမြင်သာသည့်ဒီမိုကရေစီ

ရန်ကုန်　　မေ　　၃

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအဝင်ဝတွင် ဧပြီ ၂၉ ရက် ညနေပိုင်းက လူတစ်စု ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မနီးမဝေးမှ စောင့်ကြည့်ခြင်းဖြင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခြင်းကို ထိခိုက်မှုမရှိခဲ့ပေ။

တစ်ချိန်တည်းတွင် မဟာဗန္ဓုလပန်းခြံအတွင်း စိမ်းစိုသောမြက်ခင်းပြင်ကျယ်ကြီးနှင့် ထောင်လိုက်မြင့်တက်ယိမ်းကနေသော ရေပန်းအလှတို့ကြားတွင် ပြည်သူများ အေးချမ်းစွာ အနားယူအပန်းဖြေနေကြသော မတူကွဲပြားသည့် မြင်ကွင်းနှစ်ခုအား တစ်မူထူးခြားစွာ မြင်တွေ့ခဲ့ရသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအခြေခံများကို ခိုင်ခိုင်မာမာ တည်ဆောက်ရာ၌ ပြည်သူလူထုအတွက် လိုအပ်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို စနစ်တကျ ခံယူကျင့်သုံးတတ်ဖို့ ဖြစ်ပါသည်။

(၇၀၁)

ရေနံရှာဖွေရေးကုမ္ပဏီများကြောင့် ဒေသခံများ ဒုက္ခရောက်နေ

ရေစကြို　မေ　၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အောက်ဘို၊ မအူ၊ ဗြိတ္တာ သစ်ကြီးတော၊ ဝက္ကတော၊ သံပြာချောင်း စသည့် ကျေးရွာများနှင့် ဝန်းကျင်တစ်ဝိုက်တွင် ရေနံရှာဖွေရေးကုမ္ပဏီများမှ ရေနံစမ်းသပ်ရှာဖွေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေနံရှာဖွေရေးကုမ္ပဏီများမှ ယာဉ်ယန္တရားအစီး ၂၀ ကျော်ခန့်သည် တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် ဒေသခံတောင်သူများ၏ သီးနှံစိုက်ခင်းများအတွင်း စည်းမဲ့ကမ်းမဲ့ဖြတ်သန်းမောင်းနှင်ကြခြင်းကြောင့် ကုလားပဲခင်းများ၊ ပဲတီစိမ်းခင်းများ ပျက်စီးလျက်ရှိကြောင်း၊ စိုက်ခင်းများအတွင်း အစမ်းတွင်းတူးခြင်း၊ မိုင်းခွဲခြင်းပြုလုပ်ရာတွင် စိုက်ခင်းပိုင်ရှင်များထံ ခွင့်တောင်းခြင်း၊ သဘောတူညီမှု ရယူခြင်းမရှိဘဲ ကိုယ်ထင်သလိုဝင်၊ ထင်သလိုလုပ်ကိုင်မိုင်းခွဲခြင်းကြောင့် စိုက်ပျိုးထားသည့် သနပ်ခါးပင်များ ရာနှင့်ချီ၍ ပျက်စီးခြင်းကြောင့် စိုက်ခင်းပိုင်ရှင်များမှာ မည်သူ့ကို ပြောရမည်မသိ၊ မည်သူမှလည်း တာဝန်မယူ၊ ရေနံရှာဖွေရာတွင် မည်သူတွေအကျိုးရှိသည်ကို မသိသော်လည်း လက်တွေ့တွင်ထင်သလိုလုပ်ခြင်းကိုခံနေကြရသည့် ဒေသခံပြည်သူများမှာ နစ်နာဆုံးရှုံးလျက်ရှိကြောင်း ဒေသခံများထံမှ ကြားသိရသည်။ **ဖေထွက်းဇော်(ရေစကြို)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက (ကမ္ဘောဇဘဏ် လီမီတက် ဥက္ကဋ္ဌ) ဝဏ္ဏကျော်ထင် စည်သူ ဦးအောင်ကိုဝင်း သည် (၃၀-၄-၂၀၁၃) ရက်နေ့တွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ၊ နိုင်ငံတော်သမ္မတ မှ ချီးမြှင့်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန် အများဆုံး သယ်ပိုး ထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်- ပထမဆု) အား ချီးမြှင့်ခံရခြင်း အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံ နှင့်လူမျိုး အကျိုးကို ဆတက်ထမ်းပိုး ပိုမို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နှင့်
မြန်မာနေရှင်နယ်လိဂ်ကော်မတီ

အင်းလေးကန်ရေနည်းပါး၍ သွားလာမှုအဆင်ပြေရန် ဆည်မြောင်းမှ ရေလမ်းကြောင်းများဖောက်လုပ်ပေး

သတင်းမှတ်စု
ဌေးအောင် (ကြေးမုံ)

ယခုနှစ် ပူပြင်းသောနွေရာသီ၏ဥတုဒဏ်ကို အများပြည်သူတို့ လက်တွေ့ခံစားနေကြရသလို ခရမ်းလွန်ရောင်ခြည်၏ ထိတွေ့မှုမရှိစေရန် ရှောင်ရှားရမည့်အချက်များကိုလည်း မကြာခဏ မီဒီယာများမှ ထုတ်လွှင့်ကြေညာပေးနေလျက် ရှိပါသည်။

ယခုနှစ်နွေရာသီ၏ဒဏ်ကြောင့် အင်းလေးကန်၌ ရေဝင်နည်းပါးခြင်း၊ ရေများခန်းခြောက်လာခြင်းတို့ ဖြစ်ပေါ်လာသည်ကို အများကြားသိရပြီးဖြစ်သည်။ သို့သော် အင်းလေးကန်ကြီး ပက်ကြားအက်နေပြီး လှေသွားလို့မရဘူး စသည့်သတင်းများသည် ချဲ့ကား၍ လူထုကြားရောက်ရှိနေခြင်းဖြစ်သည်။

အမှန်မှာ ၂၀၁၃ ခုနှစ် နွေရာသီကာလ ရေနည်းပါးသောအချိန်တွင် အင်းလေးကန်ရေမျက်နှာပြင် နိမ့်ကျလာသည်မှာ အမှန်ပင်။ သို့သော်ငြားလည်း ၂၀၁၀ ခုနှစ်ရေနည်းပါးခဲ့သည့်ကာလနှင့် နှိုင်းယှဉ်ကြည့်မိသော် ယခုနှစ်ရေနည်းပါးမှုမှာ များစွာအခြေအနေကောင်းမွန်နေသေးကြောင်း၊ သွားလာမှုခက်ခဲသော်လည်း ရေလမ်းကြောင်းများကောင်းမွန်အောင်၊ ဆိပ်ကမ်းများကောင်းမွန်အောင် ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဖောင်တော်ဦးဂေါပကအဖွဲ့နှင့် ညှိနှိုင်း၍ ဖောင်တော်ဦးဘုရားသို့ ရေလမ်းကြောင်းမှ စက်လှေများ ကောင်းမွန်စွာ ကပ်ရှိနိုင်ရေးအတွက် ဧပြီ ၂၄ ရက်မှစတင်ကာ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်ကို သိရသည်။

ယင်းနောက် အင်းလေးကန်၏ တောင်ဘက်ပိုင်း စကားအင်းသို့ စီးဝင်လာသည့် ရေလမ်းကြောင်း၌လည်း ဗေဒါများ ပိတ်ဆို့နေသဖြင့် ဆည်မြောင်းဦးစီးဌာနက ရှင်းလင်းပေးခဲ့သဖြင့် ယခုအရေးပေါ် ရေလမ်းကြောင်းမှ တစ်ဆင့် သွားလာလျက်ရှိကြပြီး ရေလမ်းကြောင်းတစ်လျှောက် ဗေဒါများရှင်းလင်းခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့် ဒေသခံများပူးပေါင်းကာ လုပ်ဆောင်လျက်ရှိရာ နောင်ကာလများတွင်လည်း အခက်အခဲမဖြစ်ပေါ်စေရေးအတွက် လိုအပ်သောစက်ယန္တရားများ ပေးပို့ဆောင်ရွက်နိုင်အောင် စီမံလျက်ရှိကြောင်း သိရသည်။

တစ်ဖန် ဆည်မြောင်းဦးစီးဌာနမှ ဦးကျော်ကျော်ဦး၏ ရှင်းပြချက်အရ သိရှိရသည်မှာ အင်းလေးကန်၏ ရေအနည်းဆုံးကာလတွင် ဧရိယာစတုရန်း မိုင်ပေါင်း ၄၀ ခန့်တည်ရှိနေပြီး ယနေ့သတင်းများ ရေးသားရာတွင် စတုရန်းမိုင် ၂၄ မိုင်သာရှိသည်ဆိုသည်မှာ ကောင်းကင်ဂြိုဟ်တုဓာတ်ပုံအရ တိုင်းတာလျှင် အင်းလေးကန်အလယ်၌ တစ်ဆက်တစ်စပ်တည်း တည်ရှိသည့်ရေပြင်ကျယ်ဧရိယာသာပါဝင်ပြီး အင်းလေးကန် ဧရိယာဟုဆိုရာတွင် ရေပြင်ကျယ်ဧရိယာသာမက ရေခြံစိုက်ပျိုးလုပ်ကိုင်သည့်ဧရိယာကိုပါ ထည့်သွင်းတွက်ချက်မှသာလျှင် မှန်ကန်သည်ဟု သိရှိရပြီး အင်းလေးကန်ကျဉ်းမြောင်းလာသည် ဆိုခြင်းထက် ကန်တိမ်ကောလာ သည်ဆိုလျှင် ပိုမိုမှန်ကန်သည်ဟု ဆိုရပေမည်။ နှစ်စဉ် အင်းလေးကန်အတွင်းသို့ မြေကြီးကျင်းပေါင်း သုံးသိန်းခန့် ဝင်ရောက်လာလျက်ရှိရာတွင် ဆည်မြောင်းဦးစီးဌာနအနေဖြင့် နှစ်စဉ်မြေကြီးကျင်း နှစ်သိန်းခန့်သာ တူးဖော်နိုင်ခဲ့သည်။ နှစ်စဉ်တွင် သဲနုန်းများကို ကန်အတွင်း၌သာ သယ်ဆောင်ဖယ်ထုတ်နေရပြီး ရေရှည်တွင် အခက်အခဲများရှိလာနိုင်သဖြင့် နုန်းများ ကန်အတွင်းသို့မရောက်မီ တားဆီးနိုင်သောအစီအမံများ ရှာဖွေဖော်ထုတ်ဆောင်ရွက်နေကာ၊ ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်းကို ယခုထက် စနစ်တကျထိရောက်အောင် ဆောင်ရွက်နိုင်လျှင် အင်းလေးကန်၏အနာဂတ် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

အင်းလေးကန် ဖောင်တော်ဦးဘုရားအနီး ဆည်မြောင်းမှ နုန်းများဆယ်၍ လမ်းကြောင်းရှင်းပေးစဉ်။

အင်းလေးကန်၏ ထိန်းသိမ်းရေးလုပ်ငန်းများကို သမားရိုးကျ လူအား၊ ဒေသခံလှေအင်အားများဖြင့် ဆောင်ရွက်နေရုံဖြင့် မလုံလောက်ဘဲ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၏ ဝိုင်းဝန်းပံ့ပိုးမှုများဖြင့် ရန်ပုံငွေထူထောင်၍ ဆောင်ရွက်သွားပြီး ပြည်သူလူထုတစ်ရပ်လုံး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့အမွေအနှစ်၊ အာဆီယံအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်သည်။ ။

မိုးမရွာသောရက် များလာသည်နှင့်အမျှ မြင့်တက်လာသောအပူရှိန်အတွက် ဂရုပြုရန်လို

ရန်ကုန် မေ ၃

မိုးမရွာသောရက် များလာခြင်းကြာမြင့်လာသည်နှင့်အမျှ လူတို့ခံစားရသော အပူရှိန်များမြင့်တက်နေခြင်းကို ဂရုပြုရန်လိုအပ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်ထံမှ သိရသည်။

တိုင်းတာ၍ရသော အပူချိန်ပမာဏသည် စံချိန်တင်အောင်မမြင့်သော်လည်း မိုးအုံ့ကာ မိုးမရွာသောရက်ကြာလာသည်နှင့် ခံစားရသော အပူချိန်များ မြင့်မားသည်တို့မှာ သဘာဝအရဖြစ်လာတတ်သည့်အတွက် ဂရုပြုရန်လိုအပ်ခြင်းဖြစ်ကြောင်း ၎င်းကစာပေဟောပြောပွဲတစ်ခုတွင် ထုတ်ဖော်ပြောကြားသည်။

လွန်ခဲ့သော ၁၉၇၈ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံအပါအဝင် အာရှဒေသတစ်ခုလုံး၌ အပူချိန်မြင့်တက်နေပြီး မိုးမရွာသောရက် များလာကြောင်း၊ အပူချိန်သည် စံချိန်တင်အောင် မမြင့်သော်လည်း အပူချိန်မြင့်သောရက်များ ဆက်တိုက်ကြုံလာသည့်အခါ Heat Stress များ တက်လာတတ်ကြောင်းသိရသည်။

"မီတာယူနစ်တွက်သလို သုံးတဲ့ wattage နဲ့ သုံးတဲ့ hour မြှောက်ရသလို အပူချိန်ဆိုတာကလည်း အပူချိန်နဲ့ ပူပြင်းချိန်တွေ နှစ်ခုပေါ်မှာ တည်နေပါတယ်။ လူတွေကပူလိုက်တာ ဆရာရယ်ဆိုတော့ အပူချိန်ကလည်း ဒီလောက်မဟုတ်ဘူး၊ ဒါပေမယ့် ခံစားရတဲ့အပူရှိန်ကိုတွက်တော့ တော်တော်လေးတက်နေတယ်။ အရင်က ကျွန်တော်တို့ မိုးလေဝသပညာမှာ သင်ခဲ့ဖူးတာကို ပြန်သတိရလို့ တွက်ကြည့်တာ။ ဒါတောင်မှ လွန်ခဲ့တဲ့နှစ်ကမှ တွက်ချက်သိလာခဲ့ရတာ"ဟု ၎င်းက ထုတ်ဖော်ပြောကြားသည်။

ထက်ခိုင်(စမ်းချောင်း)

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဘိန်းဖြူ ၈ ဒသမ ၂ ဂရမ် ဖမ်းဆီးရမိ

နေပြည်တော် မေ ၃

ထိုင်းလေကြောင်းခရီးဖြင့် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လိုက်ပါမည့်ခရီးသည် ညီညီမြင့်သိန်း (ခ)ညီညီလွင်ထံမှ ဘိန်းဖြူ ၈ ဒသမ ၂ ဂရမ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယနေ့နံနက် ၉ နာရီ ၂၅ မိနစ်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာအောက်ထပ် (Main X Ray) စက်တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးနေစဉ် ထိုင်းလေကြောင်း ခရီးစဉ်အမှတ် (TG 304) ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့လိုက်ပါမည့် ညီညီမြင့်သိန်း (ခ)ညီညီလွင်ဝတ်ဆင်ထားသည့် ဘောင်းဘီဝဲဘက်အိတ်အတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၄ ဂရမ်၊ ၎င်း၏ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူ ၄ ဂရမ်ခန့်၊ မျက်မှန်ဘူးအတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၂ ဂရမ်ခန့်၊ သုည ဒသမ ၆) ဂရမ်ခန့်ပါအထုပ်တစ်ထုပ်၊ ပိုက်ဆံအိတ်အတွင်းမှ ဘိန်းဖြူတစ်ဂရမ် စုစုပေါင်းအလေးချိန် ၈ ဒသမ ၂ ဂရမ် ခန့်အား ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ (မင်းမင်းဇော်-ကလေး)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက်မမေ့နှင့်

အထူးဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်အား ၃၀-၄-၂၀၁၃ ရက်၌ ချီးမြှင့်ပေးအပ်ရာတွင် တန်ဖိုးမြင့် ထုတ်ကုန်အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု ချီးမြှင့်ခံရသည့် မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ အဖေရောက် ဒါရိုက်တာဥက္ကဋ္ဌ **ဒေါက်တာအောင်လွင်** အတွက် မိသားစုနှင့်အတူ အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ မြိတ်ဒေသအကျိုး၊ လူမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်သူဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့နှင့် အစုရှယ်ယာရှင်များ
မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်

အထူးဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့ဂုဏ်ရှိန်ဆောင်ရည်ဆုအား ၃၀-၄-၂၀၁၃ ရက်၌ ချီးမြှင့်ပေးအပ်ရာတွင် ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု ချီးမြှင့်ခံရသည့် မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ ဒါရိုက်တာဥက္ကဋ္ဌ **ဦးလှသန်း** အတွက် မိသားစုနှင့်အတူ အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ မြိတ်ဒေသအကျိုး၊ လူမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်သူဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့နှင့် အစုရှယ်ယာရှင်များ
မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်

တစ်နှစ်တာ အကောင်းဆုံးဝတ်စားဆင်ယင်မှုဆု ဂုဏ်ပြုပေးအပ်ခြင်းခံခဲ့ရသည့် ခရစ္စတင်းစတီးဝပ်

Glamour အမျိုးသမီးမဂ္ဂဇင်းက ဟောလိဝုဒ် သရုပ်ဆောင် ခရစ္စတင်းစတီးဝပ်အား တစ်နှစ်တာလုံးအတွက် အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုကို ဒုတိယအကြိမ်အဖြစ် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

လူကြိုက်များသော ဇာတ်ကားတစ်ကားဖြစ်သည့် Twilight ဇာတ်ကားမှ အဓိကသရုပ်ဆောင်တစ်ဦးဖြစ်သူ မင်းသမီး ခရစ္စတင်းစတီးဝပ်သည် ယမန်နှစ်ဆုရှင်ဖြစ်သည့် အမ်မာဝပ်ဆန်ကို ကျော်ဖြတ်ကာ ယခုကဲ့သို့ ဂုဏ်ပြုခံခဲ့ရခြင်းဖြစ်ပြီး စတီးဝပ်နှင့်အတူ အခြားသော အနုပညာရှင်များအနေဖြင့် သရုပ်ဆောင် အမ်မာစတုန်း၊ ကန်းထရီးပေါ့ပ်စတား တေးသံရှင် တေလာဆွတ်ဖ်၊ ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းနှင့် တေးသံရှင် လေဒီဂါဂါတို့လည်း အဆိုပါ အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုရှင် ၂၅ ဦးစာရင်းတွင် အသီးသီး ဂုဏ်ပြုခံခဲ့ရသည်။

မကြာမီက Nickelodeon Kid's Choice Award ဆု ရရှိဆွတ်ခူးခဲ့သူ အသက်(၂၃)နှစ် အရွယ်ရှိသရုပ်ဆောင် ခရစ္စတင်းစတီးဝပ်အား အလှအပပြင်ဆင်ခြယ်သမှုအခမ်းအနားများ၏ ကော်ဇောနီပေါ်တွင် ရင်သပ်ရှုမောအောင် လှပကျော့ရှင်းနေမှုတို့ကို စိစစ်ရွေးချယ်ခြင်းဖြစ်ပြီး သိသာထင်ရှားသော ဝတ်စားဆင်ယင်မှုများအနေဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သည့် အော်စကာဆုပေးပွဲတွင်ဝတ်ဆင်ထားသော အဝတ်အစား ဒီဇိုင်းနှင့် Twilight ဇာတ်ကား၏ နောက်ဆုံး ပြုလုပ်ခဲ့သည့် ပရီမိုးရှင်းပွဲတွင် စတီးဝပ်ဝတ်ဆင်ခဲ့သည့် အဝတ်အစား ဒီဇိုင်းများသည် သူမ၏ ကိုယ်လုံးကိုယ်ပေါက်နှင့် လိုက်လျောညီထွေစွာ လှပနေစေခြင်းကြောင့် အဆိုပါဆုအတွက် ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် ➤ စုစည်းရေးသားသည်

အမေရိကန်ဂျာနယ်လစ် တစ်ဦးဖြစ်သူ Jake Adelstein ၏ ကိုယ်တွေ့မှတ်တမ်းများကို အခြေခံပြီး ရိုက်ကူးမည့် ဇာတ်လမ်း ရုပ်ရှင်တွင် နာမည်ကျော် ဟယ်ရီပေါ်တာဇာတ်ကားမှ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်သူ ဒန်နီယယ်ရက်ကလစ်ဖ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

ဟယ်ရီပေါ်တာဇာတ်ကားမှ လူငယ်မှော်ဆရာလေး

အမေရိကန်ဂျာနယ်လစ် တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်းရုပ်ရှင်တွင် ဒန်နီယယ်ရက်ကလစ်ဖ် သရုပ်ဆောင်မည်

အဖြစ် ကျော်ကြားလာခဲ့သူ ဒန်နီယယ်ရက်ကလစ်ဖ်၏ ခြေလှမ်းသစ်အနေဖြင့် ဂျပန်နိုင်ငံ၏အကြီးဆုံးသတင်းစာများတွင် မှုခင်းသတင်းများရေးသားခဲ့သူ အမေရိကန်ဂျာနယ်လစ် Jake Adelstein နေရာတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

ယင်းဇာတ်ကားကို ဝါရင့်စီးပွားရေးသမားဟောင်း Anthony Mandler က ၂၀၁၄ ခုနှစ် နှစ်ဦးပိုင်းတွင် စတင်ရိုက်ကူးသွားမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးသားမှုပိုင်းတွင် Jake Adelstein နှင့်အတူ နှစ်ပေါင်းရှည်ကြာစွာ အတူလက်တွဲ အလုပ်လုပ်ကိုင်ဖူးသော ဇာတ်ညွှန်းရေးဆရာ JT Rogers က ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒန်နီယယ်ဟာ အခု အသက်(၂၄)နှစ်ပါ။ ကျွန်တော်အဲဒီအရွယ်တုန်းက သတင်းထောက်ပေါက်စလေးပေါ့။ သူ့ရဲ့အသက်အရွယ်နဲ့ ဒီဇာတ်ကားရဲ့ဇာတ်ရုပ်က အတော်ကို လိုက်ဖက်မှုရှိပါတယ်"ဟု Jake Adelstein က ဆိုသည်။

ဒန်နီယယ်၏ လက်ရှိအနုပညာလှုပ်ရှားမှုများအနေဖြင့် မကြာမီက ကျင်းပခဲ့သော Sundance ရုပ်ရှင်ပွဲတော်တွင် ၎င်း၏ Kill Your Darling ဇာတ်ကား၊ Horns အမည်ရှိသဘာဝလွန် သည်းထိတ်ရင်ဖိုဇာတ်ကားနှင့် The F-Word အမည်ရှိ ဟာသကားကို ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဖြစ်ရပ်မှန်ဇာတ်လမ်းရုပ်ရှင်တွင် ဂျက်စီကာချက်စတိန်း ပါဝင်သရုပ်ဆောင်မည်

၂၀၀၇ ခုနှစ်က ထုတ်ဝေခဲ့သည့် ဒုတိယကမ္ဘာစစ်အတွင်းက တိရစ္ဆာန်ရုံထိန်းသိမ်းရေးဝန်ထမ်း စုံတွဲအကြောင်းကို ရေးသားထားသည့် သုတစာပေစာအုပ်ကို ရုပ်ရှင်အဖြစ် ပြန်လည်ရိုက်ကူးပုံဖော်ရာတွင် Zero Dark Thirty ဇာတ်ကားမှ သရုပ်ဆောင် ဂျက်စီကာချက်စတိန်းက အဓိကသရုပ်ဆောင်အဖြစ် ပါဝင်မည်ဖြစ်ကြောင်း ဟောလိဝုဒ် ရီပိုတာသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ယင်းဇာတ်ကားသည် စာရေးဆရာ Diane Ackerman ၏ဝတ္ထုဖြစ်ပြီး Warsaw တိရစ္ဆာန်ဥယျာဉ်မှ တိရစ္ဆာန်ရုံထိန်းသိမ်းရေးဝန်ထမ်းစုံတွဲဖြစ်သော Jan နှင့် Antonina Zabinski တို့က ရှားပါးတိရစ္ဆာန်ပေါင်းထောင်ပေါင်းများစွာကို နာဇီကျူးကျော်သူများလက်အတွင်းမှ ကယ်တင်ခဲ့သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းကို ရိုက်ကူးပုံဖော်ပေးထားသော ဇာတ်ကားတစ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို နယူးဇီလန်ဒါရိုက်တာ Niki Caro နှင့် ရိုက်ကူးပုံဖော်ပေးရန် သဘောတူလက်မှတ်ရေးထိုးထားပြီး ဇာတ်ညွှန်းကိုမူ Angela Workman က ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်စိန်ဂျိုးဇက် ၁၉၆၅ ခုနှစ် အထက(၃)၊ ယခု အထက(၂) လှိုင်ကော်၏ အငြိမ်းစား ဆရာ/မများအား အာစရိယပူဇော်ပွဲ

အလှူငွေလှူဒါန်းရန်ဘဏ်စာရင်းအမှတ် - ကမ္ဘောဇဘဏ်(လှိုင်ကော်)

အသေးစိတ်စုံစမ်းရန်

ကားရောင်းမည်
CHERY QQ 3(City Taxi)

ကျေးဇူးဆပ်ပါမည်
M-227822

ရောင်းမည်
Probox 1500CC,2007 ၅ ချပ် ...
wiper ...
Ph:09420313767

ချမ်းမိုင်းသစ္စာ
ကျိုက်ထီးရိုး
ချောင်းသာ
01-569782, 09-73198239

JADE Travel & Tours
10.5.2013 - 90000/-

Junction Cineplex
၃ ၊ ၅ ၊ ၂၀၁၃ တွင် စတင်ပြသမည့် ဇာတ်ကားများ (တစ်ပတ်စာ ကြိုတင် Booking လက်ခံနေပါပြီ)



Junction Square (Ph - 01 527 055)

Spiders (3D)	တနင်္လာ မှ ကြာသပတေး	10 : 30 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00
	သောကြာ ၊ စနေ	10 : 30 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 00
IRON MAN 3 (3D)	တနင်္လာ မှ ကြာသပတေး	10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00
	သောကြာ ၊ စနေ	10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 30
အချစ်ပိုးထောက်	တနင်္လာ မှ ကြာသပတေး	10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30
	သောကြာ ၊ စနေ	10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 ၊ 9 : 30

Junction Maw Tin (Ph - 01 225 244)

IRON MAN 3 (3D)	တနင်္လာ မှ ကြာသပတေး	10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00
	သောကြာ ၊ စနေ	10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 30
အချစ်ပိုးထောက်	တနင်္လာ မှ ကြာသပတေး	10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30
	သောကြာ ၊ စနေ	10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 ၊ 9 : 30

Junction Nay Pyi Taw (Ph - 067 421 615)

	နေ့စဉ်	10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30

MYANMAR YOUNG ENTREPRENEURS ASSOCIATION
STRATEGY FIRST INSTITUTE
Center for Entrepreneurship Studies

CREATIVE ENTREPRENEURSHIP DEVELOPMENT PROGRAM (1/2013)

MYANMAR YOUNG ENTREPRENEURS ASSOCIATION (MYEA)
Ph: (01) 2301573

STRATEGY FIRST INSTITUTE
Ph: (01) 539135 | 539132
e-mail: info.strategyfirst@gmail.com

ပရီးမီးယားလိဂ်ရင်ခုန်သံ – ၃၆

ရှိုင်းမင်းမင်း

မေ ၄၊ ၅၊ ၇ ရက်တွေမှာ ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်(၃၆)အနက်က မေ ၄ ရက်မှာ ယှဉ်ပြိုင်ကစားမယ့်ပွဲတွေကို သုံးသပ်တင်ပြပေးခဲ့ပြီးနောက် ကျန်နေသေးတဲ့ မေ ၅၊ ၇ ရက်တွေမှာ ယှဉ်ပြိုင်ကစားမယ့်ပွဲတွေကို ထပ်မံတင်ပြပေးလိုက်ပါတယ်။ အဆိုပါ ပွဲစဉ်တွေအထဲမှာ လီဗာပူးနဲ့ အဲဗာတန်ရဲ့ မာဆေးဆိုက်ဒါဘီပွဲအပြင် မန်ယူနဲ့ ချယ်လ်ဆီးတို့ပွဲလည်း ပါဝင်နေပါတယ်။

လီဗာပူး-အဲဗာတန် ည ၇း၀၀ နာရီ (၅-၅-၂၀၁၃)
ပထမအကျော့ရလဒ် အဲဗာတန် ၂-၂ လီဗာပူး

ပွဲကောင်းတစ်ပွဲပါ။ မာဆေးဆိုက်ဒါဘီပွဲဖြစ်လို့ အရင်ကတည်းက ပြိုင်ဆိုင်မှုပြင်းထန်ခဲ့တဲ့အပြင် လက်ရှိအချိန်မှာလည်း နှစ်သင်းစလုံး ဥရောပဝင်ခွင့်အတွက် ရုန်းကန်နေရလို့ အားစိုက်လာကြမှာဖြစ်တဲ့အတွက် ပိုမိုအကြိတ်အနယ်ရှိပါလိမ့်မယ်။ အထူးသဖြင့် လီဗာပူးဟာ ဒီပွဲရှုံးနိမ့်ခဲ့မယ်ဆိုရင် ဥရောပဝင်ခွင့်လုံးဝမရနိုင်တော့တာကြောင့် အိမ်ကွင်းမှာ အနိုင်ရဖို့အားစိုက်လာမှာ ဖြစ်တယ်။ ဒါ့အပြင် ဆွာရက်ဇ် ပွဲပယ်ခံထားရပေမယ့် စတားရစ်နဲ့ ကွန်တင်ဟို ခြေစွမ်းပြနေလို့ တိုက်စစ်ပိုင်းကလည်း ထက်မြက်တယ်။ ဒါပေမယ့် အဲဗာတန်ကလည်း အသင်းလိုက်ကစားပုံ ကောင်းမွန်သလို ဥရောပဝင်ခွင့်အတွက် ခြေကုန်ထုတ်လာမှာပါ။

မန်ယူ-ချယ်လ်ဆီး ည ၉း၃၀ နာရီ (၅-၅-၂၀၁၃)
ပထမအကျော့ရလဒ် ချယ်လ်ဆီး ၂-၃ မန်ယူ

ဒီရာသီရဲ့(၅)ကြိမ်မြောက်ဆုံတွေ့မှုပါ။ ပထမလေးကြိမ်မှာ ချယ်လ်ဆီးက နှစ်ကြိမ်နိုင်ခဲ့ကာ မန်ယူက တစ်ကြိမ်နိုင်ပြီး တစ်ပွဲသရေကျခဲ့ပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရ ချယ်လ်ဆီးရဲ့ကစားပုံက မန်ယူထက် ပိုမိုတည်ငြိမ်မှုရှိပြီး ကွင်းလယ်ပိုင်း ပိုမိုတည်ငြိမ်မှုရှိတယ်။ ဒါပေမယ့် ချယ်လ်ဆီးက ဒီပွဲမတိုင်ခင် ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းလာနိုင်သလို ကွင်းကလည်း မန်ယူကွင်းဖြစ်တယ်။

ဆန်းဒါးလန်း - စတုတ် နံနက် ၁း၃၀ (၇-၅-၂၀၁၃)
ပထမအကျော့ရလဒ် စတုတ် - ဆန်းဒါးလန်း

တန်းမဆင်းရဖို့ ရုန်းကန်နေကြရတဲ့ နှစ်သင်းဖြစ်လို့ ပွဲက အကြိတ်အနယ်ရှိမှာ သေချာပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ ဒီနှစ်သင်းစလုံးဟာ နောက်ဆုံးနှစ်ပွဲစီ အနိုင်ရခဲ့ပြီး ခြေစွမ်းပိုင်းကလည်း ထက်မြက်မှု အပြည့်ရှိနေတယ်။ ဒါပေမယ့် စတုတ်က အဝေးကွင်းပွဲစဉ်တွေမှာ ကစားပုံအနည်းငယ် ကျဆင်းတတ်တယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေ တည်ငြိမ်မှုသိပ်မရှိဘူး။ ဆန်းဒါးလန်းကတော့ အိမ်ကွင်းအားနဲ့ဖိအားပေးလာမှာ ဖြစ်တယ်။

ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲ ချယ်လ်ဆီးနှင့် ဘင်ဖီကာ တွေ့ဆုံ

ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းနှင့် ဘင်ဖီကာအသင်းတို့သည် နှစ်ကျော့ပေါင်းရလဒ်များဖြင့် အနိုင်ရရှိကာ ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ယူရိုပါလိဂ်ဆီမီးဖိုင်နယ်တွင် ဆွစ်ဇာလန်ကလပ် ဘေဆယ်အသင်းကို ပထမအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့တွင်လည်း အိမ်ကွင်းစတမ်းဖို့ဒ်ဘရစ်ချ်၌ ဘေဆယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းနှင့် ဘေဆယ်အသင်းတို့၏ ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် တောရက်စ်၊ ဟာဇက်၊ မော့ဆက်၊ လမ်းပတ်၊ ရာမီရက်စ်၊ အက်ပီလီကူတာ၊ အိုင်ဗန်နိုဗစ်၊ ကာဟေးလ် စသည့် ကစားသမားများဖြင့် ပွဲထွက်ကစားစေခဲ့ရာ ပထမပိုင်း ၄၅ မိနစ်တွင် ဘေဆယ်တိုက်စစ်မှူး မိုဟာမက်ဆာလာ၏ သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရသဖြင့် ပထမပိုင်းပြီးဆုံးချိန်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ဧည့်သည်ဘေဆယ်အသင်းကို ရှုံးနိမ့်ထားခဲ့သည်။

သို့ရာတွင် အိမ်ကွင်းအားသာချက်ရှိခြင်းနှင့် ကစားသမားစုဖွဲ့မှုအားကောင်းခြင်းတို့နှင့်အတူ ဒုတိယပိုင်းတွင် ပထမပိုင်းကထက် ပိုမိုဂရုတစိုက်ကစားလာခဲ့ရာ ပွဲကစားချိန် မိနစ် ၅၀ တွင် တောရက်စ်က ချေပဂိုးသွင်းယူပေးခဲ့ပြီး ၅၂ မိနစ်တွင် မော့ဆက်က ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် ၅၉ မိနစ်တွင် ဒေးဗစ်လူးဝစ်က တစ်ဂိုးထပ်မံသွင်းယူပေးခဲ့သဖြင့် ချယ်လ်ဆီးတို့ ပွဲပြီးဆုံးချိန်တွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-နှစ်ဂိုးဖြင့်နိုင်ကာ ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ပွဲစဉ်တစ်ခုဖြစ်သည့် ဘင်ဖီကာနှင့် ဖီနာဘာချီတို့၏ပွဲစဉ်တွင် ဘင်ဖီကာအသင်းသည် ပထမအကျော့တွင် တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့တွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယူရိုပါလိဂ် နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းနှင့် ဘင်ဖီကာအသင်းတို့သည် ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်အဖြစ် မေ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

တစ်နှစ်တာ အက်ဖ်ဒဗလျူအေအကောင်းဆုံးကစားသမားဆု စပါးတောင်ပံကစားသမား ဂါရတ်ဘေးလ် ဆွတ်ခူးရရှိ

နိုင်လင်းကြည်

တော့တင်ဟမ်ဟော့စပါးအသင်းမှ ဝေးလ်တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ယခုနှစ်ဘောလုံးရာသီအတွက် စပါးအသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ဘောလုံးကလောင်ရှင်များအဖွဲ့(အက်ဖ်ဒဗလျူအေ)က ပေးအပ်သော တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။

ဂါရတ်ဘေးလ်သည် ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းအတွက် ပရီမီယာလိဂ် ၂၉ ပွဲတွင် ၁၉ ဂိုးသွင်း

ယူပေးခဲ့ပြီး ပြီးခဲ့သည့် သီတင်းပတ်ကလည်း ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့် တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုတို့ကိုလည်း ဆွတ်ခူးရရှိခဲ့သည်။

အက်ဖ်ဒဗလျူအေ၏ တစ်နှစ်တာ ဒုတိယအကောင်းဆုံးဆုကို မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီက ရရှိခဲ့ပြီး တတိယအကောင်းဆုံးဆုကို ချယ်လ်ဆီးကွင်းလယ်ကစားသမား မာတာက ရရှိခဲ့သည်။

ဂါရတ်ဘေးလ်သည် စပါးအသင်းအတွက် ပရီမီယာလိဂ်တွင် ထိပ်ဆုံးလေးသင်းစာရင်းဝင်ရန်နှင့် ယူရိုပါလိဂ်ကွာတားဖိုင်နယ်တက်ရန်အထောက်အပံ့ပေးခဲ့သူဖြစ်ပြီး တစ်နှစ်တည်းတွင် ပီအက်ဖ်အေနှင့်အက်ဖ်ဒဗလျူအေ အကောင်းဆုံးဆုရရှိမှုတွင် ၁၅ ဦးမြောက် ကစားသမားဖြစ်လာခဲ့သည်။

အာဆင်နယ်တိုက်စစ်မှူးဟောင်းတယ်ရီဟင်နရီနှင့် မန်ယူတိုက်စစ်မှူးဟောင်း စီရိုနယ်ဒိုတို့သည်လည်း တစ်နှစ်တည်းနှစ်ဆုရရှိခဲ့သည်။ စီရိုနယ်လ်ဒိုမှာမူ ဂါရတ်ဘေးလ်ကဲ့သို့ တစ်နှစ်တည်းတွင် ပီအက်ဖ်အေ၊ အက်ဖ်ဒဗလျူအေနှင့် တစ်နှစ်တာလူငယ်အကောင်းဆုံးစသည့် ဆုသုံးဆုစလုံးကို ၂၀၀၇ ခုနှစ်က ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။

ဂါရတ်ဘေးလ်၏ ယခုနှစ်ဘောလုံးရာသီစွမ်းဆောင်ရည်သည် လွန်စွာကောင်းမွန်ခဲ့ခြင်းကြောင့် စပါးအသင်းနည်းပြအန်ဒရီဗီလာအိုအာ့စ်က လာမည့်နှစ်ဘောလုံးရာသီတွင် စပါးအသင်းအတွက် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာပျောက်ဆုံးခဲ့လျှင်ပင် ဂါရတ်ဘေးလ်သည် စပါးအသင်း၌ ဆက်ရှိနေလိမ့်မည်ဟု ယုံကြည်ထားသည်ဟု ဆိုသည်။

ယခင်အက်ဖ်ဒဗလျူအေဆုရှင်များ

စဉ်	အမည်	ခုနှစ်
၁	တယ်ရီဟင်နရီ	၂၀၀၃
၂	တယ်ရီဟင်နရီ	၂၀၀၄
၃	ဖရန့်လမ်းပတ်	၂၀၀၅
၄	တယ်ရီဟင်နရီ	၂၀၀၆
၅	စီရိုနယ်လ်ဒို	၂၀၀၇
၆	စီရိုနယ်လ်ဒို	၂၀၀၈
၇	စတီဗင်ဂျာရတ်	၂၀၀၉
၈	ဝိန်းရွန်းနီ	၂၀၁၀
၉	စကော့ပါကာ	၂၀၁၁
၁၀	ရော်ဘင်ဗန်ပါစီ	၂၀၁၂

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ အကျိုးဆောင်စာရင်းစစ် **ဦးကျော်ဝင်း** (MD, National Wood Industry Ltd) အား ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် တန်ဖိုးမြင့် ထုတ်ကုန် အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဖြစ်ခြင်းကြောင့် အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **နိုင်ငံ့စွမ်းဆောင်ရည်ဆု (တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု)**ကို (၁၀-၄-၂၀၁၃)ရက်နေ့တွင် ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ အကောင်းဆုံး ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

ဆိုင်ကယ်စီးသူအမျိုးသမီး ဆွဲကြိုးအလုခံရ

ပြည် မေ ၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခေတ္တရာမြို့သစ်ဘက်မှ ရွာဘဲတောင်ပေါ်ကျောင်းဘက်သို့ ဧပြီ ၂၆ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် ဒေါက်တာဒေါ်ချိုရီရီညွန့် (၂၆)နှစ် ပါရမီရှင်ဆေးခန်း ပြည်မြို့နေသူ မောင်းနှင်ပြီး နောက်မှ မဖြိုးရတနာ (၂၃)နှစ် ဆေးကုမ္ပဏီဝန်ထမ်း ပြည်မြို့နေသူ လိုက်ပါစီးနင်းလာသော ဆိုင်ကယ်အမှတ် ၃၃ယ/.... ကင်ဘို ၁၁၀ (ကျောက်စိမ်းရောင်)ဖြင့် ပြန်လာစဉ် လပြည့်ဝန်းအဆောင်အနီးသို့ အရောက်တွင် ဆိုင်ကယ်အရှိန်လျှော့၍ နောက်သို့ကြည့်စဉ် နောက်မှ အမည်မသိဆိုင်ကယ်စီးနင်းလာသူက ဒေါက်တာ ဒေါ်ချိုရီရီညွန့်၏ လည်ပင်းတွင် ဆွဲထားသည့် ဆွဲသီးပါ ရွှေဆွဲကြိုးတစ်ကျပ်ခွဲသားခန့် ကာလတန်ဖိုးငွေကျပ် ၁၀ သိန်းခန့်အား လုယူပြီး မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်မြို့ရဲစခန်းမှ (ပ) ၃၀၁/၂၀၁၃၊ ပုဒ်မ ၃၇၉ (နှိုက်)အရ အမှုဖွင့်ထားပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၇၈)

မူးယစ်ဆေးဝါးများ မြစ်ကြီးနားတွင် ဖမ်းမိ

မြစ်ကြီးနား မေ ၃

ဧပြီ ၃၀ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ဝိုင်းမော်မြို့နယ်အတွင်း မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းချနေကြောင်း သတင်းအရ မြစ်ကြီးနား မူးယစ်(အထူး) မြို့ပေါ် လှုပ်ရှားမှုအဖွဲ့ခေါင်းဆောင် ဒုတိယရဲအုပ်ခင်ဇော် ဦးစီးသည့် တပ်ဖွဲ့ဝင်များက သက်သေများနှင့် ပူးပေါင်း၍ ဝိုင်းမော်-မြစ်ကြီးနား ကားလမ်းပေါ်၌ စောင့်ဆိုင်းနေစဉ် ဝိုင်းမော်မြို့မှ မောင်းနှင်လာသော အငှားသုံးဘီးယာဉ်အား ရပ်တန့်စေ၍ ခရီးသည်အဖြစ် လိုက်ပါလာသူ ဒေါ်မြင့်ခိုင်အား စစ်ဆေးရာ ၎င်းလွယ်ထားသည့် ဝါးပလိုင်းအတွင်း၌ ဆီးသီးခြောက်များနှင့် ရောနှောကာ ပလတ်စတစ်ဆပ်ပြာခွက်အတွင်း ငွေကျပ် ရှစ်သိန်းတန်ဖိုးရှိ ဘိန်းဖြူအမှုန့် ၁၀ ဂရမ်၊ မိန်းမဝတ် အတွင်းခံဘောင်းဘီရှည် အပြာရောင်အတွင်း ငွေရောင်စက္ကူဖြင့် ပတ်လျက် ပလတ်စတစ်အကြည်ဖြင့် ထုပ်ထားသော ငွေကျပ် ၁၂၆၀၀ တန်ဖိုးရှိ ဘိန်းစိမ်း ၉ ဂရမ်တစ်ထုပ်နှင့် အဖြူရောင်စက္ကူဖြင့် ထုတ်လုပ်လျက် ငွေကျပ် ၄၅၀၀၀ တန်ဖိုးရှိ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

မိုယံးကျ(မြစ်ကြီးနား)

စိတ်ကြွဆေးပြားများ တာချီလိတ်တွင်ဖမ်းမိ

တာချီလိတ် မေ ၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ဝေ့လေလန်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက တာဝန်ကျ တာချီလိတ်(မူးယစ်) တပ်ဖွဲ့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဝမ်တုံကျေးရွာဘက်မှ တာချီလိတ်ဘက်သို့ အိုက်ထွန်းမောင်းနှင်ပြီး အိုက်ဝမ်း စီးနင်းလိုပ်ပါလာသည့် ၁၉ယ/---- အနက်ရောင် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ အိုက်ထွန်း ဝတ်ဆင်ထားသည့် စိမ်းပြာရောင် အတွင်းခံဘောင်းဘီအတွင်း အပြာရောင် ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် WY စာတန်းပါ အညိုရောင် စိတ်ကြွဆေးပြားဟု ယူဆရသော ဆေးပြား ၁၄၅ ပြား (အလေးချိန် ၁၄ ဒသမ ၅ ဂရမ်) ကာလတန်ဖိုး ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၂ ဒသမ ၉ သိန်း အားရှာဖွေတွေ့ရှိသဖြင့် သက်သေများရှေ့တွင် ဒုတိယရဲအုပ်ရဲဝင်းထွန်းက ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

(မြင့်မိုရ်-တာချီလိတ်)

စာတည်းမှူးထံ ရောက်ရှိလာသော ပေးစာများ

ဂျိုးဖြူရေပိုက်ပေါက်ကြောင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်

သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ဦးဘဟန်လမ်းအပိုင်း (၁)ရှိ စည်ပင်သာယာမှ ရေပေးဝေသော ဂျိုးဖြူရေပိုက်မှ ပိုက်ပေါက်၍ ရေများလမ်းပေါ်တွင် ထွက်နေပါသည်။ ထိုအနီးမှ လူတစ်စုသည် ရေလာချိန်တွင် ရေများအား လုယက်ခပ်ယူနေသောကြောင့် ဦးဘဟန်လမ်းသို့ ထွက်သောလမ်းမှာပိတ်၍ ရဟန်းရှင်လူ ကျောင်းသား ကျောင်းသူများ သွားလာရာတွင် စိတ်အနှောင့်အယှက်ဖြစ်နေပါသည်။ သက်ဆိုင်ရာကို အကြောင်းကြားထားသော်လည်း လာရောက်စစ်ဆေးပြုပြင်ခြင်း မရှိသဖြင့် အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးပါရန် ပေးပို့လာသောစာ။

လမ်းပေါ်သို့ မိလ္လာများစွန့်ပစ်နေမှုအား စိစစ်ပေးစေလို

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၁)ရပ်ကွက် ဆည်မြောင်းလမ်း (ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးရှိရာလမ်း)နှင့် ကံဘဲ့ဘုတာရုံလမ်းထောင့်ရှိ စားသောက်ဆိုင်တစ်ဆိုင်မှ မိလ္လာကန်မှာ ရေလျှံပေါက်ထားရှိပြီး ညအချိန်တွင် ဆည်မြောင်းလမ်းပေါ်သို့ စွန့်ပစ်နေသဖြင့် လမ်းသွားလမ်းလာများ၊ နေထိုင်သူများ မခံမရပ်နိုင်အောင် နံစော်ပြီး ကျန်းမာရေးကူးစက်တတ်သော ရောဂါများလည်း ဖြစ်ပွားနိုင်သဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးကြီးကြပ်စစ်ဆေးပေးပါရန်ပေးပို့လာသောစာ။

နောက်ဖေးလမ်းကြားအမှိုက်နှင့် ရေဆင်းပိုက်များ ပျက်စီးနေ

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်မီးရထားဝင်း တိုက် (A) နှင့်တိုက် (B) နောက်ဖေးလမ်းကြားတွင် အမှိုက်များ၊ ရေဆင်းပိုက်နှင့် မိလ္လာပိုက်များ ပျက်စီးနေ၍ မြေညီထပ်နေအိမ်ခန်းများ၏ နောက်ဖေးတံခါးများဖွင့်မရအောင် အနံ့အသက်ဆိုးရွားစွာခံစားနေရပြီး ကျန်းမာရေးကို များစွာထိခိုက်နိုင်ပါသည်။ သန့်ရှင်းရေးကြေးများ လစဉ်ကောက်ခံသော်လည်း သန့်ရှင်းရေးဆောင်ရွက်ခြင်းမရှိပါသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးပါရန် ပေးပို့လာသောစာ။

မီးဘေးအန္တရာယ်စိုးရိမ်ရ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်(၁)ရပ်ကွက် ဇေယျမင်္ဂလာ (၂) လမ်းအတွင်းရှိ အိမ်တစ်အိမ်တွင် အုန်းသီးခြစ်စက်နှင့် ဆန်ကြိတ်စက် နှစ်လုံးရှိရာ နေ့စဉ်နံနက် ၄ နာရီခွဲမှစ၍ အုန်းသီးခွဲခြင်း၊ စက်ဖြင့် အုန်းသီးခြစ်ခြင်း၊ ကြိတ်ဆုံလည်ပတ်ခြင်း၊ အုန်းသီးခွံများ အသုံးပြု၍ မုန့်လက်ဆောင်းကျိုခြင်းနှင့် ကျောက်ကျောကျိုသည့် လုပ်ငန်းများကို နေ့စဉ်ပြုလုပ်နေခြင်းကြောင့် ပတ်ဝန်းကျင်တွင် စက်သံများဆူညံနေခြင်း၊ ညော်နံ့နှင့် မီးခိုးလုံးများ အချိန်ကြာမြင့်စွာ ထွက်ပေါ်နေခြင်းကြောင့် ရပ်ကွက်အတွင်းနေထိုင်သူများ ကျန်းမာရေးထိခိုက်သည့်အပြင် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် ပေးပို့လာသောစာ။

အနံ့ဆိုးများ ရှင်းလင်းစေချင်

မကွေးတိုင်းဒေသကြီး မကွေးမြို့ ပွဲကြိုရပ်ကွက် နတ်မောက်လမ်း (၁၇) လမ်းနှင့် (၁၉) လမ်းကြား နေအိမ်ခြံဝင်းအတွင်းရှိ ပဲပြားလုပ်ငန်းနှင့် စိုက်ပျိုးရေးဝင်းအတွင်းရှိ ဝန်ထမ်းနေအိမ်မှ ဝက်မွေးမြူရေးလုပ်ငန်းတို့၏ အနံ့ဆိုးများကို ပတ်ဝန်းကျင်နေပြည်သူများ ခံစားနေကြရပါသည်။ အဆိုပါအိမ်များနှင့် အိမ်နီးချင်းများက ဝက်ချေးနံ့နှင့်ပဲပြားလုပ်ငန်းမှ (အလွန်ဆိုးသော) အပုပ်နံ့များကို နေ့/ည ရှူရှိုက်နေရပါ၍ ကျန်းမာရေးအတွက် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ဒဂုံမြို့သစ်မြောက်ပိုင်း ကြိုးတံတားသို့ ယာဉ်အစားထိုးပြေးဆွဲစေလို

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကြိုးတံတားမှ စံပြဈေးသို့ မထသ (၆၁) ဘတ်စ်ကားကို အားကိုးပြီး သွားလာနေကြရပါသည်။ ယခုအခါ ဘတ်စ်ကားများမှာ ဖျက်သိမ်းအပ်နှံပြီး အပ်နှံရန်ကျန်ရှိသည့် ဘတ်စ်ကားသုံးစီးဖြင့် ပြေးဆွဲနေ၍ ယာဉ်နှင့် ခရီးသွားပြည်သူများ မျှတမှုမရှိပါ။ ဘတ်စ်ကားတစ်စီးကို အချိန်ကြာမြင့်စွာ စောင့်ဆိုင်းစီးနေရခြင်း၊ ယာဉ်စီးရေနည်းပါးသည်ကို အခွင့်ကောင်းယူ၍ ယာဉ်စီးခ ပိုမိုတောင်းခံခြင်းစသော ဒုက္ခများကို နေ့စဉ်နှင့်အမျှ တွေ့ကြုံခံစားနေကြရပါသည်။ သို့ဖြစ်ပါ၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) ကြိုးတံတားသို့ သင့်တော်မည့်ယာဉ်များဖြင့် အစားထိုးပြေးဆွဲပေးရေးအတွက် တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

စက်သုံးဆီအရောင်းဆိုင် ဖယ်ရှားပေးစေချင်

ရန်ကုန်မြို့ တာမွေမြို့နယ်အတွင်းရှိ ရွှေဝါလမ်းတွင် လောင်စာဆီဖြင့်စီးပွားရေးလုပ်ကိုင်သူများသည် လုပ်ငန်းလိုင်စင်မရှိဘဲ စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းအား အလုပ်သမားများဖြင့် တရားမဝင် နေ့/ည ဆောင်ရွက်လုပ်ကိုင်လျက်ရှိပါသည်။ ထို့အပြင် မူးယစ်၍ အော်ဟစ်ဆူပူဆဲဆိုသံများနှင့် စက်သုံးဆီပီပါများအား ကားပေါ်တင်၊ ချသံ၊ ပီပါများအား ထုရိုက်သံများအား လူနေရပ်ကွက်အတွင်း နေစဉ်နှင့်အမျှ မဆင်မခြင်ပြုလုပ်လျက်ရှိသဖြင့် ရပ်ကွက်နေလမ်းသားများ စိတ်ရောကိုယ်ပါ အနှောင့်အယှက် ဖြစ်လျက်ရှိသည့်အပြင် မီးဘေးအန္တရာယ်နှင့် အခြားမလိုလားအပ်သော ကိစ္စများဖြစ်ပေါ်နိုင်ပါသည်။ သို့ပါ၍ စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းအား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးရေးဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

အနံ့ဆိုးများ ဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ပဒုမ္မာလမ်းပေါ်တွင် ငပိ၊ ငံပြာရည်၊ ငါးအသားလွှာလုပ်ငန်းများ ပေါ်ပေါ်ထင်ထင် လုပ်ကိုင်နေကြပါသည်။ လွန်ခဲ့သော ကိုးနှစ်ခန့်မှစ၍ အနံ့အသက်ရှိသော လုပ်ငန်းများကို လုပ်ကိုင်ခဲ့ရာ ပတ်ဝန်းကျင်ထိခိုက်နစ်နာသဖြင့် ဒဂုံအရှေ့ပိုင်းသို့ ပြောင်းရွှေ့လုပ်ကိုင်စေရန် နေရာများပေး၍ ဆောင်ရွက်ရန် စီစဉ်ပေးပြီးဖြစ်ပါသည်။ သို့သော် ယခုအချိန်ထိ ထိုလုပ်ငန်းများကို လက်ရှိနေရာတွင်သာ လုပ်ကိုင်လျက်ရှိပါသည်။ ၎င်းလုပ်ငန်းများမှထွက်ရှိသော အနံ့ဆိုးများက ပတ်ဝန်းကျင်ပြည်သူများ မခံနိုင်လောက်အောင် ခံစားနေရပါသောကြောင့် ကျန်းမာရေးထိခိုက်မှုကို ကာကွယ်ပေးပါရန် တင်ပြလာသောစာများပင်ဖြစ်ပါသည်။

Enrol Now
NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
June Intake
ဦးနေလင်းအောင်
B.Com,CPA
ACCA(UK)
အမှတ် - 18(3A ~ 6B), သခြေပြည့်(၂)တိုက်၊ ဦးထွန်းလင်းချိုလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
Ph: 01-504737, 512900, 09 450022646, 09 73108409, 09 5170105

ရွှေထိပ်တန်း
ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
01-701015, 09-5403844
01-710436, 09-5044830

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph: 209077, 09-731 67000
209388, 09-731 68000

RUBY
519100
09-51-77212, 535100

KMD (ပန်းဆိုးတန်း)စင်တာကို နေ့စဉ် နံနက်(၉)နာရီ မှ ည(၈:၃၀)နာရီ အထိ ဖွင့်လှစ်ရောင်းချပေးနေပါပြီ...။
KMD mobile
CDMA 800
SPECIAL DAY
1 to 5 May 13
အသစ်ထွက်တဲ့ CDMA 800 (Keypad) ခလုတ် ဖုန်းများအတွက်
20% OFF

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်မှတ်သင်တန်း
EAC

ရွှေခြင်္သေ့ဆေးခန်း
ပါမောက္ခ အထူးကုဆရာဝန်ကြီးများက
Made in USA(US FDA Approved)
Bone Healing Ultrasound
246365, 395544

"ရက်(၁၀၀)ပြည့်မွေးနေ့ဆုမွန်"

ဖေဖေမိုလ်ကြီးထူးလင်းသိန်း+မေမေဒေါ်ရွှေရည်ဝင်းတို့၏ သားဦးရတနာ "မောင်နှိုင်းဝဏ္ဏသိန်း"၏ (၄-၅-၂၀၁၃)ရက်နေ့တွင် ကျရောက်သော ရက်(၁၀၀)ပြည့် မွေးနေ့မင်္ဂလာမှသည် နှစ်ပေါင်း (၁၂၀)တိုင် သက်ရှည်ကျန်းမာပြီး ထူးချွန်ထက်မြက်သည့် သားကောင်းရတနာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွား၊ ဘဘ၊ ကြီးကြီး၊ အန်တီကြီး၊ ကိုကို၊ မမ

အမည်တစ်ဦး တည်းဖြစ်ကြောင်း

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ရွာတောအုပ်စု၊ ပေါက်ပင်သာရွာ ဦးကျော်စိန်၏သား မောင်သကြ်န်စိုး[၉/တကန(နိုင်)၁၅၉၅၃၇]သည် မောင်အောင်သကြ်န်နှင့်တစ်ဦးတည်းဖြစ်ကြောင်း။ မောင်သကြ်န်စိုး(ခ)မောင်အောင်သကြ်န်

အထက်မြန်မာပြည်သတင်း

နွေနှမ်းစိုက်တောင်သူများ မိုးရွာ၍ ဝမ်းသာပျော်ရွှင်

စဉ့်ကိုင် မေ ၃

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းတွင်ပါသည့် စဉ့်ကိုင်မြို့နယ်တွင် ယခုနှစ်နွေနှမ်းစိုက်တောင်သူများ စိုက်ပျိုးထားသော နှမ်းများအထွက်နှုန်းကောင်းစေရန် မိုးလိုအပ်နေပြီး မိုးခေါင်သောကြောင့် နှမ်းစိုက်တောင်သူများ နှမ်းပင်ပေါက်ကျဲခြင်း၊ နှမ်းပင်ပေါက်များကို စုပ်ပိုးကျခြင်းတို့ကြောင့် ဆေးများဖျန်းနေကြရချိန် ဧပြီ ၂၈ ရက် ညပိုင်းတွင် ရွာသွန်းသောမိုးကြောင့် ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

နှမ်းသည် စိုက်ပျိုးပြီး ရေသွင်းရသော သီးနှံမဟုတ်ဘဲ မိုးကိုသာ အဓိကမျှော်ကိုးပြီး စိုက်ပျိုးရသော သီးနှံဖြစ်သည်။ နှမ်းကို ရေသွင်းပြီး စိုက်ရန်အတွက် ပေါင်ဖြင့်စိုက်ပါက ကုန်ကျစရိတ်ပိုများသည်။ နှမ်းစိုက်တောင်သူများသည် မိုးကိုသာ အဓိကမျှော်လင့်ကြသည်။

"အပင်က အသီးစဝင်နေပြီဆိုတော့ အခုချိန်မှာ မိုးရွာတော့ နှမ်းအထွက်တိုးမှာ၊ မိုးမရွာရင် အပင်က မတက်တော့ဘဲ ခေါင်းတုံးတော့ အထွက်နှုန်းက နည်းမှာ၊ နှမ်းကတော့ မိုးကို သုံးကြိမ်လောက်ရရင် အကောင်းဆုံးပဲ၊ အပင်ပေါက်ပြီး အရွက်ငါးရွက်၊ ခြောက်ရွက် ထွက်တဲ့အချိန်၊ ပွင့်ဖူးတဲ့အချိန်၊ အဖျားသီး အောင်တဲ့အချိန် အဲဒီသုံးချိန်မိုးရတဲ့ နှမ်းကတော့ အကောင်းဆုံးပဲ၊ အခုလိုအချိန် မိုးရွာတော့ နှမ်းတောင်သူတွေ အကုန်လုံးကြိုက်တာ၊ မိုးကမရွာတာကြာတော့ အခေါင်ကြီးခေါင်ပြီး မရွာနေ၊ ရွာသေဖြစ်မှာလည်း ကြောက်ရတယ်" ဟု တောင်သူတစ်ဦးက ပြောသည်။

နှမ်းစိုက်တောင်သူများသည် တပေါင်းလအတွင်းမိအောင် ကြဲပက်ကြရသည်။ သို့မှသာ နှမ်းကြိုက်သော ရာသီဥတုနှင့် ကိုက်ညီသောကြောင့် နှမ်းအထွက်တိုးမည် ဖြစ်သည်။ ၃ ဒသမ ၅ ဧကကို တစ်ပေါင်းလနှောင်းပိုင်းတွင် စိုက်ပျိုးထားသူ ဦးအောင်နိုင်အား မေးမြန်းကြည့်ရာ "ကျွန်တော့်နှမ်းက နောက်ကျတော့ နှမ်းကြိုက်တဲ့ မိုးသုံးမိုးထဲက ပထမမိုးတော့ မိပြီ၊ ဒုတိယမိုးနဲ့ တတိယမိုးမိရင်တော့ အကြိုက်ဆုံးပေါ့၊ နှမ်းကတော့ ရာသီဥတုညီမျှရင် တောင်သူတွေ ကိုက်တယ်၊ ခုချိန်တော့ နှမ်းစိုက်တောင်သူတွေ အားလုံးလိုလို မိုးကို လိုအပ်နေတာ၊ နှမ်းညိုကတော့ ရေသွင်းစိုက်ပျိုးလို့ မရဘူး၊ နှမ်းဖြူကိုတော့ ရေသွင်းလို့ရတယ်၊ ဒါပေမဲ့ ၁၀ ဦးတစ်ဦးမလုပ်ရဲကြဘူး၊ ရေဆင်းမကောင်းရင် အကုန်သေနိုင်တယ်၊ မနှစ်ကလည်း ၃ ဒသမ ၅ ဧကစိုက်တာတင်း ၃၀ ကျော်ရတယ်၊ တစ်တင်းကို မနှစ်ကဈေးက ကျပ် ၂၇၀၀၀ ဆိုတော့ ငွေပိုရတာပေါ့၊ နှမ်းကတော့ စရိတ်စကလည်း မများဘူး၊ လူလည်းသက်သာတယ်၊ ဒါပေမယ့် ရာသီဥတုမညီမျှရင် ရှုံးတယ်၊ စပါးကတော့ စရိတ်စကများပြီး လူလည်းပင်ပန်းတယ်၊ ဒါပေမယ့် အကြမ်းခံတယ်၊ ရာသီဥတုပေါ် နှမ်းလောက်မမှီခိုဘူး" ဟု နှမ်းစိုက်ရခြင်းကို ပြောပြသည်။

စဉ့်ကိုင်မြို့နယ်တွင် ယခုနှစ် နွေနှမ်းရာသီတွင် တစ်မြို့နယ်လုံး ဧက ၁၁၂၁၇ စိုက်ပျိုးထားသည်။ နှမ်းသည် ရာသီဥတုညီညွတ်မျှတပါက စိုက်စရိတ် နည်းပါးခြင်းကြောင့် တောင်သူများ တွက်ခြေကိုက်သော သီးနှံဖြစ်သည်။ နှမ်းစိုက်ရာသီတွင် တောင်သူများသည် ရိုးစိမ်းခေါ် (ကြေးနီရောင်)နှင့် နှမ်းဖြူတို့ကို စိုက်ပျိုးကြသည်။ နှမ်းသည်စိုက်သည့်ရက်မှ ရက် ၈၀ ၊ ၈၅ ရက်ဖြင့် ရိတ်သိမ်းကာ ဝင်ငွေပေါ်သောကြောင့် တောင်သူများ စိုက်ပျိုးမှုများပြားပြီး မိုးလိုအပ်သောအချိန်တွင် မိုးရွာသောကြောင့် နှမ်းစိုက်တောင်သူများ ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။ **(ထွန်းထွန်းနိုင်)**

နယ်စပ်တိုင်းရင်းသားလူငယ်လေ့လာရေးအဖွဲ့ ခေတ်အေးပရဟိတကလေးများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၃

မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဘာဝနာဌာနဆရာတော် ဘဒ္ဒန္တတိက္ခ (အဂ္ဂမဟာပဏ္ဍိတ) ဦးဆောင်သော နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပံ့ပိုးစီစဉ်မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်မှ နာဂတိုင်းရင်းသားလူငယ်များအား လေ့လာရေးခရီးစဉ်တစ်ခုရေးဆွဲ၍ ဧပြီ ၂၆ ရက်မှ မေ ၅ ရက်အထိ လေ့လာရေးခရီးစဉ် ပို့ဆောင်ပေးလျက်ရှိသည်။

အင်အား ၈၀ ခန့်ပါဝင်သော အဆိုပါ လေ့လာရေးအဖွဲ့သည် ဧပြီ ၂၆ ရက်တွင် မုံရွာမှ တစ်ဆင့် မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံးတွင် တစ်ရက်ကြာလေ့လာခဲ့ကြပြီး ဧပြီ ၂၇ ရက်တွင် မန္တလေးမှ ပုပ္ပား၊ ကျောက်ပန်းတောင်း၊ ဧပြီ ၂၈ ရက်တွင် ပုပ္ပားမှ တစ်ဆင့် ပုဂံ/ညောင်ဦး၊ ဧပြီ ၂၉ ရက်တွင် ပုဂံ/ညောင်ဦးမှတစ်ဆင့် နေပြည်တော်သို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး နေပြည်တော်ရေပန်းဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် အခြားအထင်ကရနေရာများကို သွားရောက်လေ့လာခဲ့ကြပြီး နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ခေတ်အေးပရဟိတကျောင်း၌ ညအိပ်ရပ်နားခဲ့သည်။

ဧပြီ ၃၀ ရက်ညနေပိုင်းတွင် အဆိုပါ လေ့လာရေးအဖွဲ့အား ခေတ်အေးပရဟိတကျောင်းမှ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ယင်းလေ့လာရေးအဖွဲ့မှ လူငယ်၊ မောင်မယ်များ၊ အုပ်ချုပ်သူများနှင့် ခေတ်အေးပရဟိတကျောင်းမှ ကလေးငယ်များတွေ့ဆုံပြီး အပြန်အလှန် ဆုမွန်ကောင်း တောင်းဆိုမှုများပြုလုပ်ကြပြီး လက်ဆောင်ပစ္စည်း အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ယင်းလေ့လာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးလည်းဖြစ် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်ဥက္ကဋ္ဌဖြစ်သူ ဦးလှဝင်းက လေ့လာရေးခရီးစဉ်နှင့် ပတ်သက်၍ "ကျွန်တော်တို့ရဲ့ ဒီလေ့လာရေးခရီးစဉ်ရဲ့ ရည်ရွယ်ချက်ကတော့ ဒေသန္တရဗဟုသုတနည်းပါးတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့မှာရှိတဲ့ ကလေးတွေ အမြင်ကျယ်စေဖို့၊ ဗဟုသုတကြွယ်ဝစေဖို့၊ မြန်မာပြည်တစ်နံတစ်လျားမှာရှိတဲ့ အဓိကနေရာတွေကို ရောက်ဖူးအောင်၊ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေ မျက်ဝါးထင်ထင်မြင်တွေ့မှုရအောင်ဆိုပြီးတော့ ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့ ဒီလိုလုပ်ဆောင်ပေးရသလဲဆိုတော့ အဲဒီဒေသအတွင်းမှာရှိတဲ့ကလေးတွေဟာ တစ်သီးတစ်သန့်လိုဖြစ်နေပြီး အခြားနေရာဒေသတွေနဲ့ ထိတွေ့မှုအားနည်းနေတယ်လေ၊ သူတို့လေးတွေရဲ့ ဘဝတစ်သက်စာမှာ ဒီလို မျိုးမြင်ဖူး၊ တွေ့ဖူး၊ သွားဖူး၊ လာဖူးတာ ဒါပထမဆုံးအကြိမ်ပဲဖြစ်ပါတယ်"ဟု ရှင်းပြပြောဆိုခဲ့သည်။

အဆိုပါလေ့လာရေးအဖွဲ့သည် နေပြည်တော်မှတစ်ဆင့် မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်းမြို့များရှိ အထင်ကရ နေရာများ၊ ဘုရားစေတီပုထိုးများ၊ သာသနိက အဆောက်အအုံများသို့ ရောက်လေ့လာကြမည်ဖြစ်ပြီး မေ ၅ ရက်တွင် လဟယ်မြို့သို့ ပြန်လည်ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။

(ဟိန်းထက်)

ကတ္တရာလမ်းမပေါ်တွင် စကိတ်စီးသူများနှင့်ယာဉ်အန္တရာယ်

နေပြည်တော် မေ ၃

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မြို့ပေါ်ရပ်ကွက်ရှိ ကတ္တရာလမ်းပေါ်တွင် ဆယ်ကျော်သက်ယောကျာ်းလေးများ စကိတ်စီးနင်းနေသောကြောင့် ကတ္တရာလမ်းမပေါ်တွင်သွားလာနေသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် ယာဉ်တိုက်မှုဖြစ်ပွားနိုင်ဖွယ်မြင်ကွင်းကို နေ့စဉ်နှင့်အမျှ တွေ့မြင်နေကြရသည်။

"သက်ဆိုင်ရာမှ မြို့တွင်းလမ်းများကောင်းမွန်ရန် လမ်းကိုအဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ရာ စကိတ်အသုံးပြုသူများအနေဖြင့် အခွင့်အရေးတစ်ရပ်သုံးစွဲကာ ပြောင်ပြောင်တင်းတင်း ကတ္တရာလမ်းမပေါ်တက်၍ စကိတ်စီးနင်းမှုပြုနေတာက ယာဉ်တိုက်မှုကို လက်ယပ်ခေါ်နေသလိုပဲ၊ အဓိကတာဝန်ရှိတာကတော့ စကိတ်အသုံးပြုသူတွေရဲ့ မိဘတွေပဲ။ ဒါတွေကိုမိဘတွေက ဆုံးမဖို့ကောင်းတယ်"ဟု မျက်မြင်ကြုံတွေ့သူတစ်ဦးက သုံးသပ်ပြောဆိုသည်။**(အပေါ်ပုံ)**

သို့ပါ၍ ယာဉ်အသုံးပြုမှုအတွက် ခင်းကျင်းပေးထားသော ကတ္တရာလမ်းမပေါ်တွင် စကိတ်စီးသူများအတွက် ယာဉ်တိုက်မှုဖြစ်ပွားနိုင်ရန် မြင်ကွင်းကို ဓာတ်ပုံမှတ်တမ်းရိုက်၍ ထင်သာမြင်သာကဏ္ဍမှ တင်ပြလိုက်ရပါသည်။

(သူဇာလှိုင်-မန်းတက္ကသိုလ်)

ပခုက္ကူမြို့သို့ ကြက်သွန်လှိုင်လှိုင်ဝင်

ပခုက္ကူ မေ ၃

ပခုက္ကူမြို့၏ ကြက်သွန်ဈေးကွက်သို့ ယောနယ်-ကျောက်ထုံ-လောင်းရှည်ဒေသများမှ ကြက်သွန်ဖြူများ လှိုင်လှိုင်ဝင်ရောက်လျက် ဈေးကောင်းရနေကြောင်း သိရသည်။ "ကြက်သွန်ဖြူကို နတ်တော်မှာ စစိုက်တယ်။ ယောချောင်းဘေးလယ်ကွင်းတွေမှာ စိုက်တယ်။ တန်ခူးမှာဖော်တယ်။ ပခုက္ကူဈေးကွက်ကို နှစ်ရက်ခြားအချိန်တစ်သောင်းနီးပါးဝင်တယ်။ အမြင့်ဆုံးဈေးတစ်ပိဿာကျပ် ၁၃၀၀၊ အနိမ့်ဆုံးဈေး ကျပ် ၉၀၀ ဈေးရှိတယ်"ဟု ကြက်သွန်ပွဲစား တစ်ဦးက ပြောသည်။ "အနီကိုသန့်စင်ရတာ ကိုက်တယ်။ အဖြူက ဝန်ပေ့ါတော့ အနီလောက် နေ့တွက်မကိုက်ဘူး။ အနီရော၊ အဖြူရော သီတင်းကျွတ်၊ တန်ဆောင်မုန်းအထိ ဝင်တာဆိုတော့ အလုပ်အကိုင်အဆင် ပြေတယ်။ နတ်တော်ကနေ တန်ခူးအထိ အလုပ်နားရတယ်။ နားရက်မှာ ကြက်သွန်ပြာသမားတွေ ကြုံရာကျပန်းလုပ်ကိုင်ကြရတယ်" ဟု ကြက်သွန်သန့်စင်သူ ဒေသခံတစ်ဦးက ပြောသည်။ ကြက်သွန်နီဈေးကွက် သည် ဧပြီ ၂၂ ရက် သတင်းအရ တစ်ပိဿာ ကျပ် ၃၅၀ မှ ၂၇၅ ကျပ် ဈေးပေါက်နေပြီး တောင်သူများမှ ဈေးအမြင့်ကို စောင့်လျက်ရောင်းချနေကြောင်း၊ မြန်မာပြည်အနှံ့တင်ပို့မှုမရှိသေးဘဲ လှောင်လက်သမားများကသာ ဝယ်ယူနေကြောင်းသိရသည်။

(မောင်နေဦး)

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မေယဂီရိရပ်၊ အကွက်(၁၄၄)၊ ကျီဝင်းရပ်နေ ဒေါ်တင်စိန်[၉/မနမ(နိုင်) ၀၄၅၀၁၉]၏ သမီး မအေးအေးလှိုင်(ခ)မအေးအေးသန်း[၉/အမဇ(နိုင်)၀၀၉၉၉၆]သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်တင်စိန်

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၉၇)၊ ဦးပိုင်အမှတ်(၂၅-ခ)၊ ၁၉လမ်း၊ ၉၀လမ်း×၉၁လမ်းကြား၊ တရုတ်ဘုံကျောင်းမြောက်ဘက်၊ ဒေါ်ပြူး အမည်ပေါက်ဂရန်မြေကွက်အား ဦးဒါန နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၅/ကသန(နိုင်)၀၄၁၈၅၇]၊ ဒေါ်မှတ်စိ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၅/ကသန(နိုင်)၀၄၁၉၀၈]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး/အမည်ပြောင်း၊ ဂရန်ပျောက်အမှုတွဲဖွင့်လုစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၇)၊ (၇၅)လမ်းနှင့်(၇၆)လမ်းကြား၊ ၃၇လမ်းနှင့်၃၈လမ်းကြား၊ ဦးဗိုလ်ချို(ခ)ဘိုချို(ခ)ဗိုလ်ချီအမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်ခါတွန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရတ(နိုင်)၀၆၇၇၃၆]၊ ဒေါ်တင်အေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရတ(နိုင်)၀၆၇၇၄၃]၊ ဦးခင်မောင်ဌေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရတ(နိုင်)၀၆၇၇၄၈]၊ ဒေါ်ရီရီချို နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရတ(နိုင်)၀၆၇၇၄၉]၊ ဒေါ်ခင်အေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရတ(နိုင်)၀၆၇၇၃၃]၊ ဦးခင်မောင်အေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရတ(နိုင်)၀၆၇၈၆၁]ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမွေဆက်ခံစာချုပ်ချုပ်ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉၀၂) ဦးပိုင်အမှတ်(၁၆၄)ရန်ကုန်-မန္တလေးလမ်း၊ ရတနာပူရလမ်းတောင်ဘက်၊ ဦးသိန်းဦး၊ ဒေါ်စန်းစန်း အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်စန်းစန်းဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၉/မရမ(နိုင်)၀၅၈၈၉၆] ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း၊ ဂရန်မိတ္တူ အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အမြို့မြို့အနယ်နယ်သတင်းများ

လိုင်စင်မဲ့ယာဉ်များဖမ်းမိ

ကျိုက်ထို မေ ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း တရားမဝင်လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးအရေးယူလျက်ရှိရာ ဧပြီ ၂၆၊ ၂၇ ရက်များတွင် လေးစီးဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဧပြီ ၂၆ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ကျိုက်ထိုမြို့အနီး လက်ပြကျေးရွာ လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်အနီးတွင် ဘားအံဘက်မှမောင်းနှင်လာသော TOYOTA HILUX အမျိုးအစား အနက်ရောင်ယာဉ်၊ ဧပြီ ၂၇ ရက်ညနေတွင် ကော့စံနိုင်ရပ်ကွက်၊ အထက(၂)ရှေ့တွင် ဘားအံဘက်မှ မောင်းနှင်လာသော HONDA CRV အမျိုးအစား အဖြူရောင်ယာဉ်၊ ဧပြီ ၂၆ ရက်ညက သိမ်ဇရပ်ရဲတပ်ဖွဲ့မှ စခန်းမှူး ဦးဆောင်သောအဖွဲ့သည် မုပ္ပလင်ကျေးရွာ စစ်တောင်းတံတား အသစ်နှင့် အဟောင်းသွားရာ လမ်းဆုံ၌ ဘားအံဘက်မှ မောင်းနှင်လာသော BONGO MAZDA အမျိုးအစား အဖြူရောင်ယာဉ်အမှတ် ၂ဃ/---ယာဉ်၊ ယင်းလမ်းဆုံ၌ပင် ဧပြီ ၂၇ ရက်ညနေက ဘားအံဘက်မှ မောင်းနှင်လာသော HONDA CRV အမျိုးအစား အဖြူရောင်ယာဉ်တို့အား ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်း အထောက်အထားများ မပြနိုင်သဖြင့် (ပ)၆၂/၂၀၁၃ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ (၈)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲခေါင်ဦး)

တာချီလိတ်မြို့၌ မီးပွိုင့် ငါးခုတပ်ဆင်မည်

တာချီလိတ် မေ ၃

တာချီလိတ်မြို့သည် နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး မြို့ပြအဆောက်အအုံများ တိုးတက်လာသကဲ့သို့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်စီးသူများလည်း များပြားလာသည်။ ယာဉ်များသွားလာရာတွင် မြို့လယ်လမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းမကြီးတစ်ခုသာ အဓိကအသုံးပြုလျက်ရှိသည်။ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် ဒေသအုပ်ချုပ်ရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အမှတ်(၂)ချစ်ကြည်ရေးတံတားမှ ဆန်ဆိုင်းရပ်ကွက်ကိုဖြတ်ကာ မေဖလားဝါးကွင်းအထိ မြို့ပတ်လမ်းဖောက်လုပ်ခဲ့ရာ ယခုပြီးစီးပြီဖြစ်၍ ယာဉ်များ သွားလာနေသည်ကိုတွေ့ရသည်။ ထို့ပြင် လမ်းဆုံများတွင်လည်း မီးပွိုင့်များတပ်ဆင်ရန်စီစဉ်ခဲ့ရာ ဂိတ်တဲများ ဆောက်လုပ်ခြင်း၊ ဝါ၊ စိမ်း၊ နီမီးတိုင်များ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်းလည်း သိရသည်။ လောလောဆယ်တွင် မီးပွိုင့်ငါးခုတပ်ဆင်မည်ဖြစ်ရာ ကျိုင်းတုံအထွက်လမ်းဆုံ၊ အာခါဈေးလမ်းဆုံ၊ ပါလျှံဆီပန့်လမ်းဆုံ၊ အမှတ်(၂)ချစ်ကြည်ရေးတံတားလမ်းဆုံနှင့် အားကစားရုံလမ်းဆုံတို့တွင် တပ်ဆင်သွားမည်ဖြစ်သည်။ မီးပွိုင့်တစ်ခုအတွက် ကုန်ကျစရိတ်မှာ ငွေကျပ် ၇၈ သိန်းဖြစ်ပြီး ကျိုင်းတုံအထွက် လမ်းဆုံ မီးပွိုင့်မှာ ငွေကျပ် သိန်း ၈၀ ဟု သိရသည်။

မီးပွိုင့်များတပ်ဆင်ပြီးပါက ယခင်က လမ်းကြားမှ ထွက်ရသော ကားများသည် လမ်းမကြီးမှ ယာဉ်များရှင်းသည်အထိ စောင့်ဆိုင်းစရာမလိုတော့ဘဲ သတ်မှတ်ချိန်တစ်ခုအထိသာ စောင့်ဆိုင်းရတော့မည်ဖြစ်ကြောင်း၊ ထို့ပြင် ယာဉ်တိုက်မှုအန္တရာယ်လည်း လျော့ပါးသွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲ တာဝန်ခံ ရဲအုပ်စံသိန်းက ပြောကြားသည်။

(ခရိုင်ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပျိုးရေး အကြိုလုပ်ငန်းများဆောင်ရွက်

ရွှေဘို မေ ၃

ရွှေဘိုခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် W.Com Centre ကွန်ပျူတာသင်တန်းကျောင်းသစ်လူငယ်အဖွဲ့၊ ရွှေဘိုစိမ်းလန်းစိုပြည် သစ်ပင်စိုက်အဖွဲ့၊ လူငယ်အားမာန်လူမှုဖွံ့ဖြိုးရေးအသင်း၊ ရွှေဘိုအောင်ဇေယျာ လူမှုကူညီရေးအသင်းတို့ပူးပေါင်းပြီး ကမ္ဘာ့အလုပ်သမားနေ့ကို ကြိုဆိုသောအားဖြင့် မေ ၁ ရက် နံနက် ၆ နာရီက ရွှေဘိုစက်မှုဇုန်အဝင် လမ်းဘေးဝဲ၊ ယာ တစ်လျှောက်တွင် သစ်ပင်စိုက်ပျိုးရေးအကြိုလုပ်ငန်းများကို ဆောင်ရွက်သည်။

အကြိုလုပ်ငန်း(၅)ရပ်မှာ မြေနေရာရွေးချယ်ခြင်း၊ ကျင်းပန္နက်စိုက်ထူခြင်း၊ ကျင်းတူးခြင်း၊ မြေဩဇာထည့်သွင်းခြင်း၊ ကျင်းဖို့ခြင်းတို့ဖြစ်ပြီး ယခုလောလောဆယ်တွင် သစ်ပင်အရေအတွက် ၁၅၀ အတွက် လျာထားသတ်မှတ်၍ တစ်နေ့တည်းဖြင့် အပြီးဆောင်ရွက်ခြင်းဖြစ်ပြီး မြေဩဇာများနူးနပ်ပြီးသည့်အချိန်တွင် ပျိုးထောင်ပြီးဖြစ်သော အပူဒဏ်ခံအရိပ်ရအပင်များကို ထည့်သွင်းစိုက်ပျိုးသွားမည်ဖြစ်သည်။

အဆိုပါဆောင်ရွက်မှုလုပ်ငန်းသို့ ရွှေဘိုခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘလွင်ဦး၊ မြို့နယ်ဦးစီးအရာရှိ ဦးစိုးဟန်၊ W.Com Centre မှ ဦးဝဏ္ဏထွန်း၊ ပေါက်တူး၊ ပေါက်ပြား၊ ဂေါ်ပြား အလှူရှင်ဦးတင်ဝင်းနှင့် သက်ဆိုင်ရာအသင်းသူအသင်းသား ၁၀၀ ခန့် ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(ကျော်သူရ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
(က)	Oyster Cleaning Machine, Engine High Pressure Pump Assembly, Fibre Boat(33' x10' x 2.8)& 60 HP Yamaha Out Board Motor Engine	၁ စုံ
(ခ)	Bio Nucleus (6)မျိုးနှင့် Nucleus(၆)မျိုး	၈၃ ကီလို
(ဂ)	လောင်းလိုင်းသုံးပစ္စည်း	၁၀ မျိုး

၂။ တင်ဒါပိတ်သိမ်းမည့်နေ့ရက်မှာ ၃-၆-၂၀၁၃ ရက်(တနင်္လာနေ့)ညနေ ၁၆း၃၀ နာရီဖြစ်ပြီး ၄-၆-၂၀၁၃ ရက်၊ နံနက် ၁၀ နာရီတွင် ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဝယ်ယူသိုလှောင် ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က) (၁)အရ)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးနယ်တရားမရုံးတော်၌

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၇

မလင်းလင်းစန္ဒာလွင် နှင့် ကိုဝေလင်းထွန်း

တရားလို **တရားပြိုင်**

အမှတ်(၈၄/ဘီ)၊ သစ်တောဝင်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) ကိုဝေလင်းထွန်းသိစေရမည်။

မလင်းလင်းစန္ဒာလွင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ မေလ ၂၉ရက်(၁၃၇၅ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ရက်)နေ့မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဧပြီလ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိမ်းဝင်း)

ဒုတိယခရိုင်တရားသူကြီး(၃)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

နိုင်ငံတကာ အတွေ့အကြုံရင့်ကျက်သော SAYA JOHN ဦးစီးသော

FLAMINGO

AMERICAN ENGLISH SPEAKING CLASS

သင်တန်းအားသစ်!!!

Yes I Can Why I Can't

Ph: 09 - 5104826, 383811

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅/သမိုင်း၊ မြေကွက်အမှတ်-၂၇၊ အစိတ်အပိုင်း(၀. ၀၅၀)ဧကခန့် မြေကွက်တည်နေရာအမှတ်-၇၂/က၊ ဦးလွန်းမောင်လမ်းသွယ်(၄)လမ်း၊ ၇ ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) အမည်ပေါက် အစိုးရမြေအား ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၈-၆-၂၀၀၃ ရက်စွဲပါစာအမှတ် ၁၀၀/၇-၈၀/ရေ-၃ မြေသိမ်းဆည်းခြင်းအမိန့် ၂၃-၇-၂၀၁၂ ရက်စွဲဖြင့် ဦးရဲမင်းထံမှ ဝယ်ယူထားသည့် အရပ်ကတိ အရောင်းအဝယ်စာချုပ်များ တင်ပြ၍ ဒေါ်အေးအိအိဌေး[၁၂/လကန(နိုင်)၁၆၅၉၃၄]မှ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)ချထားပေးပါရန် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Professor ဒေါက်တာယဉ်ဘာလေဒီ

Ph.D(Tantra & Sastra)(Kol-India)

0950-10735 , 09732-07174

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၉၃၅၊ ၉၃၆၊ ၉၃၇ အကျယ်အဝန်းတစ်ကွက်လျှင် (၀. ၀၅၅)ဧကစီရှိ နှစ်(၆၀)ဂရန်မြေကွက် (၃)ကွက်နှင့်ယင်းမြေကွက်(၃)ကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကျန်မယ်ချင်း[၁၃/လရန(နိုင်)၀၀၃၆၈၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးအောင် (LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၂၂)

အမှတ်-၁၂၁၊ ဒု-ထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၅၁၆၉၁၅၉၊ ၀၁-၂၂၅၆၉၄၊ ၀၉-၇၃၀၄၅၆၈၇

ဝန်ထမ်းအလိုရှိသည်။

(ပြည်တွင်း၌သာခန့်ထားရန်)

Myint Myat Kyaww Construction Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန်အတွက်အောက်ပါဝန်ထမ်းများအလိုရှိသည်။

(၁)	General Manager (MBA/DMA)English 4 skills	ကျား(၁)ဦး
(၂)	Chief Engineer ME / BE (Civil)	ကျား(၁)ဦး
(၃)	Project Engineer ME / BE (Civil)	ကျား(၂)ဦး
(၄)	Site Engineer BE/B.Tech/AGTI(Civil)	ကျား/မ(၅)ဦး
(၅)	စက်ရုံမှူး (အုတ်စက်ရုံ၊Steel Fabricationစက်ရုံ)	ကျား(၂)ဦး
(၆)	Manager (Sales&Marketing)	ကျား/မ(၂)ဦး
(၇)	Chief Accountant B.Com,M.Com,CPA,ACCA(or)DA	ကျား/မ(၁)ဦး
(၈)	Senior Accountant B.Com,M.Com,LCCI(III)	ကျား/မ(၅)ဦး
(၉)	Cashier Any Graduate,LCCI(III)	မ (၁)ဦး
(၁၀)	Secretary	ကျား/မ(၂)ဦး
(၁၁)	တရုတ်စကားပြန်	ကျား/မ (၁)ဦး
(၁၂)	Driver	ကျား (၃)ဦး

အထက်ပါအမှတ်စဉ်များအားလုံးအရည်အချင်းရှိပြီးလုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးမည်။လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ပညာရေးဆိုင်ရာ အထောက်အထားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ဓါတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်းထောက်ခံချက်တို့နှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ် အတွင်းလူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် (၅၂၇/၅၂၉) အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁- ၉၀၀၀၃၀၁၊၂၉၉၂၀၁

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ မြေကွက်အမှတ်-၃၁၂/E၊ ကန်သာယာ(၂)လမ်း၊ အမှတ်-၃၁၂/E ပေ(၂၅ × ၅၀)အကျယ်အဝန်းအနက်မှ ပေ(၁၂½ × ၅၀)အကျယ်အဝန်းရှိ နှစ်(၆၀)မူလဂရန် အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ဝင်း(DBN-၀၀၁၂၆၆)ထံမှ အဆက်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ဦးအောင်တင်[၁၂/ဒပန(နိုင်)၀၀၅၀၇၆]ထံမှ ကျွန်တော် ဦးမြဟန်[၁၂/လမတ(နိုင်)၀၀၉၃၈၄]သည် ၁၄-၁၂-၂၀၀၄ ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် အထက်ပါလိပ်စာရှိ ပေ(၁၂½ × ၅၀)အကျယ်အဝန်း (ခေါင်းရင်းဘက်ခြမ်း)အား ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုသို့ဝယ်ယူပိုင်ဆိုင်ခဲ့သည့်အလျောက် ကျွန်တော်ဦးမြဟန် လက်ဝယ်ပိုင်ဆိုင်သော အထက်ဖော်ပြပါလိပ်စာရှိ မြေနှင့်အိမ်အား ကျွန်တော်၏သဘောတူခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်း၊ အလွဲအသုံးပြုခြင်းများ မပြုလုပ်ရန်နှင့် ကျွန်တော့်အားထိခိုက်နစ်နာစေမည့် အပြုအမူလုပ်ရပ်များ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမြဟန်[၁၂/လမတ(နိုင်)၀၀၉၃၈၄]

နေညိုချိန် ငဝန်သောင်ပြင်၌ ရေကူးသူများနှင့် စည်ကားနေ

ရေကြည် မေ ၃

ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ တစ်ဖက်ကမ်းရှိ ဒေါင့်ကြီးဘက်ကျေးရွာ ငဝန်မြစ်အတွင်း သဲသောင်ပြင်ဖြစ်ပေါ်ရာမှ ပေါ်ထွက်လာသော သောင်ခုံတွင် ရေချိုးကမ်းခြေ အပန်းဖြေစခန်းဖြစ်ပေါ်လျက်ရှိသည်။ **(အပေါ်ပုံ)** အလျား ‌ေလးဖာလုံခန့်၊ အကျယ် ကိုက် ၂၀၀ ခန့် ဖြစ်ပေါ်နေခြင်းကြောင့် ရပ်ဝေးရပ်နီးရှိ လူအများ ရေချိုးကမ်းခြေတွင် အပန်းဖြေရေကစားခြင်းများပြုလုပ်ခြင်းများကြောင့် အနီးအနားရှိ ကျေးရွာများမှ ဆိုင်များဖွင့်ရန် စားသောက်ဖွယ်ရာများ(ဘော)လေလုံးငှားရမ်းခြင်းများကြောင့် စီးပွားဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါသဲသောင်ပြင် ဖြစ်ပေါ်လာမှုကြောင့် မလိုလားအပ်သည့်ပြဿနာများဖြစ်ပေါ်လာမည်ကို စောင့်ကြည့်သူတစ်ဦးက "ဒီရေချိုးကမ်းခြေဖြစ်ပေါ်လာခြင်းကြောင့် လူငယ်လူရွယ်များ အရက်၊ ဘီယာ၊ မူးယစ်စေသော အရာများ သောက်သုံးထားခြင်းကြောင့် ညောင်ချောင်းသာအပန်းဖြေစခန်းလို ဖြစ်ပေါ်လာမည်ကို စိုးရိမ်မိပါကြောင်း၊ သဘော်သွားရာလမ်းကြောင်း ကျဉ်းမြောင်းမှုကြောင့် စက်တပ်ရေယာဉ်များနှင့် သဘော်ကြီးများ သဲသောင်ပြင်နှင့် ထိတွေ့မှုရှိနိုင်ပါကြောင်း၊ ငဝန်မြစ်ရဲ့ အရှေ့ဘက်ကမ်းပြိုမှုကိုလည်း စိုးရိမ်မိပါကြောင်း" ပြောသည်။

(မဇ၇)

သက်တမ်းလွန်/ ပြတ်ယာဉ်များ ရှောင်တခင်စစ်ဆေး

သထုံ မေ ၃

မွန်ပြည်နယ် သထုံမြို့ ရန်ကုန်-သထုံ-ဘားအံ အဝေးပြေးလမ်းမကြီးပေါ်တွင် ဖြတ်သန်းပြေးဆွဲလျက်ရှိသောယာဉ်များအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ လိုင်စင်ရှိ/မရှိ၊ လုပ်ငန်းလိုင်စင်များပြည့်စုံအောင် ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် သက်တမ်းလွန်၊ သက်တမ်းပြတ်ယာဉ်များပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို စနစ်တကျလိုက်နာဆောင်ရွက်နိုင်ရေးတို့အတွက် ခရိုင်ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ခရိုင်ဦးစီးမှူးဦးစောမြင့်လွင်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ဝေဝေညွန့်နှင့် ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ရှောင်တခင်စစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ကို ဧပြီ ၂၉ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ သထုံမြို့ ဘင်လှိုင်ရပ်ကွက် ကျွန်းတောကွေ့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(ခရိုင်ပြန်/ဆက်)**

ငွေကျပ် ၁၅၀၀ တန်ဆိုသော်လည်း ယခင် စီဒီအမ်အေများထက် နည်းပညာမြင့်မား

ရန်ကုန် မေ ၃

မကြာသေးမီရက်အတွင်းက ငွေကျပ် ၁၅၀၀ ဖြင့် ချပေးလိုက်သည့် CDMA 800 MHz တန်ဖိုးနည်း မိုဘိုင်းဖုန်းများသည် ယခင်ကချထားပေးသော CDMA 800 MHz မိုဘိုင်းဖုန်းများထက် နည်းပညာမြင့်မားသာလွန်နေကြောင်း ပြည်တွင်းရှိ နည်းပညာဝန်ဆောင်မှုကုမ္ပဏီများထံမှ သိရသည်။

အဆိုပါတန်ဖိုးနည်းမိုဘိုင်းဖုန်းတွင် အသံပိုင်းဆိုင်ရာဝန်ဆောင်မှုအပြင် (data) အချက်အလက်၊ အင်တာနက်ဆိုင်ရာဝန်ဆောင်မှုများ မြင့်မားသာလွန်ခြင်း၊ မိုဘိုင်းဖုန်းများနှင့်ပတ်သက်၍ အခြားသော ဝန်ဆောင်မှုများ ဖြည့်စွက်ထားခြင်းတို့ဖြစ်ကြောင်း သိရသည်။

ယခု ငွေကျပ် ၁၅၀၀ ဖြင့်ချပေးသော CDMA 800 MHz သည် ယခင် CDMA 800 MHz ထက် Voice အပိုင်းတွင် 2000 1X Advance ဖြစ်ခြင်း၊ အင်တာနက်သုံးစွဲမှုတွင် 3G data EVDO Revision-A ဖြစ်ပြီး အသံပိုင်းဆိုင်ရာ ပိုမိုကြည်လင်ပြတ်သားမှုရှိခြင်း၊ နည်းပညာမြင့်မားခြင်းကြောင့် အင်တာနက်သုံးစွဲမှု ပိုမိုကောင်းခြင်းစသော အားသာချက်များရှိကြောင်း၊ ဆင်းကတ်ဟုခေါ်ကြသော RUIM ကတ်မှာ ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်သောပြင်သစ် Operdhur- Technology နည်းပညာဖြင့် ထုတ်လုပ်ထားပြီး လုံခြုံရေးနည်းပညာမြင့်မားခြင်းကြောင့် ၎င်းနည်းပညာဖြင့် ငွေဖြည့်ကတ်များဖြင့် သီးခြားသုံးစွဲနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က ပြည်တွင်းတွင် GSM များကိုသာ သုံးစွဲမှုများခြင်းမှာ CDMA 800 MHz ဖုန်းများအတွက် ဟန်းဆက်ရှားကာ ဟန်းဆက်ဈေးမြင့်ခြင်းကြောင့်ဖြစ်သော်လည်း ယခုကိုရီးယား၊ တရုတ်တို့မှ ဗီယက်နမ်၊ အင်ဒိုနီးရှားဈေးကွက်များသို့ တင်ပို့သောဟန်းဆက်များ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာခြင်းများရှိသလို ကိုရီးယားက မြန်မာနိုင်ငံအတွက် ရည်ရွယ်ထုတ်လုပ်ပေးသော ဟန်းဆက်များလည်း ဝင်ရောက်လာပြီဖြစ်ကြောင်း၊ CDMA 800 MHz တွင် အမေရိကန်၌ VERIZON သုံးစွဲသူသန်းပေါင်းရာဂဏန်း၊ China Telecom မှ သန်းပေါင်း ၃၀၀၊ အိန္ဒိယရှိ Reliance နှင့် MTS တို့မှ ဖုန်းသုံးစွဲသူ သန်းဂဏန်းရှိပြီး ယင်းဈေးကွက်များသို့တင်ပို့သော ဟန်းဆက်များလည်း ရှိလာကာ ဗီယက်နမ်၊ အင်ဒိုနီးရှားသို့ပို့သော ဟန်းဆက်များသည် မြန်မာနှင့်နီးစပ်ခြင်းကြောင့် ယခင်လိုဈေးနှုန်းမြင့်မားခြင်းမျိုးမရှိတော့ဘဲ အမျိုးအစားရွေးချယ်ရာတွင်လည်း ဖုန်းသုံးစွဲသူအတွက် အခွင့်အလမ်းသာစေခြင်း ဖြစ်သည်။

ယခု ငွေကျပ် ၁၅၀၀ တန် မိုဘိုင်းဖုန်းတွင် ငွေကျပ် ၅၀၀၀ တန်၊ ၁၀၀၀၀ တန်၊ ၃၀၀၀၀ တန်၊ ဒေါ်လာ ၁၀၊ ဒေါ်လာ ၂၀၊ ဒေါ်လာ ၅၀ စသောငွေဖြည့်ကတ်များ ထုတ်ဝေခြင်းရှိပြီး ၎င်းငွေဖြည့်ကတ်များအနက် ၅၀၀၀ တန်သည် ရက် ၆၀ အတွင်း၊ ၁၀၀၀၀ တန်သည် ရက် ၁၂၀ အတွင်း၊ ၃၀၀၀၀ တန်သည် ရက် ၃၆၀ အတွင်း သုံးစွဲနိုင်ကြောင်း၊ ပြည်ပခေါ်ဆိုမှုအတွက် ဒေါ်လာ ၁၀ တန်သည် ရက် ၁၀၀၊ ဒေါ်လာ ၂၀ တန်သည် ရက် ၂၀၀၊ ဒေါ်လာ ၅၀ တန်သည် ရက် ၅၀၀ စသည်ဖြင့် သုံးစွဲနိုင်ခြင်းကြောင့် သုံးစွဲသူအနေဖြင့် ဖုန်းလိုင်းပိတ်ခံရမည်ကိုစိတ်ပူစရာမလိုဘဲ ချိန်ဆသုံးစွဲနိုင်ကြောင်း သိရသည်။

ထို ငွေကျပ် ၁၅၀၀ တန်ဖုန်း ၀၉၃----စသော မိုဘိုင်းဖုန်း၏ အင်တာနက်သုံးစွဲမှုကို GSM ကွန်ရက်မှ ၀၉၅၀ ----- စသော မိုဘိုင်းဖုန်းများ၏သုံးစွဲမှုနှင့် နှိုင်းယှဉ်ကြည့်ရာတွင် You Tube ဖြင့် သီချင်းများခေါ်ဆိုလုပ်ဆောင်ရာ၌ ငွေကျပ် ၁၅၀၀ တန်ဖုန်း ၀၉၃-----စသော CDMA 800 MHz မိုဘိုင်းဖုန်းများက လျင်မြန်စွာလုပ်ဆောင်နိုင်သည်ကို လက်တွေ့လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းဈေးကွက်တွင် Galaxy Note 2 ဟန်းဆက်သည် ကျပ်ငါးသိန်းအထက်တွင်ရှိနေပြီး Galaxy Amazing ဟန်းဆက်မှာ ကျပ်တစ်သိန်းခွဲဝန်းကျင်သာရှိနေခြင်းကြောင့် ယခု ငွေကျပ် ၁၅၀၀ တန် မိုဘိုင်းဖုန်းပိုင်ဆိုင်ထားသူများအနေဖြင့် ငွေကုန်ကြေးကျသက်သာစွာ မြင့်မားသော အင်တာနက်ဝန်ဆောင်မှုကို အသုံးပြုနိုင်မည့် အားသာချက်များရှိသည်ကိုလည်း တွေ့ရှိရခြင်းဖြစ်သည်။

ထိုငွေကျပ် ၁၅၀၀ တန် CDMA 800 MHz မိုဘိုင်းဖုန်းများသည် CDMA 800 MHz ဟန်းဆက်တိုင်းထည့်မရဘဲ ဟန်းဆက်ရွေးသကဲ့သို့ဖြစ်နေခြင်းမှာ ၎င်းဟန်းဆက်များသည် တရုတ်ဈေးကွက်သို့ ရည်ရွယ်ကာတရုတ်ဆက်သွယ်မှုကွန်ရက်နှင့် လိုင်းချိန်ထုတ်ထားပြီး ပြည်တွင်းဈေးကွက်သို့ နယ်စပ်များမှ ဝင်ရောက်လာခြင်းကြောင့် ပြည်တွင်းကွန်ရက်တွင် ဟန်းဆက်မှ ကတ်ကို မဖတ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဟန်းဆက်ဝယ်မယ့်သူများအနေနဲ့ ကျွန်တော်တို့နိုင်ငံအတွက် သီးသန့်လိုင်းချိန်ပြီးတော့ သွင်းလာတဲ့ဟန်းဆက်တွေကိုပဲ ဝယ်သင့်တယ်။ ကိုရီးယားကနေတောင်မှ ဒီကကွန်ရက်နဲ့ ချိန်ပြီးသွင်းလာကြတဲ့ဟန်းဆက်တွေလည်း ရှိလာပါပြီ။ ဝယ်တဲ့သူက ဟန်းဆက်မြင့်မြင့်ကိုသင့်တင့်တဲ့အနေထားမျိုးနဲ့သုံးနိုင်ဖို့ ဂရုပြုဝယ်ဖို့လည်း လိုလာပါတယ်"ဟု ယင်းပုဂ္ဂိုလ်က အကြံပြုပြောကြားသည်။ ထို CDMA မိုဘိုင်းဖုန်းများ၏သုံးစွဲမှုသည် ပိုမိုကျယ်ပြန့်လာကာ ယခုနှစ်ကုန်တွင် သုံးစွဲသူတစ်သန်းခွဲခန့်အထိတိုးလာမည်ဟု ပြည်တွင်းနည်းပညာလုပ်ငန်းကုမ္ပဏီများက ခန့်မှန်းထားကြောင်း သိရသည်။

(ထက်ခိုင်-စမ်းချောင်း)

၂၀၁၃ အာဆီယံ စီးပွားရေး အသိုက်အဝန်း (AEC) အလုပ်ရုံဆွေးနွေးပွဲ ဖိတ်ကြားခြင်း

မွန်ပြည်နယ်မှ မြန်မာတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်တွေ အဆင်သင့်ဖြစ်ပြီလား

ကြိုတင်ပြင်ဆင်မှုတွေ ဘယ်လောက် ခရီးရောက်ပြီလဲ

AEC ရဲ့ အခွင့်အလမ်းတွေ၊ စိန်ခေါ်မှုတွေကိုရော သိထားပြီးပြီလား

ဘယ်လို ပြင်ဆင်ရမလဲ၊ ဘယ်လောက် ပြင်ဆင်ရမလဲ ဆိုတာရော သိထားပြီးပြီလား

(၁)ရက်တာ အလုပ်ရုံဆွေးနွေးပွဲကို ဝါရင့်ကျွမ်းကျင်ပညာရှင်များမှ ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသောလုပ်ငန်းရှင်များမှ ဝိုင်းဖွဲ့ဆွေးနွေးအဖြေရှာသည့် အစီအစဉ်များဖြင့် မော်လမြိုင်မြို့တွင် အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့် နေ့ရက် ။ ။ ၂၀၁၃ ခုနှစ်၊ မေလ(၁၈)ရက် (စနေနေ့)
ကျင်းပမည့် အချိန် ။ ။ နံနက် (၈း၃၀)နာရီ မှ ညနေ (၅း၀၀) နာရီ
ကျင်းပမည့် နေရာ ။ ။ Grand Ballroom, Mawlamyaing Strand Hotel
မော်လမြိုင်မြို့၊ မွန်ပြည်နယ်

တက်ရောက်ခွင့်လျှောက်လွှာများကို www.aec.com.mm တွင် download ပြုလုပ်ပြီး events@ptnmm.com (သို့) ဖက်စ် ၀၁-၂၅၅၁၀၉ သို့ မေလ (၁၄)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရပါမည်။ တက်ရောက်ခွင့်ရသူများကို မေလ (၁၆)ရက်နေ့ နောက်ဆုံးထားပြီး Email ဖြင့် Confirmation ပြန်လည်ပေးပို့ သွားပါမည်။

ဆက်သွယ်ရန် - PT & MM Event Ads Co., Ltd. Phone: (01) 255906, 255907, 255450 Email: events@ptnmm.com

4-5 (17).pmd 1 5/2/2013, 10:07 PM

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဇော်ဝင်း (CHEUNG HING & COMPANY)- (ဒေါ်မြင့်မြင့်ဦး)တို့၏တစ်ဦးတည်းသောသား

ဒေါက်တာ ပိုင်ထူးရှိန်

M.B.,B.S(Ygn), MRCP (Part-1)

နှင့်

ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်ဇော်ဇော်-ဒေါ်လင်းလင်းတို့၏ သမီးတူမ

(ဒုတိယရဲမှူးကြီး ဝင်းနိုင်)(ငြိမ်း)-ဒုတိယရဲမှူး ဒေါ်ကျင်ပြုံး (ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာနှင်းမို့မို့နိုင်

M.B.,B.S (Ygn), MRCOG (Part-1), 1st Year M.Med.Sc(O&G)

ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်

တို့၏ ၁၇-၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Executive Club)၌ ကျင်းပခဲ့သော စေ့စပ်မင်္ဂလာပွဲတွင် မင်္ဂလာစကားပြောကြားပေးပါသော ဦးသိန်းဟန် (ယခင် ဗဟိုတရားရုံးချုပ် တရားရေးအကြံပေး) (ငြိမ်း) (တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၊ ဦးသင်းထွန်းဟန်(ဒုတိယညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)တို့အားလည်းကောင်း၊ စေ့စပ်လက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်ဇော်ဇော်နှင့်ဇနီး ဒေါ်လင်းလင်းတို့အားလည်းကောင်း၊ ၂၁-၄-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (မင်းတုန်းခန်းမ)၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မင်္ဂလာနာယကအဖြစ် ဆောင်ရွက်ပေးပါသော သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာဦးစိုးသိန်းနှင့် ဇနီး အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး) အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးစစ်တိုင်းအောင် (M.D, Suntac International Trading Co.,Ld)နှင့် ဇနီးဒေါက်တာ ဒေါ်ယဉ်ဝင်းဝင်းအောင်၊ ဗိုလ်မှူးချုပ်သန့်ဆွေ(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)နှင့် ဇနီး ဒေါ်ခင်ခင်လှတို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုးအားလည်းကောင်း၊ ၂၄-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ပရိယတ္တိ၊ ပရိပတ္တိသာသနာပြု မူလဆယ်တောင်ပြည့် ကျောင်းတိုက်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် မင်္ဂလာသြဝါဒဆုံးမစကား မိန့်ကြားပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဒ္ဒိဗလအားလည်းကောင်း၊ ၂၈-၄-၂၀၁၃(တနင်္ဂနွေနေ့)တွင် Sedona Hotel(Grand Ball Room) ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင်မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သရေစည်သူ ဦးဆန်းဆင့်နှင့် ဇနီး ဒေါ်ခင်မလေးအားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်သန့်ဆွေ(ငြိမ်း)(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)နှင့် ဇနီး ဒေါ်ခင်ခင်လှအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၏ ဇနီးများနှင့် မိသားစုများ၊ စစ်ဘက်နယ်ဘက်ဆိုင်ရာ ဂုဏ်သရေရှိ လူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာလျှောက်လမ်းတွင် ရှေ့မှ လျှောက်လှမ်းပေးပါသော မောင်ရှင်းသန့်ကောင်းနှင့် မခင်မြင့်မိုရ်ဇော်၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာလဲ့ဝင်းသူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာနီလာရန်နိုင်နှင့် ဒေါက်တာဆုမြတ်မွန်တို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံများ ဒေါက်တာသတိုးအောင်၊ဒေါက်တာမြင့်မောင်ဆင့်၊ မင်္ဂလာသတို့သမီးအရံများ ဒေါက်တာအိမြတ်နွယ်၊ ဒေါက်တာမေဇော်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော နိုင်ငံကျော်တေးသံရှင် ရီရီသန့်နှင့် Cupid Music Band အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော The Lady (Gem & Jewellery) အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင် အလှဖန်းတီးပေးပါသော ခင်စန်းဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးပါသော ဒီဇိုင်နာ ပြည်စိုးအောင်အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့အားလည်းကောင်း၊ Pre- Wedding ဓာတ်ပုံများကို ရိုက်ကူးပေးပါသော Wedding World Photo Studio နှင့် Forever Photo Studio တို့အားလည်းကောင်း၊ မင်္ဂလာခန်းမတွင် ပန်းအလှဆင်ပေးပါသော ကိုခင်မောင်ဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာ ရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ Sedona Hotel (Poolside)၌ကျင်းပသော မင်္ဂလာညစာစားပွဲတွင် မေတ္တာဖြင့် အခမ်းအနားမှူးဆောင်ရွက်ပေးပါသော ကိုဖြိုးဇော်လင်း၊ မေတ္တာဖြင့် မင်္ဂလာဝတ်စုံများ ဆင်မြန်းပေးသော ဒီဇိုင်နာ Joker၊ မေတ္တာဖြင့် တီးဝိုင်းလက်ဖွဲ့ပေးပါသော Fever Music Band ၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော Forever Photo Studio အဖွဲ့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား ကျေးဇူးဥပကာရ လှိုက်လှိုက်လှဲလှဲတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာပိုင်ထူးရှိန်- ဒေါက်တာနှင်းမို့မို့နိုင်

ဗုဒ္ဓဂယာမြေမြတ်မဟာ၌ သာသနာရောင်ဝါထွန်းလင်းစေဖို့ သာသနိကအဆောက်အအုံ လှူကြစို့

[illegible]

အလှူခံဌာနများမှာ–

၁။ ဆရာတော် ဒေါက်တာနန္ဒာဘာသ (M.A.,Ph.D)

VisitingProfessor(New Age International University.USA)

[illegible]

,Email-ndbatha@gmail.com, web-www.bmission.net;

www.bmission.blogspot.com.

[illegible]

ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုခြင်း

တိုက် (၂၉၀)၊အခန်း (၁၂)၊ရန်အောင်လမ်းသွယ် (၃)၊အရှေ့ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့နေ

ကွယ်လွန်သူ-ဖခင်ဦးသိန်းမောင်၊မိခင်ဒေါ်အေးရှင် တို့အားရည်စူး၍

ဦးစောမင်းနိုင် + ဒေါ်မြင့်မြင့်သိန်း မိသားစုတို့မှ

အိန္ဒိယနိုင်ငံ ၊ကိုးလ်ကတ္တားမြို့၊ဗောဓိသုခပရဟိတမြန်မာကျောင်းဆရာတော် ဒေါက်တာနန္ဒာဘာသဦးစီးဆောက်လုပ်လျက်ရှိသောဂယာမြို့ ရှိမဟာဗောဓိပရဟိတ မြန်မာကျောင်းတိုက်ကြီး၏ ပထမဦးဆုံးဗောဓိရက္ခမူလ(၅)ထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်ရာတွင် ၁၅ ပေ x ၁၉ ပေအကျယ်အခန်း (၁) ခန်းအတွက်လှူဒါန်းငွေ အမေရိကန်ဒေါ်လာ (၇၀၀၀) တိတိကို လှူဒါန်းပါဝင်သောကြောင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုအပ်ပါသည်။

မေတ္တာဖြင့်

ဆရာတော်ဒေါက်တာနန္ဒာဘာသ

"ကန့်ကွက်နိုင်ပါကြောင်း"

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကြည် (၁၂/တမန (နိုင်) ဝ၆၉၅၈၅) သည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး၊စံပြရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၅)၊ ရလွှာ/အေး(၁၂ x ၅၀) ပေအကျယ်ရှိသည့် တိုက်ခန်း၊ နှင့်အကျိုးခံစားခွင့်များကို ပိုင်ရှင် ဒေါ်မြမြသန်း (၁၂/တမန (နိုင်) ၁၂၂၃၅၆)ထံမှ စရန်ငွေတစ်စိတ်တစ်ဒေသပေး၍ ဝယ်ယူထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ခိုင်လုံစွာဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ, ဒေါ်ရတနာခိုင်မြမြင့် (LL.B)၊ အထက်တန်းရှေ့နေ (စဉ်–၂၈၃၂၆) ဖုန်း – ၀၉ ၅၃၀၈၅၆၀၀။

သစ်ပင်စိုက်ပါ

ဒို့ကမ္ဘာ

သာယာလှပ

စိမ်းမြမြ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့ ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(L–၁၇–၆၀)၊မြေကွက်အမှတ်(၁၆၂၆)၊ အကျယ်အဝန်း(၄၀' x ၆၀')ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်းဝန်ခံ ကတိပြုသူ ဒေါ်ညိုညိုသန်း(ခ)ဆွေဆွေလှိုင် (၁၃/သကန(နိုင်)၁၃၄၈၂၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤနို့တစ်စာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးလှမြ (LL.B.) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၉၁၂)

ဦးကျော်ကျော်ထိုက် (LL.B.,D.B.L.,D.I.L.) အထက်တန်းရှေ့နေ(စဉ်–၃၇၀၉၄)

လိပ်စာ–အမှတ်(၂၂) ၊၂၆လမ်း ၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း–၀၉၅၁၀၅၉၅၈

ပွေး၊ ညှင်း၊ ဖက်၊ ထွတ်၊နှင်းခူ၊သဲခဲ၊ရေခဲ နှင့် အရေပြားကြွတက်၍ ယားယံခြင်းများအတွက်သုံးစွဲနိုင်ပါသည်

လိပ်ပြာ အမှတ်တံဆိပ် **ပွေးဆေးရည်**

ပင်ရင်း ။ 'လိပ်ပြာ' တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း

၂၀/၂၆၆၊ငုဝါလမ်း၊တောင်ငူမြို့၊ဖုန်း၊ 054-23347,09-49300108

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်၊TMR 009290(0714)၊ထုတ်လုပ်ခွင့်လိုင်စင်အမှတ်- ၁၀/၂၀၁၂၊ထဆဆလ(၂၃၁၂)

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ်(ဂ/၈၆) ဟုခေါ်တွင်သော မြေကွက်အကျယ် (၁၃၅x၃၇)ပေ မြေကွက်နှင့် ယင်းမြေကွက်အပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံတို့အား ဒေါ်အေးရီ [၉/မထလ(နိုင်) ၀၀၉၄၄၂]သို့ တရားဝင် အမည်ပေါက် ချမှတ်ပေးအပ်၍ အကျိုးခံစားခွင့် ရရှိထားပြီး ယင်းအိမ်ခြံ မြေကွက်အား တရားဝင် လွှဲပြောင်းရောင်းချ ပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံ ရောင်းချသူထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးဝင်းမြင့် [၁၂/လသန(နိုင်) ၀၁၈၀၁၅] မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်ဒေသဖြစ်သော စရန်ငွေများကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၆၅၅)

၄-၂၅၈၊ သုနန္ဒာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉ ၇၃၂၂၁၉၉၈၊ ၀၉ ၄၄၈၀၅၃၂၈၉၊ ၀၁ ၉၆၉၉၉၃၃

အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက်နေ (ဦးကျော်ထိန်)-ဒေါ်စန်းရီးတို့၏သား မောင်ချစ်စုစုအား မောင်ဇွဲကိုလင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇွဲကိုလင်း

အရေးကြီးတဲ့ကိစ္စရှိရင်လာခဲ့ပါ

အမျိုးသမီးများ၏ အခက်အခဲများကို အထူးဦးစားပေးဆောင်ရွက်ပေးပါသည်။

ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အခန်း(၄)မဟာဝိဇယစေတီ၊ အနောက်ဘက်မုခ်) ခြသေ့်နှစ်ကောင်အနီး။

Prof. ဒေါက်တာခင်မျိုးတင့်

သင့်သွေးဖြင့် အသက်ကယ်ပါ

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၏ နာယက၊ ကမ္ဘောဇဘဏ်လီမိတက် – ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အား ၂၀၁၁–၂၀၁၂ အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် အခွန်ထမ်းလုပ်ငန်းရှင်ဖြစ်ခြင်း၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အားကစားစသည့် ကဏ္ဍအသီးသီးတွင် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် လူအား၊ ငွေအားထည့်ဝင်၍ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **“နိုင်ငံ့စွမ်းဆောင်ရည်ဆု” (နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆု – ပထမဆု)** ကို ၃၀.၄.၂၀၁၃ နေ့တွင် ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ အခွန်ဘဏ္ဍာ အများဆုံးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
CB Bank

ဂုဏ်ယူဝမ်းမြောက်ခြင်း

အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **World Finance** အဖွဲ့အစည်းမှ **KBZ Group of Companies** (ကမ္ဘောဇကုမ္ပဏီများအုပ်စု) အား (၃.၄.၂၀၁၃) နေ့တွင် **“Best Corporate Governance in Myanmar for 2013”** ဆုကို ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
CB Bank

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၃၀-၄-၂၀၁၃ ရက်နေ့တွင် အစိုးရသစ်လက်ထက်၌ နိုင်ငံတော်သမ္မတက ပထမဦးဆုံးချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု **(စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး လုပ်ငန်းရှင်ဆု)**ရရှိသော **ဦးအောင်သန်းဦး** (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ ပင်လယ်ကိုးသွယ်ကုမ္ပဏီ)အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ အသင်းအကျိုး၊ အမျိုး ဘာသာ သာသနာ အကျိုးအား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း - ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်) အလုပ်အမှုဆောင်အဖွဲ့နှင့်
အသင်းသား/အသင်းသူများ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်တက္ကသိုလ်
ပါရဂူ(PhD) သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (PhD) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

(က) မြန်မာစာ	(ဋ) ရှေးဟောင်းသုတေသနပညာ
(ခ) အင်္ဂလိပ်စာ	(ဌ) စာကြည့်တိုက်နှင့် သုတပညာ
(ဂ) ပထဝီဝင်	(ဍ) ဓာတုဗေဒ
(ဃ) သမိုင်း	(ဎ) ရူပဗေဒ
(င) ဒဿနိကဗေဒ	(ဏ) သင်္ချာ
(စ) စိတ်ပညာ	(တ) သတ္တဗေဒ
(ဆ) ဥပဒေပညာ	(ထ) ရုက္ခဗေဒ
(ဇ) အရှေ့တိုင်းပညာ	(ဒ) ဘူမိဗေဒ
(ဈ) နိုင်ငံတကာ ဆက်ဆံရေးပညာ	(ဓ) ကုန်ထုတ်ဓာတုဗေဒ
(ည) မနုဿဗေဒ	(န) ကွန်ပျူတာသိပ္ပံပညာ
	(ပ) အဏုဇီဝဗေဒ

၂။ ပါရဂူဘွဲ့ (Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၁၃ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် အသက် (၃၀) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
(လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက် ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့ အကြိုသင်တန်းကို အချိန်ပြည့် တစ်နှစ် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ)ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိ လျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃) နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃) နာရီ မေးခွန်း ဝင်ခွင့် စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ ၊ သရုပ်ပြ ဖြစ်ပါက နည်းပြ၊ သရုပ်ပြ ရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ် ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာ လုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူကြို သင်တန်းတက်ရောက်ခွင့် ရရှိပါက သက်ဆိုင်ရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီ မေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့ စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန် မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံးနည်းပြ၊ သရုပ်ပြ(သို့မဟုတ်) ယင်းနှင့်အဆင့်တူ ရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူကြို သင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ တင်ပြရမည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့ ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့ သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ် အဆိုပြုချက် (ကွန်ပျူတာ စာစီ၍ စာမျက်နှာသုံးမျက်နှာထက်မပိုသော) ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကိုဖြေဆိုအောင်မြင်ရမည်။

၃။ ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၅-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD) သင်တန်း ဝင်ခွင့် စာမေးပွဲကိုအောက်ပါ အတိုင်း ဝင်ရောက် ဖြေဆိုရမည်။

(က) ၁၈-၅-၂၀၁၃ (စနေနေ့) ၉း၀၀ နာရီမှ ၁၂း၀၀နာရီ သက်ဆိုင်ရာ ဘာသာရပ်

(ခ) ၁၉-၅-၂၀၁၃(တနင်္ဂနွေနေ့) ၉း၀၀နာရီမှ ၁၂း၀၀ နာရီ အင်္ဂလိပ်စာ ဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရှိထားသူများကို ၃၀-၅-၂၀၁၃ ရက် (ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ် ပါမောက္ခ၊ (ဌာနမှူး)များထံတွင်လည်းကောင်း သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမော်ကွန်းထိန်း ဖုန်းနံပါတ်-(၅၃၄၀၉၈၊ ၅၃၄၃၉၀) ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဌာနမှူး၊(သင်တန်းရေးရာ)
ရန်ကုန်တက္ကသိုလ်

နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်
ဩဝါဒခံယူပူဇော်ပွဲနှင့် စာအောင်ဆုနှင်းသဘင်

ရွှေတိဂုံစေတီတော်(စနေထောင့်) ရွှေတောင်ငွေတောင်တန်ဆောင်း နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၃၈)ကြိမ်မြောက် ဩဝါဒါစရိယဆရာတော်ကြီးများပူဇော်ပွဲနှင့် အကြိမ် (၃၀)မြောက် (ပုလဲရတု) အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ရာ ကြွရောက်ကုသိုလ်ယူနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

နေ့ရက် - ၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် (၂)ရက်
၂၆-၅-၂၀၁၃(တနင်္ဂနွေနေ့)
အချိန် - နံနက် ၈နာရီ
နေရာ - နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၊ မာလာမြိုင်လမ်း၊ ဘောက်ထော်၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်

ညောင်ပင်သာဆရာတော် စင်ကာပူနိုင်ငံသို့ ဓမ္မဒူတခရီးကြွရောက်မည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မင်းစေတီလမ်းရှိ ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ ပဓာနနာယက မိုးကုတ်နယ်လှည့် ဓမ္မကထိက ဆရာတော် အရှင်မာလာစာရ(ဓမ္မာစရိယ) သည် စင်ကာပူနိုင်ငံ သစ္စာပါရမီ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအကျိုးဆောင်အဖွဲ့ ပင့်ဖိတ်ချက်အရ စင်ကာပူနိုင်ငံသို့ မေလ ၄ ရက်နေ့တွင် ဓမ္မဒူတခရီးစတင်မည်ဖြစ်ပြီး မေ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပါမည်။ ညောင်ပင်သာကျောင်းတိုက်၏ မိုးကုတ်တရားစခန်းများကို ဝါဆိုလပြည့်ကျော်(၂)ရက်မှ စတင်၍ လစဉ်ကျင်းပမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁ ၆၄၀၂၆၇နှင့် ၀၉-၅၀၂၆၂၈၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(၃၉)နှစ်ပြည့် မင်္ဂလာဆုတောင်း

ပါပါဦးထွန်းမင်း (ခ) Audie (GM,SANSUI Electronics) နှင့် မာမီဒေါ်သန်းသန်းအေး (ခ) Baby တို့၏၄-၅-၂၀၁၃နေ့တွင် ကျရောက်သော (၃၉)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ မိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် .....

သမီး - မမေသူထွန်း Account Executive, Same Sky Co.,Ltd
သား - မောင်အေးချမ်းသူထွန်း M.O.T 2nd Class Part 'B' 2nd Engineer, Belships Management (Singapore)

ကားရောင်းမည်

2012 Model Brand New Tractor Head (၂၂ဘီးကား) များအထူးလျှော့စျေးဖြင့် ဂိုဒေါင်ရှင်းရောင်းချရန်ရှိပါသည်။

စိတ်ဝင်စားပါက ဖုန်း-၀၉၅၁၅၃၁၀၅

စာအုပ်တိုက်အတွက် အလိုရှိသည်

၁။ ကွန်ပျူတာ စာစီစာရိုက်ကျွမ်းကျင် မ - ၁ဦး
၂။ Microsoft Word, Excel ကျွမ်းကျင် မ - ၁ဦး
၃။ Photoshop Operator ကျွမ်းကျင် ကျား/မ - ၁ဦး

ဖုန်း- ၀၉ ၄၃၁၄၀၉၄၈၊ ၀၉ ၅၀၀၈၇၂၇၊ ၀၉ ၇၃၀၈၅၅၅၀

သစ်မွှေးဆိုက်ပယ်ဆိုင်ရာ

သစ်မွှေးဆိုင်ရာ ပထမ ယူနီဖောင်းကြား စတောပါ၊

01-381615, 09-8586399, 09-43066226, 09-5114911, 09-73030623

ပန်းတိုင် (ကျော်) အုပ်စု ဝန်ဆောင်မှုကုမ္ပဏီလီမိတက် မှ
အလှူရှင်ကမ္ဘည်းများအား ၁၂၀၀၀ကျပ်နှင့်
၆၅၀၀ ကျပ်ဖြင့်
အိမ်/ခြံနံပါတ်များအား စတီးရွှေ/ငွေ/ကြေးပြားများဖြင့် ပြုလုပ်ပေးနေပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)
ကျုံပျော်မြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈

မိုးစန္ဒာ	နှင့်	ကိုမင်းဇော်
တရားလို		**တရားခံ**

မကွေးမြို့၊ မဲထီးလမ်း၊ မြင်သာရပ်ကွက်နေ ကိုမင်းဇော်(ဘ)ဦးဖြိုးစံသိစေရမည်။

သင့်အပေါ်၌တရားလိုက လင်မယားကွာရှင်းပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၂၀ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီလ ၂၄ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်ချစ်ငြိမ်းနွယ် (တ/၂၉၉၉)
ဒုတိယမြို့နယ်တရားသူကြီး၊ ကျုံပျော်မြို့နယ်တရားရုံး

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျိုက်ထိုမြို့နယ်၊ အမှတ်(၁၈၉)၊ သုခလမ်း၊ ကံ့ကော်ရပ်ကွက်နေ ဦးတင်အောင်၊ ဒေါ်ကြည်တို့၏သမီး ဒေါ်သစ်သစ်အောင်[၁၀/ကထန(နိုင်)၀၆၄၇၅၅]ကိုင်ဆောင်သူအား မိဘနှစ်ပါးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါ၍သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးတင်အောင်[၁၀/ကထန(နိုင်)၀၁၂၇၁၇]
ဒေါ်ကြည်[၁၀/ကထန(နိုင်)၀၁၁၄၄၄]

အ.ထ.က (၅) တာမွေ မြတ်ဆရာပူဇော်ပွဲ

(၁၉၉၃ - ၁၉၉၄) မှ (၁၉၉၈ - ၁၉၉၉) ပညာသင်နှစ် အထိ

အထက (၅) တာမွေတွင် ပညာသင်ကြားပြသပေးခဲ့သော ဆရာ / ဆရာမများအား ပထမအကြိမ် ပူဇော်ကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၁၃ ခုနှစ် မေလ (၁၁) ရက် (စနေနေ့)တွင် နံနက် (၉:၃၀)နာရီ မှ (၁၁:၃၀)နာရီအထိ ရန်ကုန်မြို့၊ ကရဝိက်နန်းတော်၊ ကန်တော်ကြီးဥယျာဉ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်နိုင်ပါရန် ရိုသေစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

ဆရာ ဦးမောင်မောင်သန်း	၀၉ ၅၂၀၀ ၂၈၅၅၀	ကိုခဲမင်းမြင့်	၀၉ ၅၀၂ ၂၃၃၃
ဆရာ ဦးကျော်တင့်	၀၉ ၅၂၈ ၁၀၀ ၃၉၉	ကိုဇေယျာမျိုး	၀၉ ၄၄၈၀ ၄၅၄၆၈
		ကိုခဲမင်းဦး	၀၉ ၄၅၀၀ ၆၅၈၅၄
		ကိုသိန်းဇော်မင်း	၀၉ ၅၀၄ ၈၂၀၂

[illegible]

OASIS

ကျိုက်ထီးရိုး

[illegible]

Ph:09-5038616, 09-73242469
09-73103031

မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

ဖုန်း- ၀၉၄၂၀၁၀၇၀၂၁
၀၉၄၄၈၀၂၅၇၄၂
၀၉၇၃၂၃၄၆၅၆
၀၉၇၃၂၂၉၉၆၅

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ
(ဦးသိန်းထွန်း)-ဒေါ်မိမိခိုင်(အထက-၃၊ ကမာရွတ်-ငြိမ်း)တို့၏သားလတ်
မောင်ဇေယျာထွန်း (LL.B)
အထက်တန်းရှေ့နေ
နှင့်
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၂၂)၊ အခန်း(၇)နေ
ဦးထွန်းရီ-ဒေါ်စန်းစန်းဌေးတို့၏သမီးဦး
မယဉ်ယဉ်ထွန်း (LL.B, C.B.L, D.B.L)
အထက်တန်းရှေ့နေ

တို့သည် နှစ်ဖက်သော မိဘတို့၏သဘောတူခွင့်ပြုချက်အရ ၂၄-၄-၂၀၁၃ ရက်တွင် မြောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယဦးစီးမှူး ဒေါ်အေးမြတ်သူ၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျာထွန်း-မယဉ်ယဉ်ထွန်း

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးဉာဏ်ထွန်း(ဒု-လက်ထောက်ညွှန်မှူး၊ စက်မှုဝန်ကြီးဌာန-ငြိမ်း)-ဒေါက်တာ ကြည်ကြည်အောင်
(ပါမောက္ခဌာနမှူး၊ သချာင်္ဌာန၊ ရန်ကုန်တက္ကသိုလ်-ငြိမ်း)တို့၏သားငယ်
မောင်မြင့်သော်ဉာဏ်
Graduate Diploma in System Analysis(NUS), B.C.Sc(UCSY)
System Team Lead (TT Network Integration Asia Pte Ltd, Singapore)
နှင့်
ရန်ကုန်မြို့နေ
ဦးသိန်းတင်-ဒေါ်ကျင်ပြုံး တို့၏သမီးငယ်
မဇာလီပြုံး
Graduate Diploma in System Analysis(NUS), B.C.Sc(Hons)(UCSY)
System Administrator (Emerio Globesoft Pte Ltd, Singapore)

တို့သည် ၇-၄-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် Singapore နိုင်ငံ Holiday Inn Singapore Orchard City Center တွင် ရှေ့နေ Mr.Tan Wai Yeow ရှေ့မှောက်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးကြပြီး၊ Orchid Room မင်္ဂလာခန်းမ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ဂုဏ်ပြုချီးမြှင့်ကြသော ဆွေမျိုးညီအစ်ကို မောင်နှမများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေသူငယ်ချင်းများ၊ မေတ္တာဖြင့် ကူညီပေးကြသော သူငယ်ချင်း ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြင့်သော်ဉာဏ်-မဇာလီပြုံး

ပဥ္စမအကြိမ်မြောက် ပညာဒါန အခမဲ့ ကွန်ပျူတာသင်တန်းများ

Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign,

ပဥ္စမအကြိမ်မြောက် ပညာဒါန အခမဲ့ စက်ချုပ်သင်တန်းများ

၆-၅-၂၀၁၃ သင်တန်းစမည်။

လူမျိုး၊ ဘာသာမရွေးတက်ရောက်သင်ယူနိုင်သည်။

သင်တန်းတည်နေရာ

ကျိုလီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှ ဦးစီးသော အဖွားများသုခရိပ်သာ
အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၇၇၄၇၃၊ ၈၅၅၁၃၉၁၊ ၀၉၇၃၁၃၇၅၃၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈စီ၊ မြေကွက်အမှတ်-၁၂၃၈၊ မြေကွက်တည်နေရာအမှတ်-(၄၆)၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ (ဒေါ်ကျော့)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ကျော့(အပျိုကြီး) ကွယ်လွန်သဖြင့် တူ/တူမဖြစ်သော ဦးအုန်းကြည်နှင့် ဒေါ်သန်းနု တို့သာရှိပြီး ဦးအုန်းကြည် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သောင်းကြည်[၁၂/စခန(နိုင်)၀၂၃၈၁၃]နှင့် ဒေါ်သန်းနု ကွယ်လွန်သဖြင့် ၎င်း၏ကိုတ္တိမမွေးစားသား စာချုပ်အမှတ်(၄/၇၉၀) (၂၂-၇-၆၆)ဖြင့် ဦးဝင်းကြည်[၁၂/စခန(နိုင်)၀၂၆၅၂၄]၊ ဦးခင်မောင်စိုး[၁၂/စခန(နိုင်)၀၂၄၃၀၆]၊ ဦးမြင့်သိန်း[၁၂/စခန(နိုင်)၀၂၃၈၁၅]တို့က မွေးစားသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၉-၄-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာပါ တရားလွှတ်တော်ရှေ့နေများ ဖြစ်ကြသော ဒေါ်သန္တာလွင်(စဉ်-၇၈၆၇)နှင့် ဒေါ်စန္ဒာဝင့်ဝင့်ပိုင်(စဉ်-၈၂၈၉) တို့၏ အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ တန်ပြန်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ လေးဒေါင့်ကန်လမ်း၊ အမှတ်-င/၂၅၉ နေ ဒေါ်သီတာ[၁၂/သဃက (နိုင်)၁၅၄၂၄၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် တန်ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

၂၉-၄-၂၀၁၃ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၃)၌ ပါရှိသော လူကြီးမင်းတို့၏ အများသိစေရန် ကြေညာခြင်းအချက်အလက်များမှာ လုံးဝ(လုံးဝ)မှန်ကန်မှုမရှိကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်းတို့ ကြေညာသောမြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာအမည်ပေါက်သော မြေပိုင်မြေဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ဒေါ်သီတာ၏ခင်ပွန်း ဦးစံသိန်း[၁၂/မဂဒ(နိုင်)၀၃၁၄၇၆]ကိုင်ဆောင်သူက ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဇနီး ဒေါ်သီတာအား ၂-၇-၁၉၉၈ ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၆၂၅/၉၈)အရ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ဖြင့် ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။

ဦးစံသိန်းက ဒေါ်သီတာအား အပိုင်ပေးကမ်းသည့် ပစ္စည်းစာရင်းမှာ ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆(သဃက) မြေကွက်အမှတ်- ၃၇/ခ၂ / က ခေါ် တွင်သော ဧရိယာ(၀. ၀၁၆)ဧကရှိ မြေပိုင်မြေ လ/န ၃(ခ)ရရှိပြီးသော မြေအမျိုးအစား တြိဂံပုံ အချွန်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ၎င်းတို့နှင့်ဆက်နွယ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ၁၁-၆-၂၀၀၈ ရက်မှစတင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနတွင် ယနေ့အချိန်ထိ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာ အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။

ထို့ကြောင့် လူကြီးမင်းတို့၏ ကြေညာဖော်ပြချက်များနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမှ လိုက်နာဆောင်ရွက်ရန် အကြောင်းမရှိကြောင်းနှင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ နောင်ဤကဲ့သို့ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေသော ကြေညာချက်များထပ်မံကြေညာသွားပါက လူကြီးမင်းတို့၏ အမှုသည်များအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် တန်ပြန်ရှင်းလင်း ကြေညာအပ်ပါသည်။

ဒေါ်သီတာ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်း(LL.B, D.B.L)	**ဒေါ်လင်းလင်းထိုက်(LL.B, LL.M)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၆၁၇၉)	**(စဉ်-၃၅၀၈၀)**

အမှတ်-င/၂၄၄၊ ဇ/မြောက်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁၄၂၇၀၁၊ ၀၉ ၄၂၁၁၅၆၉၉၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဆင်မင်းလမ်း၊ အမှတ်(၉၈-၁၀၂)၊ (၂)ခန်းတွဲ (၈)ထပ်တိုက်ရှိ ပဥ္စမထပ်(ခ) (၆)လွှာ (ဝဲ)ထောင့်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားရှိသည့် အကျိုးခံစားခွင့်များကို ပိုင်ရှင်ဦးအေးထွန်း[၁၁/စတန(နိုင်)၀၅၄၉၆၆]ဆိုသူထံမှ ဝယ်ယူရန်ကျွန်တော်၏မိတ်ဆွေက စရန်ငွေများပေးချေခဲ့ပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စများနှင့်ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် သတင်းစာကြော်ငြာသည့်နေ့ရက်မှ (၁၀)ရက်အတွင်း ကျွန်တော့်ထံအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ အဆိုပါနေ့ရက်မှ ကျော်လွန်ခဲ့ပါလျှင် တိုက်ခန်းအရောင်းအဝယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ-
ဦးစိုးအောင်(၆၉၁၄) B.A, R.L, D.B.L
(တရားလွှတ်တော်ရှေ့နေ)
အမှတ်-၁၆၀၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
Ph:73002607

မီးသတိပြု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁)ရပ်ကွက်၊အောင်မေတ္တာလမ်း၊အမှတ်(၁၅)၊အခန်းအမှတ်(၃၀၁)တိုက်ခန်းနှင့်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ်ပြုလုပ်ခြင်း။

အထက်ပါတိုက်ခန်းနှင့်၎င်း၏ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်ကိုဒေါ်စန်းစန်းလှ(၁၂/တမန(နိုင်)၀၁၂၈၉၆)သည်မိမိသာလျှင်ပိုင်ဆိုင်ကြောင်း၊ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုပြီးကျွန်ုပ်၏မိတ်ဆွေသို့ရောင်းချရာတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုဒေါ်စန်းစန်းလှသို့ပေးချေထားပါသည်။၎င်းအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှကန့်ကွက်လိုပါက၊ကြော်ငြာပါသည့်နေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်အတူကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက၎င်းအရောင်းအဝယ်ကိုပြီးဆုံးသည်အထိတရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်မိမိလှိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၃၅၄)
ဧအေရှပလာဇာ၊ အခန်း(၀၂ - ၂၅) ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ (အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၃၀၃၉၁၁၇၊ ၀၉-၅၁၁၂၈၅၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ(၁၅)လမ်းအနောက်၊ အမှတ်(၁၁)၊ အကျယ်အဝန်း အလျားပေ ၂၀ × အနံပေ ၆၀ စတုရန်းပေ(၁၂၀၀)အကျယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၇၉၉/ခ)မြေကွက်ပေါ်ရှိ ဦးစလေမာန် အမည်ပေါက် အဆောက်အအုံနှင့် မြေအားပိုင်ဆိုင်သော ဒေါ်နီနီအောင်ထံမှ ဦးအောင်မြတ်မိုးမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အထက်ပါမြေနှင့်အိမ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်သည့် အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မဥ္ဇူ (LL.B)	**ဦးကိုရီ(LL.B)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
ဖုန်း-၅၀၅၆၂၂၅	**တိုက်-၉/၁၁၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
	ဖုန်း-၀၉ ၅၀၂၅၁၇၈

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်လင်းထက်[၁၂/အစန(နိုင်)၁၉၅၅၄၁]သည် မိဘတို့၏ ဆိုဆုံးစကားကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ငွေရေး၊ ကြေးရေး၊ လူမှုရေး အရှုပ်အရှင်းမှန်သမျှ လုံးဝ(လုံးဝ)တာဝန်မယူပါ။

ဒေါ်ညိုညိုထွန်း
[၁၂/အစန(နိုင်)၀၇၅၃၃၄]
Ph:09421066268

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမြင့်ဦး
အသက်(၇၁)နှစ်
ပါမောက္ခ(ငြိမ်း)၊ဓာတုဗေဒဌာန၊ပဲခူးတက္ကသိုလ်
ဂုဏ်ထူးဆောင်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်

ကျေးဇူးရှင်ဆရာကြီး ပါမောက္ခဒေါက်တာမြင့်ဦးသည် ၂၄-၄-၂၀၁၃ရက် နံနက်တွင် အလ္လာဟ်သျှင်မြတ်၏အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဓာတုဗေဒဌာနမိသားစု
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဌေးဝင်း
အသက်(၆၁)နှစ်
B.E(Civil)1975
Consultant(Asia Metal Group of Companies)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂၂)/D ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်နေ ဦးဌေးဝင်း အသက်(၆၁)နှစ်သည် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရန်ဟော်(Chairman)-ဒေါ်ခင်ခင်ထက်(Director)
Asia Metal Group of Companies

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)
အသက်(၄၇)နှစ်

သူငယ်ချင်း ဒေါ်နှင်းဆီထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ညဏ်ဝင်းထွန်း၊ မောင်အောင်ခန့်ဝင်းထွန်းတို့၏ မွေးသဖခင် ဒုတိယဗိုလ်မှူးကြီး အောင်ခိုင်ဝင်း(ငြိမ်း) အသက်(၄၇)နှစ်သည် ၃၀-၄-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှရွှေ- Dr အိဖြူရွှေ
ကောင်းကြိုက်ဒံပေါက်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဌေးဝင်း
အသက်(၆၁)နှစ်
B.E (Civil) 1975
Consultant (Asia Metal Group of Companies)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂၂/D) ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်နေ ဦးဌေးဝင်း အသက်(၆၁)နှစ်သည် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ဝန်ထမ်းမိသားစုများ
Asia Metal Group of Companies

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မရမ်းကုန်း၊ ရွှေနှင်းဆီလမ်းသွယ်(၇) ပေ(၂၈×၈၃)၊ မရမ်းကုန်း (၅)ရပ်ကွက်၊ အောင်တေဇလမ်း၊ ပေ(၂၅×၆၀)

ဖုန်း-၀၁-၅၁၄၄၈၂၊ ၀၉-၅၀၁၈၇၆၀၊ ၀၉-၇၃၂၄၃၇၇၃

နစ်နာသဘောတူညီချက်ဖြင့် အမွေပုံပစ္စည်းများကို အပြီးအပြတ်ခွဲဝေပြီးစီးကြောင်း အများသိစေရန်ကြေညာချက်

အမှတ်-၁၃၈၊ ၃၂-လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ တွင် နေထိုင်သူ ဒေါ်ပြီး (ခ) ဒေါ်တင်ရွှေဦး (ဘ) ဦးတင်ဝမ်း[illegible] ၁၂/ပဘတ (နိုင်) ၀၁၂၉၅၅ သည် (အဘ) ဦး[illegible] ဦးလှစိန် (TME-၀၀၅၃၀၁)(၁၂/တမန (နိုင်) ၀၅၂၂၉၀) နှင့် (၂၃-၄-၁၉၉၅) နေ့တွင် [illegible] တရားဝင်[illegible] ဖြစ်လွန်ခဲ့ပါသည်။ ဦးလှစိန်သည် (၈-၃-၀၈) နေ့တွင်ကွယ်လွန်ခဲ့ပါသည်။

ကွယ်လွန်သူ ဦးလှစိန်သည် ဒေါ်တင်ရွှေဦးနှင့်[illegible] ဒေါ်ခင်ခင်ကျော် (ခ) [illegible] ကိုရီးမိုးကျော် (၁၄/ပသန (နိုင်) ၁၅၃၅၁၀)၊ ကိုနေမျိုးကျော် (၁၄/ပသန (နိုင်) ၂၃၅၂၉၅)၊ မမွှေးအိအိကျော် (၁၄/ပသန (နိုင်) ၂၃၅၂၉၀) တို့ကို မွေးဖွားခဲ့ပါသည်။ [illegible] ဦးလှစိန်နှင့် ဒေါ်ခင်ခင်ကျော် (ခ) [illegible] (၁၂-၁၁-၁၉၉၇) နေ့တွင် တရားဝင်[illegible] ကြပြီးနောက် [illegible] ဖြစ်ကြပါသည်။

ကိုရီးမိုးကျော်၊ ကိုနေမျိုးကျော်၊ မမွှေးအိအိကျော်တို့ (၃) ဦးသည် ဒေါ်တင်ရွှေဦးအား အမွေပုံပစ္စည်းများထဲမှ ကျပ်သိန်း (၆၀၀) ကို [illegible] တရားစွဲဆိုခြင်း [illegible] တတိယမြောက်အရ (၂၅-၄-၂၀၁၃) နေ့တွင် အမွေဝေစုငွေကျပ်သိန်း (၆၀၀)တိတိကို အပြီးအပြတ်ခွဲဝေပေးခဲ့ပါသည်။ [illegible] ကိုရီးမိုးကျော်၊ ကိုနေမျိုးကျော်၊ မမွှေးအိအိကျော်တို့ (၃) ဦးမှ "[illegible]" ကို [illegible] အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်ရွှေဦး၊ ကိုရီးမိုးကျော်၊ ကိုနေမျိုးကျော်၊ မမွှေးအိအိကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးထွန်းမြိန်(ခ)ဦးသန်းထွန်း — တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၄၂)
ဒေါ်မြို့လေးထွန်း — အထက်တန်းရှေ့နေ (စဉ်-၂၉၄၇)
ဒေါ်ခိခိနိုင် — အထက်တန်းရှေ့နေ (စဉ်-၂၉၃၃)

အမှတ် (၅၀)၊ ပ-ထပ်၊ အခန်း(E-11)၊ [illegible] ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁-၇၂၉၀၂ (ရုံး) ၂၇၁၉၅၆

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဆီထွန်း၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း) (ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်)သည် ၃၀-၄-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၈နာရီတွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့်
ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့
ရန်ကုန်မြောက်ပိုင်းခရိုင်

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၆)၊ ကီလီရိပ်သာလမ်းနေ (ဦးတင်ငွေ)၏ဇနီး ဦးတင်ဦး-ဒေါ်နုနုဝင်း၊ ဦးမြင့်အေး-ဒေါ်တင်မေခိုင်နှင့် မတင်မိုးလတ်တို့၏ ကျေးဇူးရှင်မိခင် ဒေါ်ပြုံး(ခ)ဒေါ်ခင်ပြုံးရီ (Pyone Pyone Apartment) သည် ၃၀-၄-၂၀၁၃ရက် နံနက် ၃း၀၃ နာရီတွင် အာရှတော်ဝင် ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မန်နေးဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းများ
U.S.O & Associate Construction Co.,Ltd.

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ သုဇာတာလမ်းမကြီး၊ အမှတ်(၈၉၅)ဂရန်မြေကွက်ပေါ်တွင် (၆)ထပ် RC တိုက်သစ် ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၈၉၅)ဟုခေါ်တွင်သော မြေအကျယ် ပေ(၄၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်၏ ပေ(၂၇×၆၀)ပေါ်တွင် ၆ထပ် RC တိုက်သစ်ဆောက်လုပ်ရန် လက်ရှိနေထိုင်ပိုင်ဆိုင်ကြသည်ဟု အဆိုပြုသော ဒေါ်သန်းသန်းထွေး[၁၂/ဥကမ(နိုင်)၀၇၇၂၃၄]နှင့် ဂရန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်ဌေးမြင့်[၁၂/ဥကမ(နိုင်)၀၉၆၇၄၈]တို့ နှစ်ဦးနှင့် ကန်ထရိုက်တာဦးသီဟကိုကို[၁၂/ဥကတ(နိုင်)၁၂၆၇၈၃] (ငွေကြယ်အိမ်အုပ်စုကုမ္ပဏီလီမိတက်)တို့သည် ၆ထပ် RC တိုက်သစ် ဆောက်လုပ်ရန် နှစ်ဦးနှစ်ဖက်သဘောတူကတိစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အကြောင်းကြားစာပါသည့်နေ့မှ (၁၄)ရက်အတွင်း သက်ဆိုင်သည့် စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက နှစ်ဦးသဘောတူကတိစာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကန်ထရိုက်တာ ဦးသီဟကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်စိုးထွန်း(ထီးချိုင့်) (LL.B(Q), D.B.L)(စဉ်-၈၂၂၅)
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေရေးရာအတိုင်ပင်ခံ
LINO MASTER LAW FIRM
အမှတ်(၂၂၉)၊ ပထမထပ်(ယာ)၊ (၃၈)လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၂၂၀၃၊ ၀၉-၇၃၀၉၇၂၀၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ MGW Tower ဗိုလ်အောင်ကျော်လမ်း၊ တိုက်အမှတ်(၁၇၀)၊ အခန်းအမှတ်(၅၀၃) တိုက်ခန်းနှင့် Air Con(၅)လုံး၊ ကြိုးဖုန်း (၃)လုံး (၃၈၀၄၂၄၊ ၂၅၆၈၈၇၊ ၂၅၆၅၅၇)တို့အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဒေါ်မေမိုးဝါ[၉/ပမန(နိုင်)၀၀၁၅၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါတိုက်ခန်းရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်တားမြစ်လိုပါက ဤကြေညာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာလုံလောက်သော စာချုပ်စာတမ်းမူရင်းများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ငြိမ်းဌေး B.A(Law),L.L.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁)
၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၂၃၉၄

အရောင်းကိုယ်စားလှယ်ယူလိုသူများအမြန်ဆက်သွယ်နိုင်ပါသည်

(၁) ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်
(၂) ပြည်၊ (၃)ပဲခူး၊ (၄)ဘားအံမြို့ကြီးများအတွက် နိုင်ငံခြားဖြစ် အလှကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံကို ငွေ(၁၀)သိန်းခန့်ရင်းပြီး ဈေးနှုန်းချိုသာစွာဖြင့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။ **World X Change Asia Co.,Ltd Ph:09-73035298, 09-5135107**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏ မိတ်ဆွေက ပဲခူးမြို့၊ ဥသာမြို့သစ်၊ မြေကွက်ကြီးအမှတ်(၁၉)၊ အိမ်ကွက်အမှတ်(၇၁)၊ ဧရိယာပေ(၄၀×၆၀) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ဒေါ်ကြည်ကြည်ဝင်း[၇/ပမန(နိုင်)၀၃၂၆၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုသည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ခိုင်မာသည့်အထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ် အပ်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သီဂီအောင်(အထက်တန်းရှေ့နေ)(စဉ်-၂၇၁၁၆)
LL.B,Dip in Business Law
အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၄၁၈

(၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဆရာခို ဆေးမိခင်ကြီး ဒေါ်သန်းညွန့်
(ကျုံပျော်-သောင်ရွာ)

ကျေးဇူးရှင် ချစ်မေမေ သမီးတို့နဲ့ ခွဲခွာသွားတာ ၄-၅-၂၀၁၃ရက်ဆိုရင် (၄)နှစ် တင်းတင်းပြည့်ခဲ့ပါပြီ။ ကျေးဇူးရှင် မေမေကို နေ့စဉ်နှင့်အမျှ သတိရလျက်ပါ။ မေမေအတွက် ရည်စူးပြီး သမီးတို့ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုအစုစုတို့ကို ကျေးဇူးရှင် ချစ်မေမေ ရောက်ရှိနေတဲ့ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ပါ မေမေရယ်-------

မေမေရေ အမျှ-အမျှ-အမျှ ပေးဝေပါ၏။

ဆရာခို၏သမီးများ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
ရွှေကြာပဒုမ္မာဆေးတိုက်
သမီးများမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးစိန်
အသက်(၈၈)နှစ်

အချစ်ဆုံးသူငယ်ချင်း ကိုအေးထွန်း(ORIENTAL HOUSE)၏ဖခင် ဦးစိန်သည် ၂၉-၄-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကိုလှထွန်းမိသားစု
စီတီဇင်ပလတ်စတစ်ပုံနှိပ်တိုက်
မန္တလေး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁ တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(F-11)၊ မြေအကျယ်အဝန်းပေ(၁၀၀×၉၇)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ရိုစီလာချို[၁၂/မရက (နိုင်)၁၃၅၉၆၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှမြင့် (B.A,H.G.P,R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၇၇)
အမှတ်(၃၁)၊ ဒုတိယထပ်(ယာ)၊ဩဘာလမ်း၊ ကျောက်/ထက်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၁၀၈၇၈

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် - ၇၄၈ရှိ Gold Yacht Co.,Ltd.ရွှေရွက်လှေကုမ္ပဏီလီမိတက်သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၁၇၈/၁၉၉၉-၂၀၀၀ ဖြင့် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တည်ဆဲဥပဒေနှင့်အညီ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် - ၁၇၁၁/၂၀၁၃ အရ တစ်ဦးတည်း မူပိုင်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

SWEET LADY TIFFINEY
1711/2013

အထက်ဖော်ပြပါ Sweet Lady အမှတ်တံဆိပ်နှင့် TIFFINEY အမည်အမှတ် အသားကို အသုံးပြု၍ မှတ်ပုံတင်သွင်းကြေညာသူ Gold Yacht Co.,Ltd. ရွှေရွက်လှေ ကုမ္ပဏီလီမိတက်သည် အမျိုးမျိုးသော အမျိုးသမီးဝတ် ဘော်လီ၊ ဘရာစီယာ၊ အတွင်းခံဘောင်းဘီ၊ အတွင်းခံစကတ်၊ ရှည်မီးအင်္ကျီ၊ လှုကြိုးဝတ်၊ ကလေးဝတ်အင်္ကျီ၊ ဆွယ်တာ၊ အနွေးထည်၊ စပို့ရှပ်၊ တီရှပ်၊ မိုးကာအင်္ကျီ၊ အားကစားဝတ်စုံ၊ ဘောင်းဘီတို၊ ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊ အမျိုးမျိုး၊ အမျိုးသမီးအသုံးအဆောင် ပစ္စည်းများဖြစ်သော အမျိုးသမီး အလှဆင် ပစ္စည်းများ၊ ခေါင်းဆောင်းဆိတ်၊ လက်ကိုင်အိတ်၊ ဦးထုပ်၊ ထီး၊ မိနပ်၊ ခြေအိတ်၊ အမျိုးသမီးလစဉ်သုံးပစ္စည်း၊ ကလေးသေးခံ၊ ကလေးသေးရေခံနှင့် အမျိုးသမီး အလှကုန်ပစ္စည်း အမျိုးမျိုးတို့ပေါ်တွင်လည်းကောင်း၊ ထုပ်ပိုးပစ္စည်းများပေါ် တွင်လည်းကောင်း ရိုက်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းသို့ ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို Gold Yacht Co.,Ltd. ရွှေရွက်လှေကုမ္ပဏီလီမိတက်၏ တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းသည့် ရက်မှစ၍ နောက်နောင်တွင် ယင်းလုပ်ငန်းကိုတုပ၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား လုပ်ကိုင်ဆောင်ရွက် အသုံးပြုသူများကို တွေ့ရှိပါက မိမိ၏အကျိုးစီးပွားကို ထိခိုက်နစ်နာမှုအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းနှင့်ဖြစ်စေ တရားစွဲဆို အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

Gold Yacht Co.,Ltd.၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်ဝင်း
ဥပဒေအကျိုးဆောင် (စဉ်-၂၆၅၇)
BA, HGP, RL, DBL, DIL,DML
MPA,MA(BL)PGDIT(New Delhi)D.Jap (UFL)
Business & Legal Consultant

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ချောယုံ (၉၇)နှစ်

ဦးဇော်ဝင်းရှိန် (Chairman ဝိတိုရိယဆေးရုံ)၊ ဒေါ်ရွှေယင်းမာတို့၏ အဘွား ဒေါ်ချောယုံသည် ၂၇-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်မြင့်မြင့်သန်း
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဒေါ်သန်းခင်(အင်းရဲ၊ ကျုံပျော်) (၉၄)နှစ်
(ရေကြည်မြို့နယ်အသင်း၊ ရာသက်ပန်အသင်းဝင်)

ကျုံပျော်မြို့နယ်၊ အင်းရဲတိုက်နယ်နေ (ဦးစံဖေ-ဒေါ်မယ်မြ)တို့၏သမီး၊ ရေကြည် မြို့၊ လှည်းဆိပ်ပိုင်းနေ (ဦးကျားဘို-ဒေါ်ချစ်ကဲ)တို့၏သမီးချွေးမ၊ ကျုံပျော်မြို့နေ (ဒေါ်ခင်ကြည်-ဦးအေးမောင်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ သာကေတ မြို့နယ်၊ ၅/ရပ်ကွက်တောင်ပိုင်း၊ သုမန(၂)လမ်း၊ အမှတ်(၃၆၀)နေ (ဦးတင်မြင့်)၏ ဇနီး၊ (ဒေါ်စန်းရီ)၊ ဦးလှခိုင်၊ ဦးဇော်ဝင်း၊ (ဦးမော်လင်း)၊ ဒေါ်သိဂီမြင့်၊ ဦးရဲထွန်း တို့၏မွေးသမိခင်၊ မြေး ၁၈ ယောက်၊ မြစ် ၂၇ ယောက်၊ တီခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၃-၅-၂၀၁၃ (သောကြာနေ့) နံနက် ၈း၄၅ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးထွန်းမြင့်(ငြိမ်း) (ကြည်း-၅၃၂၉) (၉၃)နှစ်
ဆက်သွယ်ရေးညွှန်ကြားရေးမှူး(ငြိမ်း)

ကြည်း-၅၃၂၉ ဗိုလ်မှူးကြီးထွန်းမြင့်(ငြိမ်း) ဆက်သွယ်ရေးညွှန်ကြားရေးမှူး (ငြိမ်း)သည် ၃-၅-၂၀၁၃ရက် နံနက် ၇နာရီတွင် အမှတ်(၂)တပ်မတော်စစ်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်ဗေဒ်ကျော်ထင်ကျော်ညွှန့်-ဒေါ်သီတာစိန်
ဆက်သွယ်ရေးညွှန်ကြားရေးမှူး

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ခင် (၈၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာ(B-6)နေ [ဗေဒ်ကျော်ထင် ဗိုလ်မှူးကြီးတင်သိန်း (နိုင်ငံတော် ကောင်စီဝင်-ငြိမ်း)]၏ဇနီး၊ ဦးခင်မောင်ဝင်း- ဒေါ်မေမောင်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ခင်သည် ၁-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။ **သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

ဒေါက်တာ ဦးစိုးသိန်းနှင့်ဇနီး
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း
(ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးရဲနိုင်၊ ဒေါ်ခင်ခင်ခတို့၏ဖခင် ဦးဘိုးတင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ် အမှတ်စဉ်(၂၇)
ဗိုလ်လောင်းသင်တန်းမှ
သူငယ်ချင်းများနှင့် ဇနီးများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်တင်နွဲ့(ခ)ဒေါ်ထား
အသက်(၆၆)နှစ်

Asian Wings Airways Ltd မှ F/O ဦးကျော်ထက်၏ ကျေးဇူးရှင် မိခင် ဒေါ်တင်တင်နွဲ့(ခ)ဒေါ်ထားသည် ၃၀-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Asian Wings Airways Ltd မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ဝါးခယ်မမြို့မဟာစည်သာသနရိပ်သာ ဆွမ်းစားကျောင်း ဒါယိကာမကြီး
ဒေါ်ကြည်စိန်
အသက် (၈၆)နှစ်

ဝါးခယ်မမြို့၊ အမှတ်(၆၃)၊ မြူရုံး လမ်း၊ စာရေးကုန်းနေ ဦးထွန်းလှ-ဒေါ် စောမြတို့၏ သမီး၊ (ဦးကျော်မြင့်)၏ ဇနီး၊ ဦးဝင်းနိုင်၊ ဒေါ်အေးအေးသန်း၊ ဦးစိုးသိန်း၊ ဒေါ်ခင်ဆွေမြင့်၊ (ဦးဉာဏ်ကျော်)၊ ဒေါ်ခင် စမ်းဝင်း၊ (ဦးစိုးသိမ်း)၊ ဒေါ်နွဲ့နွဲ့ရီ၊ ဦးမြင့် သန်း၊ ဒေါ်သီတာမြင့်၊ ဒေါ်နီလာမြင့် တို့၏မိခင်၊ ဦးအုန်းရွှေ၊ ဒေါ်ခိုင်ဝင်းသူ၊ ဦးခင်မောင်ဦး၊ ဒေါ်ဖြူနွယ်ဝင်း၊ ဦးမင်း သန့်၊ ဒေါ်သန္တာလင်း၊ ဒေါ်ယဉ်မျိုးသိန်း၊ ဒေါ်ဆွေဇင်မြင့်၊ ဦးတေဇာဉာဏ်ကျော်၊ ဒေါ်ခိုင်နွယ်မျိုးအောင်၊ ဗိုလ်မှူးကျော်စွာ ဉာဏ်ကျော်၊ ဒေါ်ခိုင်ဇင်ယု၊ ဒေါ်အေး ငြိမ်းသူ၊ ဒေါ်သန့်ဇင်သူ၊ ဦးကျော်ဉာဏ်၊ ဦးအောင်ဇော်မင်း၊ ဒေါ်သန္တာကြွယ်၊ ဦးသန်းထိုက်အောင်၊ ဒေါ်မျိုးပပ၊ မအေး အေးခိုင်တို့၏ အဘွား၊ မြစ်ရှစ်ယောက် တို့၏ဘွားဘွား ဒေါ်ကြည်စိန်သည် ၃- ၅-၂၀၁၃(သောကြာနေ့) နံနက် ၆း၂၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅- ၂၀၁၃(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဝါးခယ်မမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

ဗေဒ်ကျော်ထင်
ဗိုလ်မှူးကြီးထွန်းမြင့်(ငြိမ်း)
အသက်(၉၃)နှစ်
ကြည်း-၅၃၂၉
ဆက်သွယ်ရေးညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း

(ဦးအောင်လှ-ဒေါ်စံ)တို့၏ သား၊ (ဒေါ်မမကြီး)၊ (ဦးထွန်းရှိန်)၊ (ဒေါ်သန်း တင်)တို့၏မောင်/ညီ၊ ဦးစောရီ၊ ဒေါ်စော ခင်လေးတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည် သာယာလမ်း၊ ခြံအမှတ်(၆/ဂ)နေ (ဒေါ် သန်းညွန့်)၏ခင်ပွန်း၊ ဒေါ်ခင်ဝင်းမြင့် (တွဲဖက်ပါမောက္ခ၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်-ငြိမ်း)၊ ဦးဇော်ဝင်းမြင့်၊ ဒေါ်သဇင်သန်းတို့၏ဖခင်၊ ကိုဇော်ထက် အောင်၊ မအေးမြတ်ခိုင်(ခေတ္တ-စင်ကာ ပူ)၊ ကိုစိုးသူရှိန်စီ၊ မဆွေနွယ်လှိုင်၊ မဖြူ ဇင်သွယ်တို့၏အဘိုးသည် ၃-၅-၂၀၁၃ (သောကြာနေ့) နံနက် ၇ နာရီတွင် အမှတ်(၂)တပ်မတော်စစ်ဆေးရုံ ခုတင် (၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ မင်္ဂလာဒုံ တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်း ပြီးဖြစ်သည့် ကြွင်းကျန်ရစ်သော ရုပ် ကလာပ်ကို ယင်းနေ့နံနက်တွင် ပို့ဆောင် ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည် စူး၍ ၉-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အာနိစ္စ

ဦးဒေးဗစ်ဆမ် (၈၃)နှစ်
လ/ထ မြို့နယ်ပညာရေးမှူး(ငြိမ်း) ရှမ်းပြည်နယ်ပြည်သူ့ကောင်စီဝင်၊ တာချီလိတ်မြို့နယ်

ကျိုင်းတုံမြို့၊ ကန်နားလုံရွာနေ (ဦးနန် ဆမ်-ဒေါ်နန်းရွက်)တို့၏ စတုတ္ထသား၊ (ဒေါ်နန်းအွေ-ဦးစိုင်းနွဲ့ဟောင်)၊ (ဒေါ် နန်းဆိုင်အမ်း-ဦးစောစိန်)၊ (ဒေါ်နန်း ဆာရာ-ဦးခွန်းထောင်းယင်း)တို့၏ မောင်၊ ဒေါ်နန်းဆိုင်လှ-(ဦးဂျိုးဇက်)၊ (ဦးစိုင်းတစ် ဆမ်-ဒေါ်နန်းဆိုင်)တို့၏ အစ်ကိုသည် ၂-၅-၂၀၁၃ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၅-၂၀၁၃(စနေ နေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ် ရေဝေးဂိုဏ်း ပေါင်းစုံသုသာန် ဝတ်ပြုဆောင်တွင် ဈာပနအခမ်းအနားကျင်းပပြီးနောက် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
U Kam Dal (ခ)ကိုချင်း
အသက် (၅၈)နှစ်
(Gardener, Regina Hotel, တာချီလိတ်မြို့)

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဆွောင်းဒေါကျေးရွာနေ (Pu Tun Khua Hau-Pi Pau Za Cing)တို့၏ သားကြီး၊ Rev. Pum Lamh Thang (သင်းအုပ်- ဆွောင်းဒေါနှစ်ခြင်းအသင်းတော်)- Nu Kiim Khan Nuam, Pa Hau Pum Nang (အုပ်စုစာရေး၊ ဒေါလ်လွင်ကျေး ရွာအုပ်စု)- ဆရာမ Khai Lamh Cing (LHV), (Tg. Hau Cin Kaang) တို့၏ အစ်ကိုကြီး၊ (Nu Ngiak Khua Hau-Capt. Ngin Khua Mang, Rtd.),(Nu Ciin Khua Dim), Pa Lam Khua Pau-Nu Dim Thian Cing, (Nu Thian Khua Vung-Pa Kam Za Thang), (Pa Mang Khua Thawng)-Nu Ciang Lamh Cing တို့၏ တူ U Kam Dal (ခ)ကိုချင်း (Gardener, Regina Hotel, တာချီလိတ်မြို့)သည် ၂-၅-၂၀၁၃(ကြာသပတေးနေ့) ည ၉ နာရီတွင် တိုက်(၂၁)၊ အခန်း(၀၀၂)၊ မြမင်္ဂလာလမ်း၊ စစ်တောင်းရိပ်မွန်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံ(ဆိပ်ကမ်း) မြို့နယ်နေ Pu Lam Khua Pau-Nu Dim Thian Cing တို့၏ နေအိမ်၌ ခရစ် တော်တွင်အိပ်ပျော်သွားပါသဖြင့် ၄-၅- ၂၀၁၃(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြု ကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ [ကုန်သည်လမ်းရှိ Full Gospel Assembly ဘုရားကျောင်း၊ ဗိုလ် မြတ်ထွန်းလမ်းရှိ ရန်ကုန်စီးယင်းနှစ်ခြင်း ဘုရားကျောင်းနှင့်ယုဇနစစ်တောင်းရိပ်မွန် နေအိမ်များမှ ကားများ မွန်းလွဲ ၂ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်းဌေး (၅၁)နှစ်
(ဗဟန်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၈)ရပ်ကွက် အောင်ရတနာ (၁)လမ်း၊ အမှတ်(၅၁၅)နေ (ဦးညွှန့် လှိုင်)-ဒေါ်ခင်မေတို့၏သမီးကြီး၊ ဒေါ်မြ သန်း၏တူမ၊ ဦးမြင့်ဇော်၏ဇနီး၊ မောင် ပြည့်ဖြိုးကျော် (KMD Computer Centre, NE Dept;)၏မိခင်သည် ၂-၅- ၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇း၃၀ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၄-၅-၂၀၁၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(မြောက် ပိုင်း)မြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။] [ကွယ် လွန်သူအားရည်စူး၍ ၈-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ရက်လည် ဆွမ်းကျွေးတရားနာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမင်းမင်းသန့် အသက်(၄၀)
(ညောင်ပင်လေးဈေးပလာဇာ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန် ပိုင်(တောင်)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၃၆)၊ အပေါ်ထပ်နေ ဦးမောင်မောင်- ဒေါ်တင်တင်လှတို့၏ တတိယသား၊ (ဦးအောင်သန်)၊ (ဦးဝင်းမောင်သန့်)တို့၏ ညီ၊ ဒေါ်မင်းပပစိုး၏ ခင်ပွန်း၊ မသီရိ ထက်ဦး(အထက-၂၊ လသာ)၊ မောင်မင်း ပြည့်စုံအောင် (အထက-၁၊ ဒဂုံ)တို့၏ ဖခင် ဦးမင်းမင်းသန့်သည် ၃-၅-၂၀၁၃ (သောကြာနေ့) နံနက် ၁၁း၃၀ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိုးသန်းအောင် (၄၈)နှစ်
H.G.P, B.Sc (Phys)
(ရေစကြိုမြို့နယ်)
အထက်တန်းရှေ့နေ၊ စ. စ. စ(စုံစမ်းရေးမှူး-ငြိမ်း)

နေပြည်တော်နေ ဦးတင်မြင့်(အဖွဲ့ဝင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)- ဒေါ်သန်းနုတို့၏ သားကြီး၊ မုံရွာမြို့နေ ဒေါ်ချိုချိုလွင်(လ/ထ ကထိက၊ သင်္ချာဌာန၊ ကလေးတက္ကသိုလ်)၏ ခင်ပွန်း၊ မောင်သန့်ဇင်စိုး(တပ်မတော်ဆေးတက္ကသိုလ်၊ ပထမနှစ်)၊ မောင်အောင်ခန့်မင်းတို့၏ ဖခင်၊ တောင်ကြီးမြို့နယ် တွဲဖက်မြို့နယ် တရားသူကြီး ဒေါ်မိုးမိုးမြင့်-ဒုရဲအုပ်ကျော်ဦး၊ မန္တလေးမြို့နေ ဦးမျိုးမြတ် (ကျောက် ကုန်သည်)-ဒေါက်တာကြည်မာ(ကထိက၊ မန္တလေးတက္ကသိုလ်၊ IR ဌာန)၊ ရွှေဘို မြို့နေ ရဲအုပ်ရဲခေါင်(ခရိုင်ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်လှဲ့ဝါလင်း(ချစ်ခေါင်လင်းစတိုး)၊ မန္တလေးမြို့နေ ဦးရဲထွန်းနိုင် (မြန်မာသူရ ကျောက်မျက်ကုမ္ပဏီ)-ဒေါ်မေကြည်လွင် (ရွှေနန်းသဇင်ပိုးထည်)တို့၏အစ်ကို ဦးစိုးသန်းအောင်သည် ၃-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် မုံရွာမြို့သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးစိုးသန်းအောင်
အသက် (၄၈)နှစ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးတင်မြင့်၏သားကြီး ဦးစိုးသန်းအောင်သည် ၃-၅-၂၀၁၃(သောကြာနေ့) နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း) (၄၇)နှစ်
ခရိုင်အုပ်ချုပ်ရေးမှူး၊ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးရုံး

ဗိုလ်မှူးချုပ်အောင်ဆန်းဝင်းနှင့် ဗိုလ်ချုပ်အောင်ရဲဝင်းတို့၏ ညီ ဒုတိယ ဗိုလ်မှူးကြီးအောင်ခိုင်ဝင်း(ငြိမ်း)သည် ၃၀-၄-၂၀၁၃(အင်္ဂါနေ့)တွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရဲမင်း၊ နိုင်ငံတော်သမ္မတရုံး
ဦးခင်လတ်၊ နိုင်ငံတော်သမ္မတရုံး

---

(၁)လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
ဒေါ်သန်းသန်းဌေး (၄၇)နှစ်
B.Sc (Zool)
ကျောက်ကပ်အစားထိုးသူ(၁၉၉၇ ခုနှစ်)
ရန်ကုန်ဆေးရုံသစ်ကြီး

ညီမလေးရေ-
- မေကအရင်သွား
- ဖေကနောက်ကလိုက်
- အဒေါ်လည်းသွားနှင့်ပြီ
- ညီမလေးလဲအတူတူပဲ။

မကြီးလဲအချိန်အခါမရွေးနောင်အခါ လိုက်လာရမည်။

ပြုပြုခဲ့သမျှကောင်းမှုကုသိုလ်ကိုအားလုံးအတွက် ရည်စူး၍ အမျှ အမျှ အမျှ ပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။

မေ့မရ သတိရ၊ တသသဖြင့်

ကျန်ရစ်သူမမကြီး
ဒေါ်ခင်မကြီး
၁၃၁၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
ဦးသာဆင် (၈၂)နှစ်
(အမှတ်-၁၊အထပ်သားစက်ရုံ၊ ငြိမ်း)မြန်မာ့သစ်လုပ်ငန်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန် (၁)လမ်း၊ အမှတ်(၄၈/က)နေ (ဦးဘကြိုင်-ဒေါ် အေးရင်)တို့၏သား၊ ဒေါ်သန်းမြ၏ ခင်ပွန်း၊ (ဦးညွှန့်လှိုင်-ဒေါ်သန်းညွန့်)၊ ဦးဟန်စိန်-ဒေါ်စန်းတို့၏အစ်ကို၊ ဦးမြတ် ခိုင်ကျော်-ဒေါ်အမာစိန်၊ ဦးအေးထွန်း- ဒေါ်ကြည်ကြည်ဝင်းတို့၏ဖခင်၊ မြေး ငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုး ဦးသာဆင်သည် ၃-၅-၂၀၁၃ ရက် နံနက် ၁း၅၀နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၅-၅-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ (ကြာသပတေးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ယဉ်ကြည် (၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးလူစံ-ဒေါ်မြကျင်) တို့၏သမီး၊ [ဦးဘသောင်း-ဒေါ်စောခင် (ဆင်နှစ်ကောင်ဆေးပြင်းလိပ်)]တို့၏ သမီးချွေးမ၊ (ဦးသိန်းလွင်)၏ဇနီး၊ ဦးဇော် ဝင်း-ဒေါ်လွင်လွင်ဦး၊ ဒေါ်စုစုလွင်၊ ဦးလှ မွန်-ဒေါ်မာမာလွင်၊ ဦးကျော်သန့်စင်- ဒေါ်အိအိလွင်၊ ဦးလှိုင်မင်း-(ဒေါ်သီတာ လွင်)တို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွား ဒေါ်ယဉ်ကြည်သည် ၂-၅-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၃း၁၅နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၄-၅- ၂၀၁၃ (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် (၉၀)၊သူရလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြသန်း(ခ)ဒေါ်မြကလေး
(မော်ကျွန်း)
အသက်(၈၀)နှစ်

မော်လမြိုင်ကျွန်းမြို့၊ အမှတ် (၂၅)၊ အောင်ဆန်း (၈)လမ်းထိပ်နေ (ဦးမောင် တင်-ဒေါ်စောတင်)တို့၏ သမီးထွေး၊ (ဦးညိုချော) (ဒေါ်ညိုညို)တို့၏ ညီမ၊ ဦးစိုးအောင် (လက်ထောက်ဦးစီးမှူး၊ မြေစာရင်း-ငြိမ်း)၊ ဦးမျိုးနိုင်၊ ဒေါ်စန်းစန်း ဌေး (မြန်မာ့ဆက်သွယ်ရေးဖုန်း၊ မော် ကျွန်း)တို့၏ ချစ်လှစွာသောအဒေါ် ဒေါ်မြသန်း(ခ)ဒေါ်မြကလေးသည် ၂- ၅-၂၀၁၃(ကြာသပတေးနေ့) နံနက် ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၅- ၂၀၁၃ရက် နံနက် ၁၁နာရီတွင် မော်ကျွန်း ကျီးနှစ်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်တင့်(ပုသိမ်)
အသက်(၈၀)

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ သီတာ လမ်း၊ အမှတ်(၁၀)နေ (ဦးမောင်စွတ်- ဒေါ်ကျင်မြ)တို့၏သမီး၊ (ဦးဖိုးဆိုင်- ဒေါ်စိန်ယုံ)တို့၏သမီးချွေးမ၊ (ဦးတက်ဖြိုး) ၏ဇနီး၊ (ဒေါ်စန်းစန်းမြင့်)၊ ဦးအုန်း သန်း(ခ)အင်းယား-ဒေါ်ကျင်လှ၊ ဦးခင် ဇော်-(ဒေါ်ကြည်ကြည်မြ)၊ ဦးစိုးသန့်ဖြိုး၊ ဦးထွန်းသန့်ဖြိုး-ဒေါ်ချိုချိုပြုံး၊ ဦးအေး သန့်ဖြိုး-ဒေါ်စန်းစန်းဝင်း၊ ဦးစံနိုင်-ဒေါ် စန္ဒာဖြိုးတို့၏မိခင်၊ မမျိုးမျိုးအေး၊ မသန္တာ အေး၊ မောင်အောင်ကိုထက်၊ မောင် အောင်မျိုးဇော်၊ မောင်ရဲမျိုးဇော်၊ မအေး အေးဖြိုး၊ မဆုလှိုင်ဖြိုး၊ မအိမ့်သဲခိုင်ဖြိုး၊ မောင်သိန်းဇံတိုး၊ မအိမ့်ဖြိုးသက်၊ မောင် မြင့်မြတ်စံတို့၏ အဘွား၊ မြစ် လေး ယောက်တို့၏အဘွားသည် ၂-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၁း၁၀နာရီ တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၃(စနေနေ့) နံနက် ၁၁နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်ငြိမ်း(B.A,B.L) (၉၈)နှစ်
(ပုသိမ်-ကန်ကြီးဒေါင့်)
ညွှန်မှူး(စီမံ)ငြိမ်း၊ ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာန
(ပုသိမ်အသင်း သက်ကြီးအပူဇော်ခံ)

သန်လျင်မြို့၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ အမှတ် (၃၅)နေ (ဦးထွန်းဆိုင်-ဒေါ်သင်)တို့၏သား၊ (ဒေါ်မြရှိန်)၏ခင်ပွန်း၊ ဒေါက်တာ ဝင်းမြင့်စိန်-ဒေါ်ခင်သန်းအေး၊ ဦးလှဝင်း-ဒေါ်ခင်အေး(ပတထ-ငြိမ်း)တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ (ဦးချစ်မောင်)၊ (ဦးထင်ကျော်)တို့၏ညီ၊ (ဦးကျော်စိန်)၊ (ဒေါ်မြခင်)၊ ဒေါ်မြတင်၊ (ဦးကျော်မြင့်)၊ ဦးဝင်းမောင်(မင်းယုဝေ)တို့၏အစ်ကို၊ ကိုနေမျိုးဝင်း၊ ကိုအောင်ဖြိုးဝင်း-မသင်းသန္တာအိ၊ ကိုစိုးဝင်းမော်၊ မအေးအေးမော်တို့၏အဘိုးသည် ၃-၅-၂၀၁၃(သောကြာနေ့) နံနက် ၈း၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၃ (ကြာသ ပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ဖန်မွှေး (၉၆)နှစ်

မုဒုံမြို့၊ မြို့မ(၃)လမ်းမကြီးရပ်၊ မော်-သံလမ်း၊ အမှတ်(၁၄၄/ဘီ)နေ (ဦးပွန်းနား-ဒေါ်မြိုင်)တို့၏သမီးကြီး၊ (ဦးကင်ရှမ်း)၏ဇနီး၊ မေသက်ထား(ကုန်မာဆိုင်) မိသားစု၏မိခင်ကြီး၊ (ဦးဂွမ်ဆွန်း(ခ)ဦးမျိုးသူ)-ဒေါ်စန်းမြင့်၊ ဒေါ်စန်းကြည်၊ ဦးတင် အေး-ဒေါ်ထားထားယဉ်၊ ဦးအုန်းကျော်-ဒေါ်ခင်ဌေးဝင်း၊ (ဦးခင်မောင်သန်း)- ဒေါ်တင်တင်ဌေး၊ ဒေါ်မေစန်း(ခ)ဒေါ်တင်တင်မြင့်၊ ဦးအောင်သိန်းမြင့်-ဒေါ်သန်း သန်းနုတို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၂၂ယောက်တို့၏အဘွားသည် ၂-၅- ၂၀၁၃ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ မုဒုံကန်တော်ကြီးတရုတ်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး(တောင်ငူ)
ဒေါ်ခင်သိန်း(ခ)ဒေါ်ဝင်းမြင့် (၈၅)နှစ်

တောင်ငူမြို့၊ ငွေလှံရပ်နေ(ဦးရွှေတင်-ဒေါ်ဖုး)တို့၏သမီးထွေး၊ (သခင် ထွန်းဖေ-ဒေါ်မကြီး)၊ (ဦးသီ-ဒေါ်ကျင်ဆိုင်)၊ (ဗိုလ်မှူးကြီးခင်မောင်လေး-ဒေါ်ခင် မမ) (ဦးသိန်း-ဒေါ်မြသိန်း)တို့၏ ညီမငယ်၊ ဦးအေး-ဒေါ်ခင်စန်းလွင်(ပေါက်ပေါက်) တို့၏အဒေါ်၊ ဦးမြင့်သိန်းလွင်-ဒေါ်စုသက်ထွန်း (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၊ ဦးအေးမင်းထွန်း၊ (2nd Mate F.G) တို့၏အဘွားသည် ၂၈-၄-၂၀၁၃ (တနင်္ဂနွေနေ့) ည ၈း၁၅နာရီတွင် တောင်ငူမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၁၃ (အင်္ဂါ နေ့) မွန်းလွဲ ၂း၃၀နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်ညွှန့်(ပြင်ဦးလွင်) (၈၅)နှစ်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်(၅)၊ အမှတ်(၁)နေ (ဦးဘချစ်- ဒေါ်မြစိန်)တို့၏ သမီးကြီး၊ ဒေါ်တင်တင်ညွှန့်၊ [ဒေါ်သန်းသန်း(ခ)ပင်စီချစ်] (ဆရာမ- ငြိမ်း၊ အထက-၃၊ ၁)၊ ဦးဝင်းဖေ(ဦးစီးအရာရှိ-ငြိမ်း၊ ရ/သုံးမှန်းခြေငွေစာရင်းဝန်ကြီး များရုံး)၏ အစ်မကြီးသည် ၃-၅-၂၀၁၃(သောကြာနေ့) နံနက် ၈း၃၀ နာရီတွင် ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၃ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ရီရီမြင့် (၅၂)နှစ်
တောင်ကြီး

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် (၈၂၂) ပထမထပ်နေ (ဦးဘမောင်-ဒေါ်ခင်သန်း)တို့၏ သမီးကြီး၊ ဦးခင်မောင်မြင့်၊ ဒေါ်တင်တင်မြင့်တို့၏ညီမ၊ ဦးနေဝင်း-ဒေါ်စန်းစန်းမြင့်၊ ဦးဟန်ဝင်းအောင်-ဒေါ်စန္ဒာ မြင့်၊ ဦးအောင်ကျော်မြင့်-ဒေါ်နှင်းကြူခမ်းတို့၏အစ်မ၊ ကိုကျော်တင့်နိုင်-မနိုင်နိုင်မြင့် ထွန်း၊ ကိုနိုင်လင်းအောင်-မမေမို့မို့မောင်၊ မစံစံသန်းထွန်းတို့၏ မိခင်၊ မြေးနှစ်ယောက် တို့၏ အဘွားသည် ၃-၅-၂၀၁၃ရက် (သောကြာနေ့) ညနေ ၆း၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်ဆွေ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြဇင်(ခ)ဒူးရားမားမား (၇၈)နှစ်
(ကျိုက်ထော်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ (၁၅၀)လမ်း၊ အမှတ်(၁၁) နေ (ဦးထွန်းဟန်-ဒေါ်သင်းစိန်)တို့၏ သမီးကြီး၊ (ဦးဘသာ)၏ ဇနီး၊ ဦးချစ်သိန်း (ဆိပ်ကမ်းအာဏာပိုင်၊ ငြိမ်း)-(ဒေါ်တင်မြ)၊ ဦးချစ်ငြိမ်း(တပ်မတော်ရေ၊ ငြိမ်း)- ဒေါ်မြရီ၊ ဦးသောင်း(ရကရ၊ ငြိမ်း)- ဒေါ်လှမြိုင်၊ ဦးသန်းအေး(မြို့တော်စည်ပင်၊ ငြိမ်း)-ဒေါ်ခင်ဌေးတို့၏ အစ်မကြီး၊ ဦးကြီးရွှေ(တပ်မတော်ဆေး၊ ငြိမ်း)-ဒေါ်သန်း ဆင့်၊ [ဦးကျင်တုတ်(ခ)ဦးနေစိုး (ဖိုးတုတ် ဝပ်ရှော့)]-ဒေါ်စမ်းစမ်းအေး၊ ဦးတင့်ဝေ (BSN, SBMARINE)-ဒေါ်ထွေးထွေးသန်း၊ ဒေါ်မာလာခင်၊ ဦးမျိုးညွှန့်အောင် (WINNER Co., Ltd.)-ဒေါ်နီလာခင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးရှစ် ယောက်တို့၏အဘွား ဒေါ်မြဇင်(ခ)ဒူးရားမားမားသည် ၃-၅-၂၀၁၃(သောကြာနေ့) နံနက် ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးထွန်းထွန်းဝင်း(ခ)ထွန်းထွန်း (၄၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅)၊ အေးလမ်း၊ အလုံမြို့နယ်နေ (ဦးအုန်းဌေး-ဒေါ်စိန် ကြည်)တို့၏သားကြီး၊ ဦးခင်အောင်-ဒေါ်စန်းမြင့်တို့၏သားသမက်၊ ဒေါ်စုစု အောင်(ခ)နီတာ၏ချစ်လှစွာသောခင်ပွန်း၊ မခင်စုမြတ်၊ မောင်ဌေးပိုင်စိုးတို့၏ဖခင် သည် ၃-၅-၂၀၁၃ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါသည်။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံ သတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

မင်းဘူး၌ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး

နေပြည်တော် မေ ၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် ထိုင်းနိုင်ငံ Green Earth Power Co., Ltd.တို့ မကွေးတိုင်းဒေသကြီး မင်းဘူး၌ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးဖြစ်မြောက်နိုင်စွမ်းလေ့လာမှုလုပ်ငန်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မေ ၂ ရက် ညနေ ၆ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန၌ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်သော ဦးစိုးမောင်၊ ဦးလှထွန်း၊ ဦးသန်းဌေးနှင့် ဦးအေးမြင့်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ထိုင်းနိုင်ငံ Green Earth Power ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❐

ကလေး၊ ဆီဆိုင်၊ ကျောက်မဲတို့၌ မိုးသည်းထန်စွာရွာသွန်း၊ လေပြင်းတိုက်ခတ် လူနေအိမ်အဆောက်အအုံများပျက်စီး လူ ၁၁ ဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

နေပြည်တော် မေ ၃

ကလေးမြို့နယ် ရွှေမင်းဖုန်းအုပ်စု ရွှေတောဒေသ၌ မေ ၂ ရက် နံနက် ၁ နာရီခွဲတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် ရွှေမင်းဖုန်းဒေသ လုံခြုံရေးရဲကင်းအမိုးလွင့်ပါခဲ့ပြီး အနောက်တောင်ဘက် လျှိုအတွင်းရှိ အာရှကမ္ဘာမြေ စက်မှုနှင့်သတ္တုတူးဖော်ရေး ရွှေလုပ်ကွက်အနီးအလုပ်သမားများနေထိုင်သည့် အဆောက်အအုံပေါ်သို့ လုံးပတ်နှစ်ပေခန့်ရှိ အင်ပင်တစ်ပင်လဲကျခဲ့သဖြင့် အဆောက်အအုံအတွင်းမှ လူ ရှစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာများရရှိကာ မော်တော်ယာဉ်လေးစီးပျက်စီးဆုံးရှုံးခဲ့သည်။ အဆိုပါလေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းနေစဉ် အနက်ပေ ၂၀၀ ခန့်ရှိ ဂိုးစတားအင်းရွှေကျင်သည့်နေရာတွင်ရှိသည့် လူသုံးဦးသေဆုံးပြီး လေးဦးမှာ ပျောက်ဆုံးလျက်ရှိသဖြင့် စုစုပေါင်းသေဆုံးသူ ၁၁ ဦး ဒဏ်ရာရရှိသူ ခုနစ်ဦးနှင့် ပျောက်ဆုံးလျက်ရှိသူ လေးဦးရှိကြောင်း သိရသည်။

ထို့ပြင် ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု ဖြိုဟန်းခါးကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအတွင်းရှိ သွပ်မိုးနေအိမ် ကိုးလုံး၊ ခြောက်ခန်းတွဲ မြေစိုက်အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၆ သို့❖

မင်းလှမြို့နယ် ရေနံ့မကျေးရွာအုပ်စု၌ မီးလောင်မှုဖြစ်ပွား

မင်းလှ မေ ၃

သရက်ခရိုင် မင်းလှမြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ အနောက်တောင်ဘက် မိုင် ၃၀ ခန့်အကွာ ရေနံ့မကျေးရွာအုပ်စု သပြေမြောင်ရွာရှိ ဦးအောင်လွင်ဦး (၂၄)နှစ်၏ နေအိမ်အတွင်း မေ ၃ ရက် နံနက် ၄ နာရီ ၂၅ မိနစ်က အင်ဂျင်စက်ဖြင့် ရေနံခိုးခပ်ရာအင်ဂျင်မှ မီးပွားထွက်၍ အင်ဂျင်မီးလောင်ပြီး သုံးပင် လေးခန်း သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်သို့ ကူးစက်လောင်ကျွမ်းခဲ့သည်။ အဆိုပါမီးသည် သပြေမြောင်ရွာမှ ရေနံ့မတောင်ရွာသို့ မီးကူးစက်လောင်ကျွမ်းသဖြင့် ရေနံ့မရွာမှ အိမ်ခြေ ၃၅ လုံး၊သပြေမြောင်ရွာမှ အိမ်ခြေ ၇၄ လုံး စုစုပေါင်း ၁၀၉ လုံး မီးလောင်ဆုံးရှုံးပြီး ခန့်မှန်းဆုံးရှုံးမှု တန်ဖိုးငွေကျပ် ခုနစ်ဆယ့်ရှစ်သိန်းရှစ်သောင်းခန့်ဖြစ်ကြောင်း သိရသည်။ သပြေမြောင်ရွာမှ မီးဘေးဒုက္ခသည် ၂၅၅ ဦး၊

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✻

သရက်ခရိုင် မင်းလှမြို့နယ် ရေနံ့မကျေးရွာအုပ်စု သပြေမြောင်ရွာ၌ မီးလောင်ပျက်စီးမှုကို တွေ့ရစဉ်။

မုံရွာ၌ အနှစ် ၄၀ အတွင်း မကြုံဖူးသည့်လေပြင်းတိုက်ပြီး မိုးသည်းထန်စွာရွာသွန်း သစ်ပင်များလဲပြို၊ အဆောက်အအုံအချို့ပျက်စီး

မုံရွာ မေ ၃

မေ ၂ ရက် ညနေ ၃ နာရီခွဲခန့်က အနှစ် ၄၀ အတွင်း မကြုံဖူးသည့် လေပြင်း တိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှု ၁၅ မိနစ်ခန့် မုံရွာမြို့ဝန်းကျင်၌ ဖြစ်ပွားခဲ့သည်။ မေ ၂ ရက်တွင် မိုးနှင့်လေတိုက်ခတ်ရွာသွန်းခဲ့ခြင်းကြောင့် မုံရွာမြို့နေရာအနှံ့ရှိ သစ်ပင်ကြီးများပြိုလဲခြင်း၊ အိမ်ခေါင်မိုးများ အမိုးလန်ခြင်း၊ စလောင်းများ ရွှေ့ခြင်း၊ လမ်းဘေးထောင် ပိုစတာကြီးများလဲခြင်း၊ကွေးညွှတ်ခြင်းများ စသည်တို့ ရှိခဲ့ကြောင်း၊ မုံရွာမြို့၏ အဓိကလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းပေါ်တွင် ဇောတိကမုန့်ဆိုင်ထောင့်ရှိ သစ်ပင်လဲခြင်း၊ တမာတန်းလမ်းထောင့်အနီး လမ်းလုံးပြည့် သစ်ပင်ကြီးလဲခြင်း၊ မုံရွာပြည်သူ့အားကစားကွင်း အထူးပွဲကြည့်စင် အမိုးများ လန်ခြင်း၊ အဓိက လမ်းတစ်လမ်းဖြစ်သော ကျောက္ကာလမ်းတစ်လျှောက် တမာပင်၊ကုက္ကိုလ်ပင်ကြီးများ လဲခြင်း၊ ကျိုးပြတ်ကျခြင်းများရှိခဲ့သည့်အနက် အောင်ဆုထူးပိုင်ထီဆိုင်ရှေ့၌ ရပ်ထားသော ဂျစ်ကားပေါ်သို့ အပင်လဲကျပိခြင်း၊ ကွန်ကရစ်ဓာတ်တိုင် ထက်ပိုင်းကျိုးခြင်းများ ဖြစ်ပွားခဲ့ကြောင်း တွေ့ရသည်။

မိုးသည်းထန် လေတိုက်ခတ်ပြီးပြီးချင်း လမ်းသွားလမ်းလာများသွားလာမှု ချောမွေ့စေရန်အတွက် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် နေရာအသီးသီးရှိ ဒေသခံများ၊ သံဃာတော်များက ပိတ်ဆို့နေသည်များကို အမြန်ဆုံးရှင်းလင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

လျှပ်စစ်ကြိုးများ၊ တယ်လီဖုန်းကြိုးများ သစ်ပင်ပိ၍ဓာတ်တိုင်များ ပြိုလဲခြင်းရှိရာ ဆက်သွယ်ရေးဌာန၊ လျှပ်စစ်ဌာနတို့မှ တာဝန်ရှိသူများ လာရောက်ဆောင်ရွက်ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)